မယ်နိုင်

ချစ်သူ့ပေဖူးလွှာ

graphic designed by YuWa

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၂၉၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၈၀၃၀၉

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၉၊ မေလ။

ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)

အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖြန့်ဈေး - ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မယ်နိုင်

ချစ်သူပေဖူးလွှာ / မယ်နိုင်။ - ရန်ကုန်

ရွှေဥစာပေ၊ ၂၀၀၉။

၂၇၆ စာ၊ အလျား ၁၂.၃ စင်တီ၊ အနံ ၁၈ စင်တီ၊

(၁) ချစ်သူပေဖူးလွှာ

သစ်တောကြီးသာ
ကမ္ဘာတစ်ပိုဒ်ဆိုရင်
ငို့အချစ်က
သစ်ပင်။
ပင်လယ်ပြင်သာ
မေတ္တာဆိုရင်
ငို့အချစ်က
ရေစက်ရေပေါက်။
ကောင်းကင်ဟာ
ဘဝဆိုရင်
ငို့အချစ်က
တိမ်တိုက်။
သစ်ပင်ပဲဖြစ်စေ
ရေစက်ရေပေါက်ပဲဖြစ်စေ
တိမ်တိုက်ပဲဖြစ်စေ
အရင်းအမြစ်က ရင်ထဲကပါ။

မြူးကြွလှတဲ့တေးဂီတသံစုံတို့ဖြင့် ဝေစည်စည်ပွက်နေသော ရောင်စုံခန်းမကြီးထဲ သူတို့ငါးယောက် ဝင်လိုက်သည်နှင့် အလှပဂေး မဒီလေးများ၏ အာရုံတွေက သူတို့ငါးယောက်၏ ခြေလှမ်းစီးချက်များတွင်သာ။

ဇန်ဆိုသော မိုက်တိမိုက်ကန်းကောင်လေးက အခြားသော ကောင်လေး လေးယောက်ကို ဦးဆောင်လျက် ခန်းမကျယ်ထဲ ဝင်လာခြင်းဖြစ်သည်။

သူ၏လက်ဝဲဘက်မှာတော့ လူကျော်နှင့် ဇာနည်တို့က ကပ်ပါလာပြီး လက်ယာဘက်မှာတော့ လူငယ်နှင့် ဝဋ္ဌာတို့က ခြံရံလျက် သူကတော့ ကောရာဇ်တစ်ပါးနှယ် ဝံ့ဝံ့ကြွားကြွားနှင့်

ဦးဆောင်လျက် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိလှသော ခြေလှမ်းများနှင့် ကခုန်မြူးတူးနေကြသောလူများကို ဖြတ်ကျော်လာခဲ့သည်။

သာမန်အားဖြင့်တော့ မိုက်ကန်းကန်း ဂျစ်ကန်ကန်နှင့် ထိမထင်မျက်နှာပေးကို ပိုင်ဆိုင်ထားသော ဇန်ကို မဒီအချို့က အနည်းငယ်ရှိန်နေတတ်ကြပေမယ့် အင်မတန်ချောမောလှပတဲ့ ရောင်စုံမိန်းကလေးတစ်ယောက်ကတော့ ကြာမျက်ဝန်းများနှင့် လူလေးယောက်တို့ ခြံရံထားသော ဇန်နားသို့ ကလူ၏သို့ မြူ၏သို့ တိုးကပ်သွားကာ . . .

"ယူ နောက်ကျတယ်နော်။ တို့ ယူ့ကိုစောင့်နေတာ"

"ကိုယ် မင်းနဲ့တစ်ခါမှ မတွေ့ဖူးပါလား။ မင်းက လူသစ်ထင်တယ်"

"တို့ ယူ့ကိုသိတာ မဆန်းပါဘူး။ ယူက ပုံပြင်ထဲက မင်းသားလေးပဲ"

"မဆိုးပါဘူး။ မင်းအပြောက ကျလောက်ပါတယ်"

"တို့နဲ့တစ်ပွဲလောက် တွဲကမလား"

သူက နှုတ်ခမ်းလေး တွန့်ရုံပြုံးလိုက်ပြီး . . .

"အမှန်တော့ မင်း ကိုယ်နဲ့မိတ်ဆွေ လာမဖွဲ့သင့်ဘူး"

"ယူ့ခြေထောက်တွေဟာ ကခုန်လေ့မရှိတာကို တို့က သိပါတယ်။ တို့က ထူးခြားချင်လို့ပါ"

"မင်းက ဘာမို့လဲ"

"ဒါပေမယ့် ယူနဲ့တွဲဖူးချင်တယ်"

သူက ဂျစ်ကန်ကန်တစ်ချက်ပြုံးလိုက်ပြီး သူ့ရဲ့လက်ဝဲဘက်မှ လူကျော်နှင့် ဇာနည်ကိုကြည့်လိုက်သည်။

တစ်ဆက်တည်းမှာပဲ သူ့ကို ဖက်တွယ်ထားသော သူမရဲ့လက်ပျော့အိအိများကိုလည်း ကြမ်းတမ်းစွာ ဖယ်ချလိုက်သည်။

လူကျော်နဲ့ဇာနည်ကလည်း သူ့အကြည့်ကို သဘောပေါက်စွာ ဇန်ရဲ့ရှေ့မှာ ဝိတ်ရပ်ထားသော ထိုမဒီလေးကို နံရံနားသို့ အညင်သာဆုံးတွန်းလွှတ်လိုက်သည်။

ထိုအခါမှ ဇန်သွားရာလမ်းက ရှင်းသွားသဖြင့် အတွင်းတိမ်တဲ့ဂျင်းဘောင်းဘီအိတ်ကလေးကို နှိုက်ကာ ပုံစံအမျိုးမျိုးနှင့် ရှိနေကြသော လူအုပ်ကြီးကို ဖြတ်ကျော်လာသည်။ Reception မှာ အသင့်ချထားသော ရှန်ပိန်တစ်ခွက်ကို ယူကာ ချောင်ကျကျ ခုံတန်းပေါ် ကိုယ်တစ်ဖက်စောင်းကာ ထိုင်လိုက်သည်။

စကာအကြားမှာ သွန်းနားသို့ လှကျော်၊ ဇာနည်၊ ဝဠာနှင့် လှငယ်တို့ အရက်ခွက်များကို ကိုယ်စီကိုင်ကာ ရောက်လာကြသည်။ ဝဠာက . . .

"မင်းနားကို မဒီတွေ သိပ်ကပ်ချင်နေပြီ။ မင်း ဘယ်လို ရှင်းမလဲ ဇန်"

"ဒီနေ့ ငါ့ဇက်တွေ သိပ်လေးနေတယ်။ စိတ်မရှင်ဘူး။ လက်ရည်စမ်းပွဲမဟုတ်ရင် နူးညံ့တဲ့လက်ကလေးနဲ့ ပြုစုခံမှ ဖြစ်မယ်"

ဇန်ရဲ့ညစ်ကျယ်ကျယ်အပြောကြောင့် သူတို့လေးယောက် ပြုံးမိလိုက်ကြသည်။

"ဒီနေ့ ကလပ်ထဲမှာ အသစ်တွေသိပ်များနေပါလား"

လှငယ်ရဲ့အပြောကြောင့် ဝဠာ၊ လှကျော်နှင့် ဇာနည်တို့ ကပွဲထဲကို အာရုံရောက်သွားကြသည်။

ဇန်ကတော့ ထုံးစံအတိုင်း ဘာကိုမှစိတ်မဝင်စားပုံမျိုး နှင့် ရှန်ပိန်ခွက်ကိုသာ ဇိမ်ခံကာ မော့နေသည်။

"အင်း . . . မဆိုးဘူးကွ"

"မဆိုးတာ မဟုတ်ဘူး။ ကောင်းကိုကောင်းတာ။ တကယ့်

အလန်းစားလေးတွေပဲ"

"ရုပ်ကလေးတွေက မထင်ရဘူးနော်။ လိုင်းနဲ့ မတူဘူး။ လန်းထွက်နေတာပဲ"

သူတို့လေးယောက် အမျိုးမျိုးဝေဖန်နေကြသည်။

"ဇန် . . . မင်းကတော့ ထုံးစံအတိုင်းပဲလား။ ငါတို့က တော့ အချိန်မနေးရအောင် ပွဲဝင်လိုက်ဦးမယ်"

ဟု ဝဠာရဲ့အပြောကို သူလက်ကာပြပြီး တုန့်ပြန်လိုက် သည်။ သူ့အဖြေကို သူတို့လေးယောက် သဘောပေါက်သွားကာ ပြုံးလိုက်ကြသည်။

မှန်သည်။ ဇန်ဆိုသော သူဟာ ကြိုက်သလောက်မိုက် မည်။ ရှုးပေါပေါတော့ သူမနေပါ။ ကတယ်ဆိုသော အရှုး တစ်ယောက်လို ပုံစံမျိုး သူမပြုမူပါ။ အရှုး၊ အပေါဆန်တယ်ဟု သူ ယူဆထားမိလို့ပါ။ ဇန်နဲ့ ကလပ်ဟာ လင်မယားတစ်ပိုင်းရယ် ပါလေ။ သို့သော် ကလပ်ထဲမှာ ဇန့်ရဲ့ခြေထောက်တွေကိုလည်း မလှုပ်ရှခဲ့ဖူးသလို လက်တွေကိုလည်း မဝှေ့ယမ်းခဲ့ဖူး။ ဒါကြောင့် သူဟာ အထူးတည်ငြိမ်လှတဲ့ လူဆိုး၊ လူမိုက်တစ်ယောက် အဖြစ် နာမည်ကြီးပါသည်။

ဘာကြောင့် လှမိုက်ဟု ပြောရသလဲဆိုတော့ လှရိုက်သောနေရာမှာ သိပ်သွက်သော ဖန်ရဲ့ လက်တွေက ရိုက်ပြီး ပြေးသောနေရာမှာလည်း ဖန်ရဲ့ ခြေထောက်တွေက သိပ်လျှင်လှပါသည်။ ဒါကြောင့် ရန်ပွဲတိုင်းမှာ ဖန်က ချန်ပီယံဘွဲ့ကို အပိုင်သိမ်းထားခဲ့သည်။

ဖန်နဲ့သာ တကယ်တွေ့ရမည်ဆိုလျှင် ဇရက်တော်တော်များများက အတတ်နိုင်ဆုံး ရှောင်ရှားတတ်လာကြသည်ထိပင် ဖန်က နာမည်ကြီးတတ်ပါသေးသည်။

ရန်ပွဲတိုင်း ရှုံးပွဲမရှိခဲ့သောဖန်ကို ထိုသို့ရှောင်ရှားတတ်လာကြတာတော့ အဆန်းကြီး မဟုတ်ပါ။

ဖန်က ရေလျှံသော သူဌေးသားတစ်ယောက်ဖြစ်သလို အတိုက်အခိုက် ကျွမ်းကျင်သော ဖန်ရဲ့လက်တွေ၊ ခြေထောက်တွေကိုလည်း ဖြုတတ်ကြပြန်ပါသေးသည်။ ဖန်ကို အများဆုံး တွေ့နိုင်သောနေရာမှာ ကျူရှင်တွေမှာပဲဖြစ်ပြီး ဒုတိယအများဆုံး တွေ့နိုင်သော နေရာကတော့ ကလပ်တွေမှာပဲဖြစ်သည်။

သို့သော် ဖန်က ကိုယ့်ကိုယ်ကိုတော့ တန်ဖိုးထားလှသည်။

ဘယ်မိန်းကလေးနဲ့မှ လွန်လွန်ကျူးကျူး မနေပါ။ သူစိတ်မကြည်လင်ရင် အညောင်းပြေ အညာပြေ လက်နုနုလေးတွေနှင့် ဇိမ်ယူမည်။ အပမ်းဖြေမည်၊ ဒီလောက်ပါပဲ။

ဒီနေ့လည်း သူစိတ်မကြည်မလင်ဖြစ်ရ၍ ရန်ပွဲမဟုတ်ရင် လက်နုနုလေးနဲ့မှ အဆင်ပြေပေတော့မည်၊ ကောအကြာမှာ လှငယ်က မဒီအလန်းစားလေးကို သူ့ရှေ့သို့ ခေါ်လာကာ . . .

"ဖန် . . . မင်းသူ့ကို သဘောတွေ့လား"

လှငယ်ရဲ့အပြောကြောင့် သူ နှုတ်ခမ်းလှုပ်ရုံသာ ပြုံးလိုက်ပြီး ထိုမိန်းကလေးကို အေးစက်စက် ကြည့်လိုက်သည်။ ထိုစဉ် လှငယ်ရဲ့ အကျီကုပ်စကို နောက်မှလူတစ်ယောက်က ဆွဲရုလိုက်သည်။ ဒါကိုမြင်တော့ စိတ်မကြည်လင်နေသည့် ဖန်က ဒေါသထွက်သွားကာ သောက်လက်စခွက်ကို ဖျစ်ညှစ်ကိုင်ထားလိုက်သည်။

"ဟိတ်ကောင် . . . သူ့ကို ငါ ဒီနေ့ငှားပြီးသား"

ဟု ဆိုလာသည်။ အဲ့ဒီမှာ ကောင်မလေးက . . .

"တို့ သူတို့နဲ့ လက်ခံလိုက်ပြီ"

"ရမလားကွ"

ထိုလူက ဒေါ်နဲ့မောနဲ့ ပြောလာ၍ ဂွတ်ဆတ်ဆတ်ပုံနှင့် လူငယ်ကလည်း . . .

"မရတော့ မင်း ဘာလုပ်ချင်လဲ"

"ဒါလုပ်ချင်တယ်ကွာ"

ဟု ဆိုကာ လက်သီးစာကျွေးမယ်ကြံတော့ ထိုလူရဲ့ ရွယ်နေသော လက်သီးကို ဖန်ခွက်ထိမှန်ကျကွဲသံ . . .

"ခွမ်း"

ခနဲ ထွက်ပေါ်လာသည်။

ရုတ်တရက်ဗို့ အခန်းလေးမှာ ငြိမ်သက်သွားသည်။ ဖန်ခွက်ကလည်း ကျကွဲသွားသလို ထိုလူရဲ့လက်လည်း သွေးစ သွေးနတို့နှင့် ပေကျံကုန်သည်။

ထိုအခါ ထိုလူက ဖန်ခွက်လာရာဘက်သို့ တည့်တည့် ကြည့်လိုက်ရာ ဖန့်ကို တွေ့သွားသည်။

"ဘယ်သူလဲ မှတ်တယ်"

ဟု ဆိုကာ ထိမထင် ပြုံးလိုက်သည်။

ထိုအချိန်မှာပဲ ဖန်နားသို့ ဝဏ္ဏ၊ ဇာနည်နှင့် လူကျော်တို့ ရောက်လာကြသည်။

သူတို့ကလည်း ငါးယောက်ဖြစ်သလို တစ်ဖက်လူ ဘက်ကလည်း မခေပါ။ ငါးယောက်ထက်မနည်းကြောင်း အင်အားပြလာသည်။

တစ်ဖက်နှင့် တစ်ဖက် တင်းမာစွာ စိုက်ကြည့်နေကြသည်။ မိန်းကလေးက အလိုက်ကန်းဆိုး နားမလည်နိုင်စွာ မတွဲဖူး တွဲလိုက်ရသော ဖန်နား ပြေးကပ်လာသည်။ ဖန်က တွယ် ကပ်လာသော မိန်းကလေးကို တွန်းဖယ်လိုက်ကာ . . .

"ငါက ဒီလိုအစာတွေ မစားဘူး။ ခွေးစာတွေ"

ဖန်ရဲ့ ရန်စကားကြောင့် တစ်ဖက်လူမှာ ငယ်ထိပ် မြွေပေါက်သလို ခံပြင်းသွားကာ အကျီပွပွကြီးထဲမှ ဘယ်အချိန် ကတည်းက ထည့်လာမှန်းမသိတဲ့ လူရိုက်တုတ်တွေကို ကိုယ်စီ ထုတ်လိုက်ကြသည်။

ဒါကို ဖန်တို့ကလည်း မဖြုံပါ။

ကိုယ့်ပေါ် ပြုကျလာသော ရိုက်ချက်တွေကို ဟန်ချက် ကျကျ ရှောင်တိမ်းပြီး တစ်ပတ်လှည့်ကာ နောက်ပေါက် ကန် လိုက်တော့ လူတစ်ယောက်က ခွေခနဲ လဲကျသွားသည်။ လဲကျ သွားသော ထိုလူဆီမှ တုတ်ကို လျင်မြန်စွာ ကောက်လိုက်ပြီး

သတိရှိရှိဖြင့် တုတ်ကို ဝှေ့ယမ်းလိုက်သည်။

သူတို့နားမှာ အခြားသူတွေ ရှဲသွားကြသည်။ အနောက်ဘက်ဆီမှ လူက သူ့ခေါင်းတည့်တည့် အလစ်မှာ ရိုက်ထည့်မယ်ကြံပြန်တော့ သူက လေအဟုန်ရိုက်ခတ်မှုကြောင့် လုပစ္စာ ရှောင်တိမ်းလိုက်ပြီး အားလွန်၍ ဟပ်ထိုးလဲကျလာသော ထိုလူရဲ့ နဖူးတည့်တည့်ကို တုတ်စာကျွေးလိုက်သည်။ ထိုလူမှာ အံ့ဩချိန်ပင်မရလိုက်ဘဲ ခွေခနဲ လဲကျသွားပြန်သည်။

"ဟိတ်ကောင်တွေ . . . လစ်"

ဟု အော်ကာ လူငယ်နှင့် နှစ်ယောက် ဖိုက်နေသောလူကို နောက်ဆုံးလက်သီး ခပ်ပြင်းပြင်းကျွေးပြီး အခန်းပြင်ဘက်သို့ ပြေးထွက်ခဲ့တော့သည်။ ခန်းမအပြင်ဘက်ရောက်တော့ သူတို့ငါးယောက်က ဘာမှမဖြစ်ခဲ့ကြသည့်အလား သက်တောင့်သက်သာပင် ကားမောင်း၍ ထွက်ခဲ့လေပြီ။

ဇန်မှာမူ ထိမထင်ပုံနှင့် လေပင်ချွန်လိုက်ပါသေးသည်။ ဒါကတော့ ဇန်ဆိုတဲ့ ဂျစ်ကန်ကန် ကောင်လေးရဲ့ စရိုက်ပါပဲ။

× × ×

မန္တလေးမြို့၏ ထုံးတမ်းစဉ်လာနဲ့ ပူပြင်းလှတဲ့နေအရှိန်ကို အံတု၍ မောင်းနှင်လာသော ဆိုင်ကယ်အကြီးစားတစ်စီးသည် 78 (ဆယ်ဗယ်တီအိပ်ရ်)စင်တာကြီး၏ ရှေ့တွင် ထိုးရပ်လိုက်သည်။

ဆိုင်ကယ်ပေါ်မှ လူရွယ်တစ်ယောက်သည် မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်စွာ ဆိုင်ကယ်ပေါ်မှ လွှားခနဲ ဆင်းချလိုက်သည်။

ဆိုင်ကယ်ဦးထုပ်ကိုချွတ်ကာ လက်ကိုင်တွင် ချိတ်လိုက်သည်။

ပြောင်ရှင်းဖြူနုနေသော မျက်နှာနုနုပေါ်မှာ ထင်းခနဲ ပေါ်လွင်နေသော နေကာမျက်မှန်အနက်က နေရောင်ကြောင့် ပြောင်လက်နေသည်။ ဆံပင်တိုကပ်ကပ်ကို အနည်းငယ် သပ် တင်လိုက်ပြီး အပေါ်ဝတ်သားရေဂျာကင်ကို အနည်းငယ် ဆွဲဆန့် ပြင်ဆင်လိုက်သည်။

Lap Top ကို အနည်းငယ်ပြန်၍ ပြင်ဆင်လွယ်လိုက်ပြီး ကိုယ်ခန္ဓာအချိုးကျသွားပြီဆိုမှ ဆိုင်ကယ်သော့ကို နှုတ်ကာ ခြောက်ခွေ့ခွေ့နေသော နီဖျော့ဖျော့ နှုတ်ခမ်းတစ်လွှာကို လျှာဖျား လေးနှင့် သပ်တင်လိုက်သည်။ ဒီတော့မှ နှုတ်ခမ်းလေးဟာ နီရဲ နီရဲလာရသည်။ ခြေလှမ်းကျဲကြီးများနှင့် အဆောက်အဦးထဲ ဝင်သွားတော့ ခါးတွင် ချိတ်ထားသော ဟမ်းဖုန်းလေးက သံစုံမြည် လာ၍ ဖုန်းကို ခါးမှဖြုတ်လိုက်ပြီး စက်ဖွင့်ကာ စကားပြောရင်း ဓာတ်လှေကား ခေါ်လိုက်သည်။ သူ ကြာကြာ မစောင့်လိုက်ရပါ။ တံခါးပွင့်လာ၍ နေရာယူလိုက်သည်။ ဒုတိယထပ်ရောက်တော့ တံခါးမှာ အလိုလိုပွင့်သွား၍ ဖုန်းပြောရင်းပင် လျှောက်လာခဲ့ပြန် သည်။ မြင့်မားသော အရပ်အမောင်းကို ပိုင်ဆိုင်ထားထဲ့ သူက လူအများကြားမှာ ထူးခြားစွာ ပေါ်လွင်နေပါသည်။

အချို့ဝိန်းကလေးများကဆို သူ့ကို မသိမသာနှင့် တစ် မျိုး သိသိသာသာနှင့်တစ်ဖုံ ငေးကြည့်နေကြပါသည်။

သူက မှန်အကြည်များနှင့် သန့်ရှင်းလှပစွာ ပြင်ဆင် ထားတဲ့ "စင်ပလီ" ဆိုသော ကော်ဖီဆိုင်လေးရှေ့မှာ ရပ်လိုက်ပြီး မှန်တံခါးလက်ကိုင်ကို သာသာကိုင်ကာ တွန်းလိုက်သည်။ ဒီတော့မှ တံခါးပွင့်သွားရသည်။

သူ ဆိုင်ထဲ ဝင်လိုက်သည်နှင့် အကျီအဖြူ ဘောင်းဘီ အနက်ကို ဝတ်ဆင်ထားကြသော ဝန်ထမ်းများက သူ့ကို ဦးညွှတ် ကာ ကြိုဆိုသမှုပြုကြသည်။

သူကတော့ ဒါတွေကို ဂရုမပြုဘဲ စားသောက်နေကြ သော customer များကိုသာ တစ်ချက်မျှ အကဲခတ်ပြီး ဖုန်းစက် ပိတ်ကာ မှန်အနက်များဖြင့် ကာရံထားသော သီးသန့်ခန်းထဲ ရောက်တော့မှ လွယ်ထားသော လက်ဆွဲကွန်ပျူတာကို ချလိုက် ပြီး အပေါ်ဝတ်သားရေဂျာကင်ကို ချွတ်ကာ အသင့်ရှိနှင့်ပြီးသော ချိတ်ပေါ် စနစ်တကျ ချိတ်ထင်လိုက်သည်။ သားရေဂျာကင်ကို ဖယ်လိုက်တော့မှ ကျန်းမာကြံ့ခိုင်ပြီး တောင့်ဖြောင့် စမတ်ကျ သော ခန္ဓာခပ်သန့်သန့်က ပေါ်လွင်လာသည်။

နေကာမျက်မှန်အနက်ကို ချွတ်ကာ စားပွဲပေါ်တင်လိုက်သည်။ နေပူထဲမှ လာခဲ့ရ၍ စပ်ဖျင်းဖျင်း ဖြစ်နေသော မျက်နှာကို ဘေစင်နားသွားကာ ရေနှင့် ထိတွေ့ပေးလိုက်ပြန်သည်။ ထိုအခါမှ သက်တောင့်သက်သာရှိသွားကာ ဘေးနား အသင့်ရှိနေသော မျက်နှာသုတ်ပုဝါဖြူဆွတ်ဆွတ်နှင့် ရေစက်လေးများကို စင်ကြယ်အောင် သုတ်လိုက်သည်။

ထိုအခါမှ မျက်နှာက ကြည်လင်လတ်ဆတ်လာကာ မျက်ဝန်းများက စူးရှ ရှန်းစိုလာရသည်။

သူ အလုပ်စားပွဲမှာ ထိုင်လိုက်သည်နှင့် စင်ပလီ အမှတ် (၃)ရဲ့ မန်နေဂျာ စိုးအိက ကော်ဖီဝန်းကိုင်ကာ ဝင်လာခဲ့သည်။ ကော်ဖီခွက်ကို သူ့ရှေ့နားသို့ ထိုးပေးရင်း . . .

"နောက် (၁၅)မိနစ်ဆိုရင် ပန်းချီဆရာ အောင်ကောင်းလှ ရောက်လာပါလိမ့်မယ်"

"ရောက်လာရင် ကိုယ့်ဆီပဲ ဖိတ်လိုက်ပါ"

"ဟုတ်ကဲ့"

မန်နေဂျာ စိုးအိ ထွက်သွားသည်နှင့် သူ အလုပ် စရှုပ်ပါတော့သည်။

ကွန်ပျူတာတစ်လုံး၊ ဘောပင်တစ်ချောင်း၊ စာရွက်တစ်ရွက်နှင့် ဖြစ်တည်နေကျအတိုင်း အလုပ်ထဲသို့ အာရုံရောက်သွားတော့သည်။

သိပ်မကြာလိုက်ပါ။ တံခါးခေါက်သံကြောင့် သူ ခေါင်းမတ်လာပြန်ပြီး အခန်းပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

သူ့ရဲ့ သီးသန့်ခန်းလေးမှာ မှန်အနက် အထူစားများနှင့် စီမံထားသည်ဖြစ်ရာ အပြင်ဘက်ကကြည့်လျှင်တော့ အခန်းငယ်တစ်ခုဟု သတ်မှတ်ရ ခက်ခဲလှသည်။ အတွင်းထဲမှာနေသည့် သူကတော့ အပြင်ဘက်ကို ပြတ်သား ထင်ရှားစွာ တွေ့မြင်ရပါသည်။

မန်နေဂျာ စိုးအိနှင့်အတူ သူနှင့် မတိမ်းမယိမ်းအရွယ်မှု လူတစ်ဦးကို မြင်ရ၍ သူ လုပ်လက်စ အလုပ်များကို လက်စသတ်ရင်း . . .

"ဝင်ခဲ့ပါ"

သူ့ရဲ့ တုံ့ပြန်သံကြားရမှ စိုးအိနှင့် ထိုပုဂ္ဂိုလ်က အတွင်းခန်းထဲ ဝင်လာခဲ့သည်။

"ပန်းချီဆရာ အောင်ကောင်းလှပါ"

စိုးအိက တိုတိုပြတ်ပြတ်မိတ်ဆက်ပေး၍ သူက လေးစားသမှုနှင့် မတ်တတ်ထရပ်ကာ . . .

"တွေ့ရတာ ဝမ်းသာပါတယ်၊ ခန့်မင်းထယ်ပါ"

"ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်"

ဟု အချင်းချင်း အပြန်အလှန် နှုတ်ဆက်လိုက်ကြသည်။

ခန့်မင်းထယ်က အလုပ်စားပွဲရှေ့တွင် ရှိနေသော ဆက်တီဝိုင်း အငယ်စားလေးကို မေးဆတ်ပြကာ . . .

"ထိုင်ပါဦး၊ အေးဆေးပေါ့"

ဟု ပြောလည်းပြောကာ စားပွဲပေါ်မှ စာရွက်အချို့ကို ယူပြီး သူကိုယ်တိုင်ဦးဆောင်၍ ဆက်တီဝိုင်းမှာ ထိုင်လိုက်သည်။ သူတို့ထိုင်လိုက်သည်နှင့် စိုးအိက ကော်ဖီဗန်းကိုင်ကာ သူတို့ရှိရာသို့ လာနေခဲ့ပြန်ပါသည်။

"သုံးဆောင်ပါရှင်"

အောင်ကောင်းလှ ရှေ့မှာ ကော်ဖီခွက်ကို ချပေးပြီး ‌ ‌ဉ်ကျေးပျူငှာစွာပြောပြီး ဦးညွှတ် နှုတ်ဆက်ကာ အခန်းအပြင်သို့ ထွက်သွားပြန်သည်။

ဒီတော့မှ သူတို့နှစ်ယောက်က အေးအေးလူလူ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

"အောင်ကောင်းလှဆိုတဲ့ ပုဂ္ဂိုလ်ကို အသက်ကြီးကြီးဖြစ်လိမ့်မယ်လို့ ထင်ထားခဲ့တာ၊ လူငယ်တစ်ယောက်ဖြစ်နေတော့ ဆွေးနွေးရတဲ့ အပိုင်းမှာ ပိုအဆင်ပြေတာပေါ့"

"ခင်ဗျားရဲ့ စင်ပလိက ကော်ဖီအရသာကို ကျွန်တော် အရမ်းကြိုက်ပါတယ်၊ အရသာထက် ဆိုင်ရဲ့အပြင်အဆင်ကို ပိုသဘောကျတာနော်"

"ကျေးဇူးတင်ပါတယ်"

"ခင်ဗျားမှာ စိတ်ကူးကောင်းလေးတွေ ရှိနေတယ်ကိုခန့်မင်းထယ်၊ ကျွန်တော်တို့လို အနုပညာသမားတွေတောင် မစဉ်းစားမိတဲ့ ဉာဏ်မျိုးလေ၊ (၇၃)လမ်းပေါ်က စင်ပလိဆိုင်ရော၊ (၈၄)လမ်းပေါ်က စင်ပလိရော ခင်ဗျားဖွင့်ထားတာလို့ သိရတယ်၊ (၇၃)လမ်းပေါ်က စင်ပလိကတော့ ငှက်ကမ္ဘာထဲ ဝင်သွားရသလို ခင်ဗျား ဖန်တီးနိုင်တယ်၊ သီချင်းသံ အေးငြိမ့်ငြိမ့်နေရာမှာ ကျေးငှက်သံစုံတွေ နေရာယူထားတာကို ကျွန်တော် သိပ်ကြိုက်တာ၊ (၈၄) လမ်းပေါ်ကကျတော့ တောအုပ်တစ်ခုထဲ ရောက်နေသလို

ဖန်တီးထားပြန်ရော။ ကျွန်တော် ခင်ဗျားစိတ်ကူးတွေကို သိပ်ကြိုက်တယ်ဗျာ။ ဒါကြောင့် ခင်ဗျားရဲ့ကမ်းလှမ်းချက်ကို ဘာမှ ထပ်မမေးတော့ဘဲ လက်ခံလိုက်တာ"

"အခု ဒီဇင်ပလီ အမှတ်(၃)အတွက် ကျွန်တော့်စိတ်ကူးကို ခင်ဗျားနဲ့ နည်းနည်းညှိနှိုင်းချင်တယ်"

"ကျွန်တော့်လို ပန်းချီဆရာတစ်ယောက်ဆီမှာ အလုပ်အပ်မယ့် ခင်ဗျားရဲ့စိတ်ကူးကို ကျွန်တော် သိချင်ပါတယ်"

"ဒီလိုဗျ . . . ကျွန်တော်က ဒီကော်ဖီဆိုင်ကို အနောက်တိုင်းဆန်ဆန် လုပ်ထားတာ။ ဒါပေမယ့် ကျွန်တော် ဒီအဆင်အပြင်တွေကို မနှစ်သက်မိပြန်ဘူး။ ကော်ဖီကြိုက်သူတွေဟာ အနုပညာဆန်တတ်ကြတယ်။ ကော်ဖီရဲ့အရသာကို တစ်ငုံချင်း ခံစားပြီးသောက်လေ့ ရှိကြတယ်။ ဒီတော့ မှန်အကြည်တွေနဲ့ပဲ ရိုးရိုးရှင်းရှင်း ဖွဲ့စည်းထားတဲ့ ဆိုင်အနေအထားက ပြဿနာတက်လာတယ်။ ကျွန်တော်က စီးပွားရေးသမားဖြစ်တဲ့အတွက် အနုပညာအကြောင်း သိပ်နားမလည်ပါဘူး။ ကျွန်တော်ဖြစ်ချင်တာကိုပဲ ဦးတည်ပြီး တည့်တည့်ပြောမယ်။ အဆင်မပြေတာရှိလျှင်း ပွင့်ပွင့်လင်းလင်း ပြောတာပါ။ ကျွန်တော် ဆန်းစစ်ကြည့်

တော့ ဆိုင်ရဲ့အပြင်အဆင်က လူတွေစိတ်ဝင်စားမှုနည်းနေတယ်ဆိုတာ သိပ်သိသာနေတယ်။ ဒါကြောင့် ဆွဲဆောင်မှုအရှိဆုံး ဖြစ်အောင် ပြင်ဆင်ချင်ပါတယ်"

သူ ခြေဟန်လက်ဟန်တို့နှင့် အာရုံစူးစိုက်စွာ တစ်လုံးချင်း ပြောလိုက်သည်။ သူ့ရဲ့ပြောဟန်ဆိုဟန်နှင့် စကားလုံးများကို ပန်းချီဆရာ အောင်ကောင်းလူက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလေရဲ့။

သူက စာရွက်ရှည်ကြီးတစ်ရွက်ကို အောင်ကောင်းလူထံ လှမ်းပေးလိုက်သည်။

"ဒါ . . . ဆိုင်ဖွဲ့စည်းပုံ မူကြမ်းပါ။ ကော်ဖီခြံတွေရှိရာ ရှမ်းပြည် ကုန်းမြင့်ပိုင်းကို ခင်ဗျား ရောက်ဖူးလိမ့်မယ်လို့ ကျွန်တော် တွက်ဆထားပါတယ်"

"ခင်ဗျား ဉာဏ်ကောင်းပါတယ်။ ကျွန်တော့် ပန်းချီကားတွေက ရှမ်းပြည်ဘက်မှာ ဖန်တီးတာများပါတယ်"

"အိုကေ . . . သိပ်အဆင်ပြေသွားတာပေါ့"

"ဘာများ ပတ်သတ်မှု ရှိနေလို့လဲ"

"ကော်ဖီက အေးတဲ့ရာသီဥတုနဲ့ ပိုလိုက်ဖက်ပါတယ်။

တောင်ကုန်း မြက်ခင်းလွင်ပြင်ကြီးမှာ နေက မဝီဝိုးတဝါး ထွက်လာတဲ့ ပန်းချီကားမျိုးကို ဆွဲပေးနိုင်မလား"

"အိုကေ . . . ခင်ဗျားစိတ်ကူးကို လုံးဝ သဘောပေါက်သွားပြီ။ ခင်ဗျား သိပ်ဉာဏ်ကောင်းတယ်ဆိုတာ ကျွန်တော် ဒုတိယအကြိမ် ထပ်ပြောချင်ပါတယ်"

"ဒါဆို အလုပ်ဖြစ်သွားပြီလို့ပဲ သတ်မှတ်လိုက်တော့မယ်"

"လက်ခံပါတယ်"

"ဒါပေမယ့် ကျွန်တော်က အချိန်ဆင်းရဲတယ်ဗျ"

"အနုပညာအလုပ်ဆိုတော့ အချိန်ကို သတ်မှတ်ဖို့ ခက်ပါတယ်။ ဒါပေမယ့် အတတ်နိုင်ဆုံးတော့ ဖန်တီးကြည့်တာပေါ့"

"ကျေးဇူးတင်ပါတယ်။ ခင်ဗျားရဲ့ လက်ရာကို ကျွန်တော် ကောင်းကောင်းသိတယ်။ အနုပညာသမားတွေနဲ့က စကားပြောရ အတော်ခက်တာ။ ခင်ဗျားနဲ့တော့ လွယ်လွယ်ကူကူ အဆင်ပြေသွားတဲ့အတွက် ခင်ဗျားကို ထပ်ပြီး ကျေးဇူးတင်ပါတယ်"

"ပန်းချီကားကြီးကြီးကို ဖန်တီးချင်တဲ့ ကျွန်တော့်ရဲ့ ဆန္ဒလည်း ပြည့်သွားတာပေါ့"

သူတို့ အပြန်အလှန်ပြောဆိုကြပြီး ပန်းချီဆရာက နှုတ်ဆက်ကာ ပြန်သွားသည်။

ပန်းချီဆရာ ပြန်သွားတော့ သူ့မှာ အလုပ်တွေ တစ်ပုံတပင်ကြီးနှင့် ကျန်ရစ်ခဲ့တော့သည်။

ရှင်းသန့်ဖြူစင်သော သူ့လက်ချောင်းတွေက ကွန်ပျူတာလက်ကွက်တွေပေါ်မှာ ပြေးလွှားလှုပ်ရှားနေတော့သည်။

ခန့်မင်းထယ်ဆိုသော သူက အလုပ်ဆိုသော အရာတစ်ခုမှာပဲ အာရုံစိုက်တတ်သူ တစ်ယောက်ပါ။

× × ×

အခုတလော သိပ်နာမည်ကြီးလာသည့် 78(ဆယ်ဗယ်တီအိပ်ရှ်)သို့ သူမ ခြေချလိုက်မိသည်။

စည်းစနစ်ကျနစွာ ဖွဲ့စည်းတည်ဆောက်ထားမှုများက သူမကို တခမ်းတနား ကြိုဆိုနေခဲ့ပါသည်။

သူမက မန္တလေးသူတစ်ယောက် မဟုတ်သလို မျက်လုံးလေးအဝိုင်းသားနှင့် မြင်မြင်တကာတို့ကို ငေးမောကြည့်ရှုနေခဲ့ပါသည်။

"အားပါးပါး . . . မန္တလေးမှာတော့ ဒါဟာ ကွာလတီအမီဆုံးပဲ"

ဟု နှုတ်မှ ပြောထွက်မိလိုက်ပါသည်။

သူမက ပထမထပ်၊ ဒုတိယထပ် အစရှိသည်ဖြင့် အထပ်ထပ်သို့ နေရာအနှံ့ လှည့်ပတ်၍ ကြည့်ရှုငေးမောနေခဲ့ပါသည်။

"ဒါကြောင့် မေခက ဒီစင်တာအကြောင်း တဖွဖွပြောခဲ့တာကိုး။ မဆိုးဘူးဘဲ"

ဟု နှုတ်မှ တီးတိုးရေရွတ်နေပါသေးသည်။

တွေ့တွေ့သမျှသော ပစ္စည်းများဟာ အဆန်းတွေပဲမို့ ဝယ်ချင်လှသော်လည်း သူမအခြေအနေနှင့် တုတ်တုတ်မျှ မလှုပ်နိုင်ခဲ့ပါ။

သူမမှာ ရောင့်ရဲတင်းတိမ်တတ်တဲ့ ချစ်စရာ အကျင့်စရိုက်လေးလည်း ရှိနှင့်ပြီးတာမို့ အလှအပတိုင်းကို သူမ ငေးမောကြည့်ရှုမိသည်မှအပ သိပ်တပ်မက်မှု မဖြစ်မိ။

အာလူးကြော်ထုပ် ခပ်ကြီးကြီးကိုသာ လက်နှင့် အပြည့်ပိုက်ကာ တစ်ခုပြီးတစ်ခု နှိုက်စားရင်း မျက်စိအာရုံခံနေလိုက်သည်။ ဓာတ်လှေကားရှိတဲ့ဘက် သူမရောက်သွားသောအခါမှာ ဘာရယ်မဟုတ် ဓာတ်လှေကားစီးချင်လာမိ၍ ဓာတ်လှေကားထဲ

ဝင်လိုက်သည်။ သူမ ဝင်သွားသောအချိန်တွင် ဘယ်သူမှရှိမနေပါ။ သူမတစ်ယောက်တည်း အေးဆေးပဲမို့ အတွေး တစ်မျိုးနဲ့ ပြုံးလိုက်မိသည်။ သူမအပြုံးက တာရှည်မခံပါ။ ဗိုက်လုပိုက်ချင် တံခါးမကို လက်ဖြင့်တွန်းလိုက်၍ ဖြစ်သည်။

လက်အစုံက ဖြူဖွေးသန့်စင်နေ၍ သူမ သဘောတော့ တွေ့မိသား။ ဒါလည်း တာရှည်မခံပါ။ ဝင်လာသော ယောကျ်ားသား ငါးဦးကြောင့် နံရံဘက် ပြေးကပ်မိသွားသည်။

သူတို့ငါးယောက်ဟာ တစ်မျိုးစီတော့ ချောကြသော်လည်း မျက်နှာပေးကြီးတွေတော့ သိပ်တင်းမာလွန်းနေပါသည်။ ထိုငါးယောက်ထဲတွင် အရပ်အရှည်ဆုံးသော လူတစ်ယောက်မှာ အမေရိကန် အက်ရှင်ကားတွေထဲမှ မင်းသားများနှင့်ပင် တူနေပါသေးသည်။ ကုပ်ဝဲလောက်ရှိတဲ့ ဆံပင်ရှည်ဖျောဖျောများက ပါးလျှာစိုပိုသော နှုတ်ခမ်းအစုံနှင့် လိုက်ဖက်ညီနေပါသည်။ သိန်းငှက်တစ်ကောင်လို စူးရှသော မျက်ဝန်းအစုံက အားပြင်းလွန်းလှသည်။ ထိုမျက်ဝန်းကို သူမ နှစ်သက်မိသော်လည်း ကြောက်ရွံ့သိမ်ငယ်ရပါသည်။ စိမ်းဖန့်ဖန့်ရောင် အသားအရေကြောင့် အားလုံးထဲတွင် သူက ထင်ရှားစွာ ပေါ်လွင်နေခဲ့ပါသည်။

သူမစိတ်ထဲတွင် သိပ်စမတ်ကျတဲ့ ယောကျ်ားတစ်ယောက်ပါလားလို့ သတ်မှတ်မိလိုက်သည်။

"ဇန် . . . ဘယ်လစ်မလဲ"

"ဒီအချိန်ဆို ကျူနဲ့သွားတာ အသင့်တော်ဆုံးပဲ။ အာရုံတွေ ထွေနေတယ်။ ကျူလုံးနဲ့ ရှင်းထုတ်ကြရအောင်"

"ဩော် . . . ထိုပုဂ္ဂိုလ်နာမည်က ဇန်တဲ့လား"

သူမ ရင်ထဲပြောလိုက်မိသည်။

ဩရှရှ အသံတစ်ခုကို ပိုင်ဆိုင်ထားတဲ့ ဇန်ဆိုသော ပုဂ္ဂိုလ်လေးကို သူမ မရဲတရဲလေး ခိုးကြည့်မိပြန်သည်။

ထိုစဉ် ဓာတ်လှေကား ဆင်းနှုန်းက ရပ်သွားပြီး လူငါးယောက် အလျိုလျိုထွက်သွားကြသည်။ သူမလည်း ဘုမသိဘမသိနှင့် သူတို့နဲ့ အတူတူ ရောယောင်ပြီး ထွက်မိလိုက်သည်။

ကျောခိုင်းသွားသော ထိုလူငါးယောက်ကို ကြည့်ရင်း ဇန်ဆိုသော ခပ်သန့်သန့် ကိုလူချောရဲ့ မျက်နှာကို ပြန်တွေးရင်း စိတ်ကူးထဲမှာ ပုံဖော်မိလိုက်သည်။ သူမ အတွေးအချို့နှင့် ပတ်ဝန်းကျင်ကို မေ့လျော့ပြီး လျှောက်လာခဲ့သည်ဖြစ်ရာ ရေတွေ ဗိုက်ကျထားတာကို မမြင်နိုင်ဘဲ ဖြစ်သွားရလေသည်။

"အမလေး . . . ပလုတ်တုတ်"

သူမ အရှိန်မထိန်းနိုင်လိုက်ဘဲ ခန္ဓာကိုယ် ယိမ်းထိုးသွားရသည်။

ကျောက်ပြားချောချောတွေနှင့် ပြောင်လက်အောင် ခင်းကျင်းထားသော ခုံရာကို ဖွဲ့ငှမပါသော ဒေါက်ဖိနပ်ချွန်လုံးလုံးကို စီးမိခဲ့တဲ့ သူမအပြစ်ပဲ ပြောရပေမည်။

အာမေဋ္ဌိတ်သံကြားရာဘက်သို့ သူတို့ ငါးယောက် အမှတ်မထင်လှည့်ကြည့်မိလိုက်ရာ လေထဲမှာ မိန်းကလေး တစ်ယောက် ဟိုမှဒီသို့ ယိမ်းထိုးရင်း ကိုယ်ရှိန်ထိန်းနေတာ မြင်ရသည်။

မြင်ကွင်းက ကိုးရိုးကားယားနိုင်လွန်းလှ၍ သူတို့ ငါးယောက်လုံး ရယ်လိုက်မိကြသည်။

သို့ပေမယ့် ခြေမြန်လက်မြန်ရှိလွန်းလှတဲ့ ဇန်က လဲကျလု လဲကျချင် ဖြစ်နေသော သူမကိုယ်လေးကို အနည်းငယ်ထိန်းကာ ထူမတ်ပေးလိုက်သည်။

မထင်မှတ်ထားတဲ့ ဇန့်ရဲ့အပြုအမူကြောင့် ရယ်နေမိကြသော သူတို့ပင် မှင်တက်သွားရသည်။ ဇန်က ကိုင်ထားမိသော

သူမရဲ့ လက်မောင်းလေးကို ချက်ချင်း ဖြေလွှတ်ပေးလိုက်သည်။

သူမမှာ စိုးရိမ်ထိတ်လန့်နေရာမှ သူ့လက်နွေးနွေးကြောင့် စိတ်လှုပ်ရှားရင်ခုန်ရတဲ့ အဆင့်သို့ ကူးသွားရသည်။ သင်းပျံ့ပျံ့ ကိုယ်သင်းရနံ့နှင့် သိပ်နီးကပ်သွားကြသော အနေအထားကြောင့် အပျိုစင်လေးဖြစ်တဲ့ သူမ ရင်ထဲမှာ ..ား ဆယ် စီးမက ခုတ်မောင်းသွားရသည်။

စိတ်လှုပ်ရှားမှုကို ရဲတင်းခြင်းနဲ့ အစားထိုးကာ . . .

"ကျေး . . . ကျေး . . . ကျေးဇူး"

သူမက ကျေးဇူးတင်စကားပင် ဆုံးအောင် မပြောလိုက်ရသေးပါ။ ထိုလူက ကျောခိုင်းပြီး သွားနှင့်နေပါပြီ။

"ကြီးကျယ်လိုက်တာ"

မကျေနပ်မှုလေး ဖြစ်သွားရကာ ငြူငြူစူစူလေး ပွစိပွစိလေး ပြောလိုက်မိသည်။

ကျောခိုင်းသွားသော သူ့ရဲ့ကျောပြင်ကို ကြည့်ရင်း လက်သီးဆုပ်လေးထောင်ကာပင် ရွယ်လိုက်ပါသေးသည်။

သူမက အရာရာတိုင်းကို အကောင်းမြင်တတ်သော စိတ်ကောင်းနှလုံးကောင်းရှိသူပီပီ ခဏအတွင်းမှာပဲ ထိုမကျေနပ်

စိတ်လေးက ပယ်ပျောက်သွားရသည်။ "အားမငဲ့" ဆိုတဲ့ သူမက ဒီလိုပါပဲ။ ကြာကြာ စိတ်တိုလေ့ မရှိပါ။

ကျကျန်ရစ်ခဲ့သော အာလူးကြော် အပိုင်းအစများကို ကြည့်ပြီး နှမြောမိသွားသည်။ အိတ်ထဲမှာ ကျန်ရစ်နေသော အချို့ အာလူးကြော်များကိုသာ တကျွတ်ကျွတ်ဝါးရင်း စက်လှေကားမှ တစ်ဆင့် ဒုတိယထပ်သို့သာ ပြန်တက်လာခဲ့ပြန်သည်။

သူမက ဟိုငေး ဒီငေးနှင့် ရောက်တတ်ရာရာ လျှောက်ငေးကြည့်နေစဉ် သူမမြင်ကွင်းထဲ သဘာဝရှုခင်းလေးတစ်ခုက တိုးဝင်လာသည်။ သူမ စိတ်ဝင်တစားနှင့် အနီးနားကပ်ကြည့်မိလိုက်သည်။ သူမ သိပ်သဘောကျ နှစ်သက်သွားရပါသည်။

သူမ ဘေးလွယ်အိတ်ကို လက်ဖြင့် မွှေနှောက်ကာ စမ်းသပ်မိလိုက်သည်။ ငွေပါလာ၍ သူမ ဝီဝီပြင်ပြင်ကြီး ပြုံးမိလိုက်ကာ သွက်လက်မြူးကြွသော ခြေလှမ်းများနှင့် ထိုစင်ပလီဆိုသော ဆိုင်လေးထဲသို့ ဝင်လိုက်သည်။

ဆိုင်ထဲရောက်တော့ အေးစိမ့်နေအောင် ခံစားရပြီး နေရောင်ခြည်ရောက်ရှိနေသလို အလင်းရောင်ခပ်နုနုကိုလည်း ခံစားမိပြန်သည်။ နံရံမှာ ရေးဆွဲထားတဲ့ သဘာဝရှုခင်းကလည်း

သိပ်ပီပြင်တာကြောင့် အမှန်တကယ်ပင် ရှမ်းကုန်းမြင့်ဒေသကို ရောက်သွားသလိုပင် ခံစားမိပါသည်။ ဒီဇိုင်နာက သိပ်တော်လှပါသည်။ နေလုံးကြီး ပြူထွက်လာတဲ့ နံရံဆေးပန်းချီနဲ့ လိုက်ဖက်အောင် မီးလုံးမှုန်ပျပျကို တပ်ဆင်ထားနိုင်ပါသည်။ သူမ လုံးဝနှစ်သက်သွားရပါသည်။ Romantic သိပ်ဖြစ်လှသည့် ဒီဆိုင်လေးမှာ နေ့တိုင်းထိုင်ချင်မိသည်။ မီးဆင်ထားမှုကို သိပ်သဘောကျသွားမိ၍ မျက်နှာကျက်ကို မော့ကြည့်မိလိုက်စဉ် သူမပို၍ မှင်သက် သွားရသည်။

မျက်နှာကျက်မှာလည်း တိမ်စိုင်တိမ်ခဲများက နေရောင်လာနေသလို သက်ဝင်လှပနေ၍ပါ။

သူမ ခန်းမတစ်ခုလုံးကို ရှုမငြီးနိုင် ငေးမောနေမိစဉ် စားပွဲထိုးလေးက သူမဘေးနား လာရပ်တော့မှ သူမက သတိဝင်သွားရသည်။

သူမ ဟန်လုပ်ကာ မီနူးကဒ်မှာရေးထားသော ကော်ဖီအမျိုးမျိုးထဲမှ တွေ့ကရာ ကော်ဖီကိုမှာလိုက်ပြီး မစားရက်နိုင်စရာ မုန့်လှလှကြီးများထဲမှ တွေ့ကရာမုန့်ကို မှာလိုက်သည်။

သူမက ကော်ဖီခါးခါးကို အတိုင်းထက်အလွန် နှစ်သက်

လှပါသည်။

ချပေးလာသော ကော်ဖီခါးခါးကို တစ်ငုံချင်း ဇိမ်ခံကာ သောက်နေမိစဉ် သူမမြင်ကွင်းထဲ အင်မတန် သန့်ပြန့်ခန့်ညား စမတ်ကျသော ပုရိသတစ်ယောက် တိုးဝင်လာသည်။

သောက်လက်စ ကော်ဖီပင် သီးသွားရသည်။ မှန်သည်။ သူမ တစ်ဘဝတာမှာ ဤမျှ သန့်ပြန့်ခန့်ညားသော ယောက်ျားမျိုး မတွေ့ခဲ့ဖူးပါ။ သူမရဲ့ စံတွေနဲ့ သိပ်ကိုက်ညီလွန်းလှတဲ့ ယောက်ျား တစ်ယောက်ရှိနေပါသေးလားဆိုတာ သူမ သိလာသည်။ အရပ် ရှည်တယ်။ အသားအရေ ပြောစရာမလို။ မျက်နှာမှာ ပြုံးယောင် သန်းပြီး ချိုကြည်နေသည်။ ကိုယ်ခန္ဓာ အချိုးအစားကအစ အားကိုးချင်စရာကောင်းသည့် အချိုးအဆစ်ရယ်ပါ။ ဒီလိုလူမျိုးက သူမ စိတ်ရေးယဉ်ခဲ့ဖူးတဲ့ လူမျိုးပါလားဟု အားကျစိတ်နှင့် တွေးမိ လိုက်သည်။

"ဟိတ် . . . နင့်မျက်စိ အောက်မှာ ကျွတ်ကျနေပြီ။ ကောက်တပ်လိုက်ဦး။ ဘာလဲ စိတ်ဝင်စားသွားပြီလား"

သူမကိုများ ရွဲ့ပြောနေတာလားဟု ဝဲယာကို ကြည့်လိုက် တော့ သူမနောက်နားဆီမှ ထွက်ပေါ်လာသော အသံဖြစ်သည်။

အသံလာရာဘက် သူမအကြားအာရုံတွေက အလိုလိုနေရင်း ရွေ့ လျားသွားရသည်။

"ငါ့ကိုသာပြောနေ။ နင်ကရော"

"အပိုတွေ မေးမနေနဲ့။ သူ့လို ဉစ္စာပေါ ရုပ်ချောကို မေး စရာလားဟဲ့"

"သူက ဘယ်သူလဲ"

"အံ့ရော . . . နင် ဘယ်နားကျန်ရစ်တာလဲ။ ဒါလေး တောင် မသိဘူးလား။ ကြည့်နေ . . . သူ ဒီဆိုင်ထဲဝင်လာလိမ့်မယ်"

သူမတို့ ပြောနေရင်းဖြင့်ပင် သူက ဆိုင်ထဲ ဝင်လာပြီး မှန်အနက်များကာရံထားတဲ့ အတွင်းခန်းထဲသို့ တည့်မတ်စွာ ဝင် သွားခဲ့ပါသည်။ သူမက ပါးစပ်အဟောင်းသားနှင့် အံ့ဩနေစဉ် နောက်နားဆီမှ အသံက ထပ်ထွက်လာသည်။

"အဲဒါ . . . ခန့်မင်းထယ်တဲ့။ ဒီ စင်ပလီပိုင်ရှင်လေ"

"ဟုတ်လား"

"နင်တို့ သတိမထားမိလို့ပါ။ (၇၃)လမ်းက စင်ပလီ၊ (၈၄)လမ်းက စင်ပလီ ဒါတွေလည်း သူ့ဆိုင်ပဲ"

"အလဲ့ . . . ပိုင်ဆိုင်မှုက ရင်ခုန်စရာပါလား"

"ဟိုက နင့်ကို အီးတောင် လှည့်ပန်းခဲ့မှာ မဟုတ်ဘူး"

"ဟယ် . . . နင်ကလည်း"

"ဟုတ်တယ်ဟ။ သူနားမှာ Boss တွေရဲ့ သမီးပျို အလှပဂေးလေးတွေ ဝိုင်းနေတာတောင် သူနှလုံးသားက ကျောက်စိုင်ကျောက်ခဲဟဲ့"

"ဟုတ်လား"

"သူ ဘယ်လိုမိန်းကလေးမျိုးကို ရွေးမယ်ဆိုတာ စိတ်ဝင်စားစရာပဲနော်"

"ခန့်မင်းထယ်ကို နင်တို့ သိပ်သန့်တယ်လို့ ထင်နေကြတယ် မဟုတ်လား"

"အင်းလေ . . . ဘာဖြစ်လို့လဲ"

"ခန့်မင်းထယ်ထက် သန့်တဲ့လူတစ်ယောက် ခန့်မင်းထယ်ရဲ့ အိမ်မှာရှိနေသေးတယ်"

"ဟုတ်လား . . . သူ့ညီလား။ သူ့အစ်ကိုလား"

"အဖေပါသားနဲ့ အမေပါသားက ညီအစ်ကို တော်သလား"

"ဘာဂလား ညီအစ်ကိုပေါ့။ ဒါနဲ့ ဘာဆိုင်လို့လဲ"

"ခန့်မင်းထယ်က အမေ့သားလေ။ ဟိုက အဖေ့သား"

"ဩော် . . . အဲလိုလား"

"ခန့်မင်းထယ်ချောသလို ဟိုတစ်ယောက်ကလည်း ချောတယ်ဟ။ ဒါပေမယ့် တစ်မျိုးစီပေါ့။ စရိုက်ချင်း ကိုယ်နေကိုယ်ထားချင်း လုံးဝကွဲတယ်၊ သူတို့က တည့်လည်း မတည့်ကြဘူး။ ခန့်မင်းထယ် မာနကြီးတယ်ဆိုတာ ဟိုကရယ်တာပေါ့။ ဟိုက မည်သူတစ်ဦးတစ်ယောက်ကိုမှ အဖက်လုပ်ပြီး စကားမှ မပြောတာ"

"ဘယ် . . . ဘယ်လိုကြီးလဲ"

"ခန့်မင်းထယ်ရဲ့ စည်းစိမ်လောက်လည်း ဟိုက သနားတယ်ပဲ။ အမေဘက်က အမွေရထားတာမှ မနည်းဘဲ"

"ဒါဆို သူဌေးပေါက်စလေးပေါ့"

"တစ်ခုတော့ ရှိတယ်။ ခန့်မင်းထယ်က ရည်ရည်မွန်မွန်နဲ့ သန့်တယ်။ ဟိုတစ်ယောက်က မိုက်ကန်းကန်း ဂျစ်တစ်တစ်ဒိဗိုင်းပဲ၊ ဒါပေမယ့် သန့်တာတော့ အတော်သန့်တာနော့"

"ငါတောင် တွေ့ဖူးချင်လာပြီ"

"ရှင်က သိလှချည်လား"

"သိဆို ငါ့မေမေနဲ့ ခန့်မင်းထယ်မေမေက ပါတနာတွေလေ"

"ဒါနဲ့များ ခန့်မင်းထယ်နဲ့ နင်က ဘာကြောင့် စိမ်းနေတာလဲ"

"မာနမင်းသားပါဆို . . . ဒုက္ခပဲ"

"အံမယ် . . . ငါ့ကို မတွေ့သေးလို့ပါနော်။ တွေ့လို့ကတော့"

"ဘာလဲ လန့်အော်သွားမှာလား"

"ဟား . . . ဟား . . . ဟား"

ကောင်မလေးတွေ စပ်ကာမှတ်ကာ ရယ်ပွဲဖွဲ့နေကြသည်ကို တစေ့တစောင်း အကဲခတ်လိုက်သည်။

"အင်း . . . သူတို့လို အပျိုစားလေးတွေကိုတောင် စိတ်ကူးထဲမထည့်မှတော့"

ဟု အားငယ်စိတ်များနှင့် တွေးလိုက်မိသည်။ သို့ပေမယ့် ဘာပဲဖြစ်ဖြစ် ကိုလူချောနာမည် ခန့်မင်းထယ်ဖြစ်ကြောင်းနဲ့ ဘဝတစ်စိတ်တစ်ဒေသကို သိခွင့်ရသွားသည်။

အမြဲစိတ်ကူးယဉ်မှုများနှင့် လုံးချာရိုက်နေတဲ့ သူမအဖို့

စိတ်ကူးယဉ်စရာ ဇာတ်လမ်းတစ်ပုဒ် တိုးလာခဲ့ပြန်သည်။ အခုတော့ သူမ စိတ်ကူးယဉ်မင်းသားကတော့ ခန့်မင်းထယ်ပဲ ဖြစ်ပေတော့သည်။ ခန့်မင်းထယ်ဆိုသော ပုရိသ ခပ်ချောချောက စိတ်ကူးထဲမှာ မင်းသားဖြစ်လိုက် သူမလက်မောင်းကို ဆုပ်ကိုင်ခဲ့ဖူးသောလက်နွေးနွေးက ပေါ်လာလိုက်နှင့် သူမရဲ့ စိတ်ကူးအင်ဂျင်က ရှေ့တိုးနောက်ဆုတ်ဖြစ်နေတော့သည်။ "အားမငဲ့" ဆိုသော သူမက ဒီလိုပါပဲ။ အရာရာတိုင်းကို စိတ်ကူးယဉ်ခြင်း ဖြင့်သာ တည်ဆောက်မှန်းမတတ်သည့် အပြစ်ကင်းလွန်းလှတဲ့ လုံမပျိုလေးရယ်ပါ။

× × ×

သူမ အိမ်ပြန်ရောက်တော့ နေဝင်စပြုနေပါပြီ။ ဆိုင်ကယ်ဟွန်းကို နှစ်ချက်ဆင့်ပေးလိုက်တော့မှ အိမ်ထဲမှ မေခ ထွက်လာကာ ဝင်းတံခါးကို လာဖွင့်ပေးပါသည်။

"စောလှချည်လား"

"အင်း"

သူမက တိုတိုတုတ်တုတ်သာဖြေပြီး ဆိုင်ကယ်ကို အိမ်ထဲမောင်းဝင်လိုက်သည်။ အိမ်လေးမှာ (၁၅)ပေပတ်လည် လုံးချင်းလေးဖြစ်သဖြင့် ဝင်းခြံမှာ အသင့်အတင့် ရှိလှသည်။

သူမ ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး နောက်ဖေးဘက်

သို့တန်းဝင်ကာ ရေခဲသေတ္တာထဲမှ ရေခဲရေစပ်အေးအေးကို နှစ်ကျိုက်မျှ ဆင့်သောက်လိုက်သည်။

"ဟဲ့ . . . အပူရှပ်နေဦးမယ်။ နေပူကြီးထဲက ပြန်လာပြီး"

"နှလုံးသားကတော့ အပူရှပ်နေပြီ"

"ဘာလဲ . . . ဒီနေ့လည်း စိတ်ကူးယဉ်စရာနဲ့ ကြုံတွေ့လာပြန်ပြီလား"

"ဟုတ်ပါ့ . . . ဒီနေ့ စိတ်ကူးယဉ်စရာကမှ တကယ့်ဆီဦးထောပတ်နဲ့ ခရင်များတဲ့ ချောကလက်ကိတ်မုန့်လိုပဲ"

"အမလေး . . . တော်ပါ။ အညွှန့်တွေက တာဝတိံသာနတ်နန်းထက် ရောက်နေပါပြီ"

"တကယ်ဟဲ့ . . . ဒီနေ့ ငါ ဟာထ်ယိသွားပြီ"

"ဒီပုံပြင်တွေ ရိုးနေပါပြီ။ ပြော . . . နင် ဒီနေ့ ဘယ်ရုံးမှာ သွားကွေးနေပြန်ပြီလဲ။ မင်းသားကရော မင်းရဲ့စံတွေနဲ့ ကိုက်ညီရဲ့လား"

"ကိုက်ညီတာတော့ လွန်ရောပဲ။ ကွက်တိကို လာတာ။ ဆံစကနေ ခြေဖျားထိ ငါ အရမ်း သဘောကျသွားပြီ"

"ဒီတစ်ခါပဲ နင် စိတ်ကျေနပ်သွားသံ ကြားဖူးတော့

တယ်။ နာမည်က ဘာတဲ့လဲ"

"ခန့်မင်းထယ်တဲ့"

"ဒီနာမည်မျိုး မကြားဖူးပါဘူး။ အသစ်ထင်တယ်"

"သစ်တာ ဟောင်းတာတော့ ငါ မသိဘူး။ ငါ တော်တော် ရင်ခုန်ချင်သွားတာတော့ မှန်တယ်"

"ဇာတ်ကားနာမည်က ဘာတဲ့လဲ"

"78 (ဆယ်ဗင်တီအိတ်ရှ်)တဲ့"

"ဗုဒ္ဓေါ ... ရှင် မှန်မှန်ပြောစမ်း။ ရှင် ဘယ်သွားနေတာလဲ။ ဒါ ဇာတ်ကားနာမည် မဖြစ်နိုင်ဘူး"

"အင်း ... မဟုတ်ဘူး။ ဝင်တာနာမည်လေ"

"စီးပွားရေးတော့ ဆတိုးတက်လိမ့်ဦးမယ်။ ဘုရားဖူးတွေက ညနေပိုင်းမှာ ပိုများတယ်လေ။ နင့်ဟာ မဟုတ်သေးပါဘူး။ နင် ဒီလောက် လည်ချင်နေလည်း ငါ့ကို ကြိုပြောပါလား။ ဆိုင်ကို ငါလာစောင့်မှာပေါ့"

"သိဘူး ... ရုတ်တရက် ထွက်ချင်စိတ်ဖြစ်လာတာနဲ့ ထွက်ဖြစ်သွားတာ။ တိတ်တိတ်နားထောင် ဒီမှာအာရုံနောက်တယ်။ ရုပ်ကလေးက ရည်ရည်မွန်မွန်နဲ့ တကယ်သားနားတာပဲ

ဟဲ ... ဟဲ"

"အရူးမ ရင်ခုန်သွားပြီလား"

"ရင်တော့ တုန်သွားရတယ်။ ခန့်မင်းထယ်ကြောင့်တော့ မဟုတ်ဘူး။ ဟိုပုပ္ဂိုလ်ကြောင့်"

"ဘာတွေလဲဟာ"

"ငါ ဒီနေ့ စင်တာမှာ ယောကျ်ားနှစ်ယောက်ကို တွေ့တယ်။ တစ်ယောက်က နိုင်ငံခြားမင်းသားတွေလိုပဲ သိပ်ချောတာ ဆံပင်ရှည်ရှည်နဲ့ အသားအရေကို ကြည်စိမ်းနေတာ။ နောက်တစ်ယောက်ကတော့ ချောတယ်။ သန့်တယ်။ ရည်မွန်ပြေပြစ်တယ်။ ဟဲ ... ဟဲ သူ့နာမည်က ခန့်မင်းထယ်တဲ့"

"အရူး ... ရူးနေ။ ရှင့်ရောဂါနဲ့ရှင် ... ငါကတော့ အိမ်စရိတ်တွေ မလောက်လို့ ခေါင်းပူနေပြီ"

"ဈေးကလည်း သိပ်ရောင်းမကောင်းဘူး"

"အရင်တုန်းက သိပ်ပြဿနာရှိမနေလို့ အခုက ကုန်ဈေးနှုန်းလည်းတက်နဲ့ အိမ်စရိတ်လည်း အဆင်မပြေတော့ဘူး"

"အင်း ... ဒါဆို အလုပ်တစ်ခုခု ထွက်လုပ်မှပဲ"

"အင်း ... ငါလည်း နင့်ကို ဒါပဲပြောမလို့။ ငါတို့ နှစ်

ယောက်က တစ်ယောက်လူပိုဖြစ်နေမယ့်အတူ အလုပ်ရှိတာ
ကောင်းတယ်"

"ဒါဆို ငါအလုပ်ရှာကြည့်ဦးမယ်"

"ဖြစ်မလားဟ။ ငါထွက်လုပ်ရင်ရော"

"မဖြစ်ပါဘူး။ နင်က အေးအေးဆေးဆေးနဲ့။ ငါပဲ ထွက်
လုပ်မယ်။ နင်က ထမင်းချက် ဆိုင်ထွက် ဒါတွေတာဝန်ယူ။ ဖြစ်
တယ် မဟုတ်လား"

"ဖြစ်ပါတယ်"

"ဒါဆို မနက်ဖြန်ကစပြီး သတင်းစာဖတ် အလုပ်ခေါ်တဲ့
ကြော်ငြာတွေရှင် ငါ့ကိုပြော။ ငါသွားလျှောက်မယ် ဟုတ်ပြီလား"

"အင်း . . . ကောင်းတယ်"

"ဒါဆို . . . အခု ငါ ဗိုက်ဆာတယ်"

"အဆင်သင့်ပါပဲတော်"

"ဒါကြောင့် ချစ်နေရတာ။ ငါ့မှာ အစ်ကို ရှိလို့ကတော့
နင့်ကို ယောက်မတော်လိုက်ပြီ"

"တော်ပါဟယ်။ မုဆိုးမဆိုတဲ့ဘဝနဲ့ပဲ ဆက်လက်ရပ်
တည်သွားတော့မယ်။ အဲဒါမှ သူ့ကို သစ္စာရှိရာရောက်မှာလေ"

"နင် အဲဒီလောက်ထိပဲ သူ့ကို ချစ်လား"

"အချစ်ဆိုတာ သိပ်ရိုးရှင်းတယ်။ နင်က မခံစားဘူးလို့
သိမှာ မဟုတ်ဘူး။ အချစ်ဆိုတာ မျောက်တွေလို ဟိုအပင်ကူး ဒီ
အပင်ကူးပြောင်းချစ်လို့ ရတာမဟုတ်ဘူး။ နင်ချစ်တတ်လာတဲ့
အခါ ဒါတွေနားလည်လာပါလိမ့်မယ်"

"သူက သေသွားပြီပဲဟာ။ နင်ကလည်း အရွယ်ရှိတုန်း"

"တော်ပါဟယ်။ ငါ သေတဲ့အထိ သူတစ်ယောက်တည်း
ပဲ ရင်ထဲမှာ ဆက်လက်ရှင်သန်စေမယ်"

"ငါလည်း လူတစ်ယောက်ကို နင့်လိုပဲ ချစ်ဖူးချင်လိုက်
တာ"

"တစ်သက်မှာ တစ်ခါတော့ အချစ်ကို တွေ့ရစမြဲပဲ။ နင်
အမြဲစိတ်ကူးယဉ်နေတဲ့အချစ်ကို နင် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရ
ဦးမှာပါ။ နင့်လို အပြစ်ကင်းစင်ပြီး ချစ်ဖို့ကောင်းသူတစ်ယောက်
ကို ကံကြမ္မာက ချစ်သူလှလှလက်ဆောင်ပေးမှာပါ"

"ဟီ . . . ဟီ ပျော်စရာကြီး"

"ဟဲ့ . . . ဟဲ့ စိတ်ကူးယဉ်မနေနဲ့။ ထမင်းစားတော့ ဒီနေ့
မြဝတီက ရာမဇာတ်တော်လာမှာ နင်ကြည့်မယ် မဟုတ်လား"

"အားပေးရမှာပေါ့။ ဘာဟင်းချက်ထားလဲ"

"ထုံးစံအတိုင်းပေါ့"

မေခရဲ့ ထုံးစံကို သူမ အလွတ်ရနေပါပြီ။

ဘဲဥချက်နဲ့ ကန်စွန်းရွက်ရည်၊ ငါးပိရည်၊ တို့စရာ၊ ဟင်းရွက်ကြော်တစ်ပွဲ။ ဒါ သူမတို့ စားနေကျ ဟင်းလျာများသာတည်း။

သူမနဲ့ မေခနဲ့ဟာ ညီအစ်မရင်းတမျှ သိပ်ချစ်ကြသော သူငယ်ချင်းတွေပါ။

မေခနဲ့ သူမက ဘဝပေးအခြေအနေများပါ တူကြတဲ့ ကံဆိုးမလေး နှစ်ယောက်ရယ်ပါ။

သူမက (၁၀)တန်းအောင်သောနှစ်မှာ မိဘနှစ်ပါးက ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတယ်။

တော်ပါသေးသည်။ သေတာ ရှင်တာ ဘုရားကြီးမှာ ယွန်းထည်ပစ္စည်းဆိုင်လေးနှင့် မြို့သစ်ထဲမှာ သင့်တင့်သော မြေကွက်အိမ်ယာလေးကို ထားခဲ့၍သာ သူမက ဟန်မပျက်ရပ်တည်နိုင်ခဲ့တာပါ။ သို့ပေမယ့် အသိုင်းအဝိုင်းမရှိတဲ့ သူမဟာ အမြဲလိုလို အားငယ်စိတ်တို့ ဝင်ခဲ့ရပါသည်။ ထိုအားငယ်စိတ်များကို ပယ်

ဖျောက်စေတဲ့ တစ်ဦးတည်းသောလူမှာ မေခတစ်ယောက်ရယ်ပါ။

ငယ်ငယ်တည်းက အဒေါ်အိမ်မှာ ကူဖော်လောင်ဖက်အဖြစ် ကပ်နေခဲ့ရသူဖြစ်ပြီး မသဒ္ဒါရေစာဘဝနှင့်ပင် ပညာသင်ခဲ့ရသည်။ ကံကောင်းချင်တော့ (၁၀)တန်းကို နှစ်ချင်းပေါက်အောင်ပြီး သူမနှင့်အတူ အဝေးသင် တက်ခဲ့ရသည်။ ထပ်ပြီး ကံဆိုးချင်ပြန်တော့ ချစ်သူတစ်ယောက်ရပြီး ချစ်သူကို အားကိုးမယ်ကြံပြီး လက်ထပ်မိပါတယ်။ အက်ဆီးဒင့်ကြောင့် ကွယ်လွန်သွားရသည်။ အဒေါ်ရဲ့ ပစ်ပယ်ခြင်းလည်း ခံရ၊ ခင်ပွန်းသည်ရဲ့ ခွဲခွာခြင်းကိုလည်း ခံရတဲ့ မေခမှာ အရှုံးတစ်ပိုင်းခံစားခဲ့ရပါသည်။

ဒီလိုနဲ့ပဲ မေခက သူမကိုမှီ၊ သူမက မေခကိုမှီနှင့် အချင်းချင်းရိုင်းပင်းကာ ဘဝကိုကျော်ဖြတ်လာတာ နှစ်သက်တမ်းပင် မနည်းတော့။

"အားမင့် . . . ဇာတ်လမ်းလာပြီ"

မေခရဲ့ အသံစာစာကြားရတော့မှ လိမ်းလက်စ night creamကို ဖြစ်သလိုလူးကာ ပြေးထွက်ခဲ့လိုက်သည်။

တီဗွီထဲမှာ မယ်သီတာရဲ့ လေးတင်ပွဲကာစတင်နေပါပြီ။

သူမနှင့် မေခတို့ ဇာတ်လမ်းထဲ အာရုံတွေကို ပြုထားကြသည်။ ဒီရာမဇာတ်တော်ကြီးရဲ့ ဇာတ်လမ်းအသွားအလာကို သိနေသော်လည်း ဇာတ်အိမ်အတိမ်အနက်က ဆွဲဆောင်မှုကောင်းလှသည်။

ဒသရဲ့ အချစ်ကို ပိုပြီးတင်ပြထားသလိုပင် ထင်မိပါသည်။

အားမင့်ရဲ့ ရင်ထဲမှာ ဒသဂီရိကို သနားမိလာ၍ မရိုမဆန့် ခံစားလာရသည်။

သီတာကို သိပ်ချစ်သော ဒသ၊ သီတာရဲ့ မျက်နှာရိပ်ကို ကြည့်ကာ ပြုစုတတ်သော ဒသ၊ အသက်ပေးကာ ဖြူဖြူစင်စင် ချစ်သွားရှာသော ဒသအား သနားလာမိသည်။ ဒသနေရာမှ သရုပ်ဆောင်ကလည်း သိပ်ပီပြင်လွန်းနေတာကြောင့် အားမင့်မှာ သနားရလွန်း၍ ငိုချပစ်မိတော့သည်။ ဒါကို မေခက ရယ်ကျဲကျဲ လုပ်နေပါသေးသည်။

"အားမင့် . . . နင်လေ ကလေးလည်း မဟုတ်တော့ဘူး။ အခုထိ ငယ်တုန်းကအကျင့်ကို မပျောက်နိုင်သေးဘူး။ ဒါကြောင့် ငါ နင်နဲ့ ရုပ်ရှင်သွားမကြည့်ချင်တာ။ ရှက်စရာကြီး"

"ဟဲ့ . . . ငိုမှာပဲ။ သနားစရာကောင်းတာကိုး"

"နင်က ဘယ်သူ့ကို သနားနေတာလဲ"

"ဒသဂီရိကို"

"ဒသကို"

"အွန်း"

"နင် ရူးသွားပြီ အားမင့်။ တကယ်ပဲ ဒသက ဘီလူးလေ။ ပြီးတော့ သူများချစ်သူနှစ်ယောက်ကြားမှာလည်း ဖျက်လိုဖျက်ဆီး သေတာတောင် နည်းသေးတယ်။ တကယ်တမ်းက လက္ခဏာပဲ သနားစရာကောင်းတာ"

"နင် အဲ့လို အကြင်နာတရား မခေါင်းပါးနဲ့။ ဒသမျာ ဘယ်သူ့ကိုများ ချစ်ခဲ့ဖူးသလဲ။ ဘီလူးမှာလည်း အသည်းနှလုံးနဲ့ပဲ။ သီတာက အမျက်ကြီးတာပါ။ ဒသမှာ သီတာအတွက်ဆို အသက်တောင်ပေးရဲတယ်။ သီတာ သူ့ကိုယ်သူညာနေတာ သူ့ရင်ထဲမှာလည်း ဒသရှိကို ရှိရမယ်"

"နင် ရူးနေပြီ အားမင့်။ သူက လင်ရှိမယားလေ"

"ငါက ဖြစ်နိုင်တာကို ပြောနေတာ။ ငါတော့ ထင်တယ်။ သီတာ့ရင်ထဲမှာ ဒသရှိရမယ်။ သီတာလည်း အသည်းနှလုံးနဲ့ပဲ"

"သူ့သစ္စာကို မီးပုံထဲ ခုန်ချပြခဲ့တာပဲ။ နင် မတွေ့ဘူး

လား"

"ဒါက သူတို့ ပရိသတ်ကြည့်ကောင်းအောင် ဖန်တီးထားတာပဲ။ နင်ပဲ စဉ်းစားကြည့်လေ။ နင့်အပေါ် သိပ်ချစ် သိပ်ကောင်းတဲ့ လူတစ်ယောက်ကို နင် သေအောင်မုန်းတယ်ပြောဦး။ နင် တကယ်မုန်းလို့လား"

"အင်း . . . ဒါဆိုတော့လည်း ဟုတ်သလိုလို"

"ဟုတ်သလိုလို မဟုတ်ဘူး။ ဟုတ်ကို ဟုတ်နေတာ။ သူ့ရင်ထဲမှာ ဒဿရှိမနေခဲ့ရင် ဒဿရဲ့ ရုပ်ပုံလွှာကို သူ ဘယ်လို နလုံးသားနဲ့ ဆွဲမလဲ"

"တော်ပြီကွာ။ ဦးနှောက်ခြောက်တယ်။ နင့် ဆိုဒ်ကို အမြောထဲ ငါမဝင်ဘူး။ (၁၁)နာရီပဲ ထိုးနေပြီ။ ငါ သွားအိပ်တော့မယ်"

မေစက စကားလမ်းကို တိခနဲဖြတ်ကာ နေရာမှထထွက်မယ်ကြဲတော့ အိမ်ရှေ့လမ်းမဘက်ဆီမှ ကားသံတွေ ဆိုင်ကယ်သံတွေ ဆူညံစွာ ကြားရတော့ မျက်လုံးကြီးပြူးကာ အကြောက်အကန်နှင့် နေရာမှာ ပြန်ထိုင်ချလိုက်သည်။

သူမတို့နှစ်ယောက် ထိတ်ထိတ်လန့်လန့်နှင့် လမ်းမဘက် နားစွင့်လိုက်သည်။

ကားသံ၊ ဆိုင်ကယ်သံတို့က အိမ်ရှေ့တည့်တည့်မှာ ရပ်သွား၍ သူမတို့နှစ်ယောက် မတိုင်ပင်ထားပါဘဲ လိုက်ကာစကို မ၍ ချောင်းကြည့်လိုက်သည်။

ဂျစ်ကား အဝါလေးတစ်စီးကို ဆိုင်ကယ်အကြီးစား (၇)စီးက ရှေ့မှ ဝိတ်ရပ်ထားသည်။

တစ်ဖက်နှင့် တစ်ဖက်စိုက်ကြည့်ပြီး ငြိမ်သက်နေပုံအရ မကြာခင် အကြီးအကျယ် ရန်ဖြစ်ကြတော့မည့် အခြေအနေပင်။ ဆိုင်ကယ်အကြီးများဘက်က လူ (၁၄)ယောက် ဖြစ်နေသဖြင့် သူက ကားအဝါလေးဘက် စိုးရိမ်သွားမိသည်။ စိုးရိမ်စိတ်လေးနှင့်အတူ ကားလေးသို့ မျက်စိဝေ့ကြည့်လိုက်ရာ သူမမျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားရသည်။

ဟုတ်ပါတယ်။ သူမှ သူပါပဲ။ နေ့လယ်ကမှ တွေ့ထားတာ အလတ်ကြီး ရှိသေးသည်။ လုံးဝ မမှားနိုင်။ သူမ စိုးရိမ်သွားရပေမယ့် သူကတော့ သူမ စိုးရိမ်တာနှင့် မထိုက်တန်စရာ ကောင်းလောက်အောင်ပင် ထီမထင်မျက်နှာပေးမျိုးနှင့် စီးကရက်ကို ဖိမ်ခံရှိုက်ဖွာနေပုံကို လမ်းမီးရောင်ကြောင့် ထင်ထင်ရှားရှား တွေ့မြင်

လိုက်ရသည်။

ကျန်တဲ့ လူလေးယောက်ကလည်း အေးစက်စက် မျက်နှာမျိုးနှင့်ပင် တစ်ဖက်လူများကို စိုက်ကြည့်နေသေးသည်။ (၅) ယောက်နှင့် (၁၄)ယောက်မို့ သူမ အတိုင်းထက်အလွန် စိတ်ပူသွားမိသည်။

သူမကြည့်နေစဉ်မှာပင် တစ်ဖက်လူများက ဆိုင်ကယ်တွင် ဝှက်လာကြသော လူရိုက်တုတ်များကို ဆွဲထုတ်လာကြသည်။ သူမ မကြည့်ရဲ ကြည့်ရဲနှင့် ဖန်ကို စိုးရိမ်မိစွာ မရဲတရဲလေး ခိုးကြည့်မိသည်။

ဖန်က သူမ စိုးရိမ်နေတာနှင့် ဆန့်ကျင်ဘက်ဖြစ်လောက်အောင်ပင် သွေးအေးလှသည်။ ပါးစပ်ထဲမှာ ခဲနေသော စီးကရက်နှင့် ထိုလူတွေကို ပစ်ပေါက်လိုက်ကာ စီးကရက်ငွေ့ကို ခပ်အေးအေးပင် မှုတ်ထုတ်လိုက်သေးသည်။

ထိုလူတွေက ဆိုင်ကယ်ပေါ်မှ ဆင်း၍ ဖန်တို့နား လာနေပြီဖြစ်သည်။ ထိုအချိန်မှ ဖန်က ကားပေါ်မှ ရိုးရိုးမဆင်းဘဲ တစ်ပတ်လှည့်ကာ နောက်ပြန်ခုန်ဆင်းလိုက်ပြီး ခါးမှ ခါးပတ်ကို ဘယ်လို ဆွဲထုတ်လိုက်မှန်း ပြူးကြည့်နေသော သူမပင် မသိလိုက်ပါ။ ဖန်

ကားပေါ်မှ ဆင်းလိုက်တော့ ကျန်လေးယောက်လည်း ကားပေါ်မှ အလျှိုလျှို ဒီဇိုင်းအမျိုးမျိုးနှင့် ဆင်းလာကြကာ လူအုပ်ကြီးထဲ ဘရုတ်ွန်း ပြေးဝင်သွားသည်။

အားလုံးထဲတွင် ဖန်က လျင်မြန်ဖြတ်လတ်လှသည်။ တန်ချက်ကျကျ ရှောင်တိမ်းထိုးနက်နေပုံက သူမရဲ့ စိုးရိမ်စိတ်ကို လျော့ပါးစေခဲ့သည်။ ဒါကြောင့် ဖန်ရဲ့ မျက်လုံးတွေက အေးစက်တင်းမာနေပြီး လူမိုက်ပုံပေါက်နေရတာပဲဆိုတာ ဖန်ရဲ့ အနေအထားကြောင့် သူမ ပို၍ သဘောပေါက်လာရသည်။

အနောက်ဘက်နားဆီမှ ဖန်ကို လွှဲရိုက်လာမယ့် တုတ်ချက်ကြောင့် သူမ စိုးရိမ်သွားရကာ . . .

"အမလေး"

ဟုပင် အာမေဋိတ်ပြုရင်း မျက်နှာကို လက်ဖဝါးနှင့် အုပ်ကိုင်ထားလိုက်သည်။ သူမ သွေးသံရဲရဲနှင့်ရှိနေမည့် ဖန်ကို ထပ်မကြည့်ရဲတော့။

ဆိုင်ကယ်သံတွေ ဆူညံစွာ ထွက်သွားတော့မှ သူမ မရဲတရဲလေး ခိုးကြည့်ပြန်သည်။

နေရာလေးမှာ ပကတိ အေးချမ်းလျက် ရပ်ကွက်လူကြီး

များသာ ထိုနေရာတွင် ရှိနေတော့သည်။

ဇန် . . . ဘာဖြစ်သွားလဲ။ သူမ မသိမသိုင် ဇန်ကို စိတ်ပူပိနေပါ၏။

မေခကို ကြည့်လိုက်တော့လည်း ပါးစပ်မှ ပွတ်တွတ်ပွတ်တွတ်နှင့် မျက်လုံးကြီး မှိတ်ထားသည်။

ကြောက်တတ်သော နေရာမှာ မေခက သူမထက်ပိုသာနေ၍ပါ။

"အားမင့် . . . သူတို့ ဘာဖြစ်သွားကြပြီလဲ"

"မသိဘူး"

"ဟင်"

"အဲဒီနေရာမှာ ရပ်ကွက်လူကြီးတွေပဲ ရှိတော့တယ်။ ပြေးသွားကြပြီနေမှာပေါ့"

"ဟင်း"

ထိုအခါမှ မေခက စိတ်ပြေလျော့သွားပုံမျိုးနှင့် သက်ပြင်း မောကြီးကို ချလာသည်။

"ကြောက်စရာကြီးနော် အားမင့်။ သူတို့ရုပ်ကြီးတွေကိုက ကြည့်ပါလား။ အေးစက်စက်နဲ့ ငါသာဆို သူတို့ရဲ့ အကြည့်

ရုံးစုံနဲ့တင် ပွဲချင်းပြီးသွားနိုင်တယ်"

"မေခရယ် . . . နင်က မန္တလေးသူတစ်ယောက် လုပ်ပြီး ဒါလေးကို ကြောက်ရတယ်လို့"

"နင်ရော မကြောက်လို့လား။ ဘာလဲ . . . မန္တလေးသူတွေက မကြောက်ရဘူးလို့ မင်းတုန်းမင်းက သတ်မှတ်သွားလို့လား"

"မဟုတ်ဘူးလေကွာ။ မန္တလေးနဲ့ ရန်ပွဲက အဆန်းမှ မဟုတ်တော့တာ"

"မဆန်းချင်နေ။ ငါတော့ကြောက်တယ်"

ဟု မေခက ဆောင့်အောင့်ပြောသွားပြီး ထသွားသည်။

"အားမင့် . . . နင်လည်း အိပ်တော့ ညဉ့်နက်နေပြီ။ မနက်ဖြန် ဆိုင်စောစောသွားဖွင့်မယ်"

ဟုပင် အစ်မကြီးလေသံနှင့် ပြောသွားသေးသည်။

အားမင့်က သဘောလှသူပီပီ မေခကိုပြုံး၍ ကြည့်နေခဲ့ပါသည်။ မေခဟာ သိပ်ချစ်ဖို့ကောင်းပါရဲ့နဲ့ ကံကြမ္မာက သူမရဲ့ ဘဝလေးကို လှည့်စားရက်ပါပေ့။ ဒါပေမယ့် အရာအားလုံးက နေသားကျနေခဲ့ပါပြီ။

သူမစည့်ခန်းမီးများကို ပိတ်လိုက်သည်။

ညအမှောင်ထုထဲမှာ သူမတို့ အိမ်သေးသေးလေးက အိပ်စက်နေရသည်။

သူမရဲ့အိပ်မက်ထဲမှာတော့ ခန့်မင်းထယ်ရဲ့ ခပ်သန့်သန့် ရုပ်သွင်က သန့်ပြန့်ရည်မွန်စွာ ပြုံးပြလိုက်၊ ဇန်ဆိုသော ဂျစ်ကတ်ကတ် မျက်နှာကပေါ်လာလိုက်နှင့် လူးလွန့်လှုပ်ရှားနေတော့သည်။

× × ×

သူမနဲ့ မေခက ဒီနေ့ ဆိုင်ဖွင့်ရန် အတူတူ သွားကြမည် ဖြစ်သည်။ သူမက အပြင်ထွက်ဖို့ အဆင်သင့် ဖြစ်နေပါပြီ။ မေခကို ဆိုင်ကယ်ထုတ်ပြီး ဝင်းပြင်မှ စောင့်နေလိုက်သည်။

"မေခ နှင် ဒီနေ့ ထမင်းချိုင့် ပြင်လို့ပြီးဦးမှာလား"

ဟု စိတ်မရှည်စွာ အော်လိုက်သည်။

ထိုအခါမှ မေခက အိမ်ထဲမှ ထွက်လာသည်။ ထိုအခါတော့ သူမဟာ ဆိုင်ကယ်ပေါ်တက်ကာ စက်နှိုးရန် စတတ်ကို နှိပ်လိုက်သည်။ ဘတ္တရီဒေါင်းနေ၍ ဘယ်လိုမှ နှိုးမရပါ။ သူမ စိတ်မရှည်ချင်လာတော့၍ ကလပ်ကိုနင်းနှိုးလိုက်သည်။ နင်းမရပါ။

"မေခ လာ၊ နင် ဆိုင်ကယ်ပေါ်တက်ပြီး ထိန်းထား၊ ငါ နင်းနှိုးမယ်"

သူမပြောစကားကြောင့် မေခက ဆိုင်ကယ်ပေါ် ခွတက်လိုက်သည်။ သူမက ဘေးနားသွားကာ ကစ်စတတ်ကို နင်းမယ်ကြံတော့ သူမ မျက်စိထဲ လင်းလင်းလက်လက်နှင့် အရာတစ်ခု တိုးဝင်လာသည်။ သူမ ဆိုင်ကယ်နှိုးရန်မေ့သွားကာ ထိုအရာအား ငုံ့ကောက်လိုက်သည်။

"အားမငဲ့ ... ပလက်တီနမ် အစစ်ထင်တယ်"

"အင်း ... ထင်တာပဲ"

"ပွတာပဲ။ လှတယ်နော်၊ နင် ဆွဲထားပါလား"

"နေဦး ... ဒီဆွဲကြိုးကို ငါမြင်ဖူးတယ်၊ ဘယ်သူဆွဲတာလဲ"

သူမ စဉ်းစားရင်း တွေးဆဆလေး ပြောလိုက်သည်။

"နင်ကလည်း အတွေးခေါင်မနေစမ်းပါနဲ့၊ ရေအဆုံးကုန်းတစ်ဝက်တဲ့"

"အား ... သတိရပြီ၊ ဒါ ... သူ့ဟာပဲ"

"ဘယ်သူလဲ"

"ညတုန်းက ရန်ဖြစ်တဲ့ ကောင်တွေလေ၊ ငါသိမ်းထားလိုက်မယ်၊ နောက်တော့ တွေ့ရင်ပြန်ပေးလို့ ရတာပေါ့"

"နင်ကလည်း မှတ်မှတ်သားသား ညကြီးမှာ ဆွဲကြိုးကို မြင်လိုက်နိုင်သေးတယ်"

"ညတုန်းကမြင်တာ မဟုတ်ဘူးဟ၊ တခြားအချိန်မှာ တိုက်ဆိုင်မှုရှိတုန်းက သတိထားမိလိုက်တာ"

"ရှုပ်နေတာပဲ၊ လာ ... တက် ... သွားမယ်၊ ဆိုင်ဖွင့်နောက်ကျနေပြီ"

မေခရဲ့ လောဆော်သံကြောင့် သူမဘေးအိတ်ကပ်ထဲသို့ ဆွဲကြိုးကို မှတ်မှတ်ရရထည့်လိုက်သည်။ သူမတို့ ဆိုင်ကယ်လေး လမ်းကွေ့သွားတော့မှ ကျန်တစ်ဘက်လမ်းကွေ့မှ ဂျစ်ကားအဝါလေး ချိုးကွေ့ဝင်လာသည်။

သူမတို့ အိမ်ရှေ့တွင် ဂျစ်ကားအဝါလေးက ရပ်လိုက်ပြီး လူ (၅)ယောက် ကားပေါ်မှ ဆင်းလာကြသည်။

"ဒီနေရာ သေချာသလား"

ဟု ပြောကာ ကုန်းကွကုန်းကွနှင့် ပစ္စည်းကို ရှာဖွေနေကြသည်။

"တွေ့မှ ဖြစ်မယ်ကွ။ ဒါ ငါ့ မေမေရဲ့ နောက်ဆုံး လက်ဆောင်ပဲ"

ဇန် ကြေကွဲ ဝမ်းနည်းစွာ ပြောလိုက်သည်။ သူတို့ အချိန်အတော်ကြာ အားသွန်ခွန်စိုက် ရှာဖွေကြသော်လည်း အချည်းနှီးပင်။

"တစ်ယောက်ယောက် ကောက်ရသွားပြီထင်တယ်"

သူ ဒေါသလည်း အနည်းငယ်ဖြစ်မိသလို ဝမ်းနည်းနာကျင်စွာလည်း ခံစားရပါသည်။

ဒါ သူ့ကိုပေးခဲ့သော မေမေရဲ့ နောက်ဆုံးလက်ဆောင်လေး။ နှစ်ပေါင်းများစွာ မြတ်နိုးစွာ ထိန်းသိမ်းလာခဲ့ပြီးမှဟု နမြောတမ်းတစွာ မချိတင်ကဲလေး ဖြစ်မိပါသည်။

မေမေက သူ့ကို ဒီဆွဲကြိုးလေး ဆွဲပေးခဲ့စဉ်က ပြောခဲ့သည်။

"ဒါ . . . သားဖေဖေပေးခဲ့တဲ့ မေမေတို့ရဲ့ မင်္ဂလာဦးဆွဲကြိုးလေးပဲ။ သား သိမ်းထားရမယ်နော်။ တစ်ချိန်မှာ သား ရည်ရွယ်ထားတဲ့ မိန်းကလေးရှိသွားရင် ဒုတိယအကြိမ် မင်္ဂလာဦးဆွဲကြိုးဖြစ်ပြန်ရုံပေါ့"

ဟု မေမေက ပြုံးပြုံးလေး ပြောသွားသေးသည်။ သေဆုံးသွားပြီဖြစ်သော မေမေ့ကိုသာ သူ့ရင်ထဲ၌ အကြိမ်ကြိမ်တောင်းပန်နေတော့သည်။

× × ×

ဆွဲကြိုးပျောက်သွားသော ကိုစွန့် ပတ်သတ်ပြီး သူ့စိတ်တွေ ထွေရာလေးပါး ရှုပ်ထွေးနေမိသည်။ အပြင်မှာလည်း အချိန်ဖြုန်းချင်စိတ် မရှိတာနှင့် အိမ်သို့ စောစောပြန်လာခဲ့လိုက်သည်။

အိမ်မှာလမ်း (၈၀)ပေါ်မှာဖြစ်ပြီး ဝင်းမရှိသည့် လေးထပ်တိုက် အကြီးစား အမြင့်ကြီးဖြစ်သည်။

အိမ်ရှေ့မှ ကားဟွန်းကို နှစ်ချက်ဆင့် နှိပ်လိုက်တော့ တံခါးမကြီးက အလိုလို ပွင့်သွားရသည်။ အောက်ဆုံးထပ်ထဲသို့ ကားကို မောင်းဝင်လိုက်ပြီး သော့ကို ဆွဲနုတ်ကာ လှေကားအတိုင်း အပေါ်ထပ်သို့ တက်လာသည်။

အပေါ်ထပ်သို့ အရောက်မှာတော့ မနှစ်မြို့စရာမြင်ကွင်းက သူ့ကို ဆီးကြိုနေခဲ့သည်။

ခန့်မင်းထယ်၊ သူ့အမေ၊ ဖေဖေတို့ သုံးယောက်က ဘာတွေပြောပြီး သဘောကျနေကြသည်မသိ။ မိသားစု သုံးယောက် ပျော်ပါးနေကြသည်။

သူက ညစ်ကျယ်ကျယ်တစ်ချက်မျှသာ ကြည့်ပြီး ဘယ်သူ့ကိုမှ မမြင်သလို ထီမထင်မျက်နှာပေးမျိုးနှင့် နောက်တစ်ထပ်ကို ဆက်တက်မယ်ကြံပြန်တော့ . . .

"သား . . . ဒီနေ့ စောလှချည်လား"

ဖေဖေ့အသံချိုချိုက နောက်နားဆီမှ ထွက်ပေါ်လာသည်။

"ဒီနေ့ အတော်ပဲပေါ့။ တို့မိသားစု စုံစုံလင်လင်ရှိတုန်း စကားဖောင်ဖွဲ့ ပြောကြရအောင်"

"ဆောရီး . . . ဖေဖေ၊ ကျွန်တော် ဒီနေ့ ခေါင်းမကြည်လို့"

ဟုသာ ခပ်ပြတ်ပြတ်ပြောပြီး လှေကားအတိုင်း ဆက်တက်လာခဲ့သည်။

ဖန်ဆိုသော သူကရင်ထဲက မပါရင် ဟန်ဆောင်ပြီး ဘာတစ်ခုမှ မဖွဲ့နွဲ့တတ်တဲ့ ဖြောင့်ကျကျ လူစားမျိုးပါပဲ။

သူ အိပ်ခန်းတံခါးကို ဖွင့်ပြီး မွေ့ယာပေါ် ခြေပစ်လက်ပစ်လှဲချလိုက်သည်။

"ဒေါက် . . . ဒေါက်"

တံခါးခေါက်သံ နှစ်ချက်ဆင့်ထွက်လာ၍ သူ နေထိုင်မှုကို အနည်းငယ်ပြုပြင်လိုက်သည်။

မိထွေးတော်ကြီး ဒေါ်သက်ထားက သံပုရာရည်တစ်ခွက် သယ်ဆောင်လာသည်။

"သား . . . တော်တော် နေမကောင်းဖြစ်နေလား။ သားမျက်နှာကို ကြည့်ရတာ မလန်းဘူး။ အန်တီ ဆရာဝန် ခေါ်လိုက်ရမလား"

ဒေါ်သက်ထားကို မြင်ပြင်းကတ်သွားရပါသည်။ ဘာမဟုတ်တာလေးနှင့် ရေးကြီးခွင်ကျယ်လုပ်လွန်းသည်။ သူ့ကို ဖားလွန်းနေသည်ဟု ထင်သည်။

"ရပါတယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သားရယ်"

"ကျွန်တော် တစ်ယောက်တည်း အေးအေးနေချင်ဘယ်"

သူ့စကားကြောင့် ဒေါ်သက်ထားရဲ့ အပြုံးချိုချိုများ လမ်းခလယ်တွင် ပျောက်ဆုံးကုန်၏။

ဒေါ်သက်ထား အပြုံးတုကို ဖန်ဆင်းရင်း . . .

"အင်း . . . အေးအေးဆေးဆေး နားလိုက်ဦး။ ခေါင်းကြည်သွားအောင် သံပုရာရည်ချဉ်ချဉ်လေး သောက်လိုက်။ လိုအပ်တာရှိရင် အန်တီထားကို ခေါ်လိုက်နော်။ အန်တီထား အဆင်သင့်ရှိမယ်"

စိတ်ရင်းနဲ့ ပြောနေတာလား။ အပေါ်ယံလားဆိုတာ သူ မဝေခွဲတတ်ပါ။ သေချာသည်။ သူ ထိုသံပုရာရည်ကို လက်ချားနှင့်ပင် တို့ထိဖြစ်မှာ မဟုတ်ဘူးဆိုတာ။

အပေါ်ဝတ်ဂျာကင်ကို ချွတ်ပြီး အခန်းထောင့်တစ်နေရာသို့ ပစ်ပေါက်လိုက်သည်။

ထိုစဉ် တစ်ဖက်အခန်းတံခါးဖွင့်သံ ကြားရ၍ ခန့်မင်းဘယ် အပေါ်ထပ်ကို ရောက်လာပြီဆိုတာ သူသိလိုက်သည်။

သူ ခန့်မင်းထယ်တို့ သားအမိကို သိပ်မုန်းပါသည်။ မမြင်

ချင်လောက်အောင် မုန်းမိပါသည်။ သူ မေမေ သေရတာလည်း ခန့်မင်းထယ် မေမေ ဒေါ်သက်ထားကြောင့်လို့ ထင်သည်။

ဖေဖေ့ကိုလည်း သူ နည်းနည်းတော့ စိတ်နာမိပါသည်။ မေမေဆုံးတာ တစ်နှစ်ပင် မပြည့်သေးဘဲ ဒေါ်သက်ထားကို လက်ထပ်လိုက်၍ပါ။ မေမေရှိစဉ်တည်းက ပွဲစားယောင်ယောင် ဒေါ်သက်ထားနှင့် ဖေဖေက တတွဲတွဲပင်။ ဖေဖေ့ကို သူ သိပ် မကျေနပ်မိပေမယ့် တစ်လောကလုံးမှာ သူ့ရဲ့ဆွေမျိုး ဖေဖေပဲ ရှိနေတော့တာလေ။ သူ ဘယ်တတ်နိုင်လိမ့်မလဲ။

သူဟာ မိသားစုပြင်ပက လူတစ်ယောက်ဖြစ်နေပေမယ့်လည်း မေမေ့ အရိပ်အငွေ့တွေ ထင်ဟပ်နေတဲ့ ဒီအိမ်ကြီးကို မစွန့်ခွာနိုင်ခဲ့။ ဒါကြောင့် သူ မနေချင်ဆုံးသော ဒီမိသားစုနှင့် အတူ နေလာရသည်ပါပဲ။

ဖေဖေဟာ တဆိတ်တော့ လွန်လွန်းပါသည်။ သား အရင်းထက် ခန့်မင်းထယ်ကို ပိုလွန်းပါသည်။

သူ မကြိုက်ပေမယ့် အဖေက အဖေလေ။

ခန့်မင်းထယ်အပေါ် သည်းလွန်းနေကြတဲ့ ဒီမိသားစုကို သူ မမြင်ချင်ပါ။ ဒါကြောင့် သူ့ရဲ့ အိမ်ပြန်ချိန်ဟာ လူအများ အိပ်

မောကျချိန် (၁၂)နာရီ၊ (၁)နာရီဖြစ်ပြီး အိပ်ရာထချိန်မှာ လူအများ အလုပ်သွားချိန် (၁၀)နာရီဖြစ်သည်။

တစ်ခါတစ်ရံ ဖေဖေ့ကို သိပ်သတိရမိသောအချိန်မှာ ဖေဖေ့အလုပ်ရုံးခန်းရှိရာသို့သွားပြီး ဖေဖေရှိမယ့် အဆောက်အဦးကို ငေးမောနေရုံမှတစ်ပါး အခြားမရှိ။ တစ်ခါတစ်ရံမှာ ဖေဖေနဲ့ သူ မျက်နှာချင်း မဆိုင်မိသည်မှာ လချီ၍ပင် ကြာသွားတတ်သည်။

ဖေဖေနဲ့ သူ ဒီလို ဝေးကွာရခြင်းရဲ့ အဓိက တရားခံကတော့ ခန့်မင်းထယ်ပင် ဖြစ်နေတော့သည်။

လေအေးပေးစက်ကြောင့် အေးစိမ့်နေသည့် သူ့အခန်းက သူ့ကို မွန်းကြပ်လာစေသည်။

အပေါ့ပါးဆုံး အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လိုက်ပြီး အပေါ်ဆုံးထပ်ရှိ လေသာဆောင်သို့ တက်လာခဲ့လိုက်သည်။

ညနေ အေးစိမ့်စိမ့်ရဲ့ လေပြေလေညှင်းလေးများက သူ့ဆံပင်ရှည်များကို ကြည်စယ်နေသေးသည်။ အရှေ့ရွှေးစူးမှ မြင်နေရသော မန္တလေးတောင်ကို သူ စူးရှရှိဝေစွာ ကြည့်လိုက်သည်။

သူ ရင်ထဲမဆန့်အောင် ခံစားလိုက်ရပါသည်။

မေမေ့ရဲ့ အပြုံး၊ မေမေရဲ့ မျက်လုံး၊ "သား" လို့ခေါ်နေတဲ့ မေမေ့ရဲ့ အသံချိုချိုတို့က သူ့နှလုံးသားကို ထင်ဟပ်လာခဲ့သည်။ စူးရှရှ မျက်ဝန်းအစုံမှာ အရည်ကြည်တို့နှင့် ပြည့်အိုင်လာခဲ့သည်။

ထိုစဉ် သူ့နောက်နားဆီမှ ပေါ်ထွက်လာသော လမ်းလျှောက်သံသဲ့သဲ့ကြောင့် သူ နားစွင့်လိုက်ပြီး ဝေတက်လာသော မျက်ရည်ကြည်များကို ပုတ်ခတ် ဖယ်ရှားလိုက်သည်။

"သား . . . ဒီနေ့ အပြင်မှာ ဘာတွေဖြစ်ခဲ့တာလဲ"

ဖေဖေ့အမေးကို သူ မဖြေပါ။ အောက်ထပ်သို့ ဆင်းရန် ခြေလှမ်းပြင်လိုက်စဉ် . . .

"သားနဲ့ ဖေဖေ မတွေ့ရတာ နှစ်လနီးပါး ကြာသွားပြီ"

သူ့ ခြေလှမ်းတို့ တုံ့သွားပြီး . . .

"ဒါတော့ ဖေဖေ့ မှတ်မိသားပဲ"

"သား . . . ဖေဖေ့ကို အမြင်မကြည်ဘူးဆိုတာ ဖေဖေ သိပါတယ်။ ဒါပေမယ့် ဖေဖေ ဘာမှ မရှင်းပြချင်ဘူး။ သူ့အလိုလို သိတတ်သွားတာပဲ ဖေဖေလိုချင်တယ်"

"ဒီအတိုင်းလည်း ကောင်းပါတယ်။ ဖေဖေ့မိသားစုဘဝ

ထဲမှာ ပျော်နေတာ မဟုတ်လား"

"ဖေဖေ ပျော်ဖို့အတွက်က သား လိုအပ်နေသေးတယ်"

"သိပ်ကြားလို့ကောင်းတဲ့ ယုံတမ်းစကားပါပဲ"

ဟုသာ သူ ခပ်ပြတ်ပြတ်ပြောပြီး လှေကားအတိုင်း ဆင်းလာခဲ့လိုက်သည်။

သူ့ဘဝက ကြာလေ အထီးကျန်လေ၊ ပျင်းရိခြောက်သွေ့ဖွယ်ကောင်းလေပါပဲ။

သူ စိတ်ကျဉ်းကြပ်သောအခါမှာ အပေါင်းအသင်းတွေနဲ့ လျှောက်လည်မယ်၊ ကျူထိုးမယ်၊ ကာလဝ်တက်မယ်၊ ပျော်ပျော်၊ မပျော်ပျော်၊ ဒါတွေက သူ့ထုံးစံအတိုင်း လုပ်နေကျပါပဲ။

သူ မည်မျှပင် ဆိုးစေ မိုက်စေကာမူ ဖေဖေက ဒါမလုပ်ရဟု မတားမြစ်ခဲ့ဖူး။

သူ့ကို သိပ်လစ်လျူရှုလွန်းသည့် ဖေဖေ့ကို သူ အရွဲ့တိုက်မိလေ၊ ရန်ဖြစ်မိလေပါပဲ။

မေမေ့ ဓာတ်ပုံရှေ့မှာ ညတိုင်း ရင်ဖွင့်လေ့ရှိတာတော့ သူ အစဉ်အလာ မပျက်ခဲ့။

အခုလည်း သူ့စုတင်ခေါင်းရင်းထက်မှာ ထောင်ထား

သော မေမေ့ပုံကို ဦးရိုက်ကန်တော့ရင်း ရင်ဖွင့်ခန်း စတင်နေပါ တော့သည်။

× × ×

မေခက ထမင်းချက်ရင်း ကျန်ရစ်ခဲ့တာမို့ အလိုလိုနေ ရင်း သူမက ဆိုင်ထွက်ဖို့ ဖြစ်လာသည်။

ဆိုင်ကယ်ကို စတဲင်းမှာ ထိုးထားလိုက်ပြီး စောင်းတန်း ထဲသို့ ဝင်လာလိုက်သည်။

သော့ခတ်ထားသော ဘာဂျာတံခါးမကို သော့ဖွင့်ကာ ထုံးစံအတိုင်းပင် သီချင်းလေးညည်းရင်း ဆိုင် စခင်းပါတော့သည်။

သူမက ယွန်းထည်ပစ္စည်းများ တစ်ခုချင်း ချခင်းနေစဉ် သူမနောက်နားဆီမှ ကိုယ်သင်းနံ့ ခပ်သင်းသင်းကို ရှူရှိုက်လိုက်မိ သည်။ ဒါကို သူမက သတိမပြုဘဲ ပုတီးကုံးလေးများကိုသာ စီကုံး၍

ဆက်ခင်းနေတော့သည်။

"ကုံကော်သားပုတီး လိုချင်လို့ပါ"

အသံသြရှိုးရှိုးကို ကြားရတော့မှ ဈေးဝယ်သူပါလား ဆိုတဲ့အသိနှင့် ကြည့်လိုက်သည်။ သူမ မျက်ဝန်းများက ပြာဝေသွားလုမတတ် အံ့သြသွားရသည်။

မနက်ခင်းစောစောမှာ သိပ်လန်းဆန်းတက်ကြွနေသည့် ခန့်မင်းထယ်၏ရုပ်သွင်ကို အနီးကပ်မြင်တွေ့လိုက်ရ၍ပါ။

မျက်လုံးလေး အဝိုင်းသားနှင့် သူ့ကို တအွေ့တစ်ကောင်တွေ့သလို ပြူးကြည့်နေသော သူမကြောင့် သူ မနေတတ် မထိုင်တတ်ဖြစ်သွားရသည်။ ဒီမိန်းကလေး ပွင့်လင်းတာလား။ ဣန္ဒြေမရတာလား သူ မဝေခွဲတတ်ပါ။ သို့ပေမယ့် ထိုမိန်းကလေးရဲ့ အကြည့်များက သိပ်ကြည်စင်နေတာကိုတော့ သူ ပွင့်ပွင့်လင်းလင်း ဝန်ခံချင်ပါသည်။

ထိုမိန်းကလေးရဲ့အကြည့်က သူ့ကိုပင် နားရွက်များတွေနီရဲသွားစေပါသည်။

"အားနာလိုက်တာရှင်"

အလိုက်ကမ်းဆိုး မသိတဲ့ သူမရဲ့ မျက်လုံးများကြောင့်

ခန့်မင်းထယ်ကို အားနာသွားမိသည်။

"ဗျာ"

အစမရှိ အဆုံးမရှိစကားကြောင့် သူ ဒုတိယအကြိမ် အံ့သြရပြန်သည်။

"ဩော် . . . ဆောရီး ဘာမှမဟုတ်ပါဘူး။ ဟဲ . . . ဟဲ ကုံကော်သားပုတီး ဟုတ်လား"

"ဟုတ်ပါတယ်"

"ခဏနော် . . . ရှာပေးမယ်"

သူမ စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

သူမ ပုတီးပုံကြီးထဲ ကုံကော်သားပုတီးကို မွှေနှောက်ရှာဖွေလိုက်သည်။

ခန့်မင်းထယ် ရယ်ချင်သွားမိပါသည်။

ဒီလောက်ထိ ကမောက်ကမနိုင်တဲ့ မိန်းကလေးမျိုး သူ ပတ်ဝန်းကျင်မှာ မတွေ့ခဲ့ဖူးပါ။

ဒီလို မိန်းကလေးမျိုး လောကမှာ ရှိမယ်လို့လည်း ထင် ထားခဲ့။ သူမပုံလေးမှာ ပျာယီးပျာယာလေး ဖြစ်သည်။

ရုပ်ရည်ကတော့ အချောစားကြီးတွေထဲမှာ မပါတဲ့

သင့်တင့်တဲ့ ရုပ်ရည်မျိုးပါ။

သို့ပေမယ့် ကြည်စင်ဝိုင်းစက်တဲ့ သူမရဲ့ မျက်လုံးပြူးလေးများက ရိုးသားခြင်းကို ဖော်ပြနေ၍လားမသိ။ တစ်မျိုးလေး ချစ်စရာကောင်းနေသည်။

သူမက ပုတီးပုံကြီးထဲမှ ပုတီးတစ်ကုံးထုတ်လာကာ . .

"ဟော . . . တွေ့ပြီ။ ဒါ ကံ့ကော်သားပဲ"

ဟုဆိုကာ သူ့ကိုပေးလာသည်။

သူက သူမပေးတာကို လှမ်းယူလိုက်ပြီး . . .

"ဘယ်လောက်လဲ"

သူ့အမေးကြောင့် သူမ စဉ်းစားရော တသိကြီးဖြစ်သွားရသည်။

အခုတလော ဈေးက ရောင်းမကောင်းတာနဲ့ မဖြစ်ဘူး။ သူက သူ့ဈေးပဲ။ ပုတီးက (၇၀၀)ဆိုတော့ (၁၂၀၀)ပြောလိုက်မှပဲ။ ဟဲ . . . ဟဲ ဒီအကြံမဆိုးဘူးဘဲ။

"ထောင့် . . . ထောင့်နှစ်ရာပါ"

သူမ မရိုးမသားစိတ်ကြောင့် မလုံတလုံလေး ပြောလိုက်သည်။

သူကတော့ ရိုးရိုးသားသားပင် ပိုက်ဆံအိတ်ကိုထုတ်ကာ တစ်ထောင်တန်တစ်ရွက်နှင့် နှစ်ရာတန်တစ်ရွက်ကို ထုတ်ပေးလာသည်။

ထို ပိုက်ဆံကို သူမ စိတ်မလုံ၍ မယူရဲပါ။

"မ . . . မဆစ်တော့ဘူးလား"

သူမ အမေးကို သူက မဖြေပါ။ ပိုက်ဆံကိုသာ သူမ ရှေ့သို့ထိုးပေးလာသည်။

"ဈေးဝယ်ရင် ဆစ်ပြီး . . . အဲ . . ."

ရိုက်စားလုပ်လိုက်မိ၍ သူမ စိတ်မလုံ။ သို့သော် ကိုလူချောက သူမ ဘာပြောပြော ဂရုပင်မစိုက်ဘဲ သူလိုချင်တာလည်း ရပြီမို့ ကျသင့်ငွေကိုသာရှင်းကာ ကျောခိုင်းသွားလိုက်သည်။

"ကြီးကျယ်လိုက်တာ . . . ဈေးမဆစ်ချင်လည်းနေပေါ့။ ပိုက်ဆံတောင် ပိုရသေးတယ်။ မြတ်တောင် မြတ်သေး"

ဟု မကျေမနပ်လေး ပြောလိုက်မိပါသေးသည်။ မကျေနပ်စိတ်တို့နှင့် ဆိုင်ကို စပ်သွက်သွက်ခင်းပစ်လိုက်ရာ ခဏတွင်းမှာပင် ဆိုင်ခင်း၍ပြီးသွားခဲ့သည်။

အချိန်တိုင်းမှာလည်း ခန့်မင်းထယ်၏ သန့်ပြန့်ရည်မွန်

တဲ့ ရုပ်သွင်ကိုသာ မြင်ယောင်ပြီး စိတ်ကူးအမျိုးမျိုးနှင့် မြူးရွှင်စောင်း မြောင်း နေမိသည်။

နောက်တစ်ခါ ပြန်တွေ့လို့ကတော့ နုတ်နုတ်စင်းပစ်မယ်ဟု တွေးပစ်လိုက်သည်။

သူမ ရေးခင်းပြီး၍ မကြာပါ။ မေမေက ထမင်းချိုင့်ဆွဲပြီး သတင်းစာတစ်စောင်ကိုင်ကာ ပျာပျာယာယာနှင့် ရောက်လာခဲ့သည်။

"မြည်းမြည်းလာပါ။ ဆင်တွေ၊ ကျားတွေတက်နင်းမိနေဦးမယ်"

"မြည်းလို့မရဘူး အစ်မတော်ရေ . . . ဒီမှာ အလုပ်ခေါ်တာပါလို့"

"ဟေ . . . ဟုတ်လား။ ပြစမ်းပါဦး . . . ဘယ်မှာတဲ့လဲ"

"အလုပ်က စားပွဲထိုးကြီးဟ။ ယည်ယည်ကျေးကျေး ပြောရရင်တော့ ဝန်ဆောင်မှုဝန်ထမ်းပေါ့ဟာ။ သွားမလျှောက်ပါနဲ့တော့ဟာ"

မေမေက အားလျှော့သလို ပြောလိုက်၍ သူမ သတင်းစာပင် ကိုင်မကြည့်ဖြစ်တော့။

"ဒါပေမယ့် အလုပ်လုပ်ရမယ့် နေရာက မိုက်တယ်ဟ"

"ဘယ်မှာလဲ"

"78 (ဆယ်ဗင်တီအိမ်ရှ်)မှာ"

"ဆယ်ဗင်တီအိမ်ရှ်"

"အင်း . . . ကော်ဖီဆိုင်ဆိုလားပဲ။ နေပါဦး . . . နာမည်က ခပ်ဆန်းဆန်းရယ်ပါ။ ဩော် . . . သိပြီ။ စင်ပလီတဲ့"

"ဘာ . . . စင်ပလီ ဟုတ်လား"

သူမ အံ့အားတကြီးဖြစ်သွားကာ ရထားသော သတင်းတခေါက်ကလေးကို ပြန်ယူကြည့်လိုက်သည်။ သတင်းဖြတ်ပိုင်းလေးကို ကြည့်ပြီး သူမက မျက်ရှင်ဈွာ တဟားဟား အော်ရယ်နေသေးသည်။

"ဓိန်းမ . . . ရှင် ဂေါက်သွားပြီလား"

"ဟား . . . ဟား . . . ဟား . . . ငါ မနက်ဖြန်ပဲ သွားလျှောက်မယ်"

"ရှင့်အဆင့်က စားပွဲထိုးထက် သာပါတယ်"

"အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့ မေမေရဲ့"

"ဒါပေမယ့်"

"မနက်ဖြန် အလုပ်သွားလျှောက်မယ်။ နံပါတ်တစ် အလုပ် လုပ်ရမယ်။ နံပါတ်နှစ် အလုပ်ရ ရမယ်။ နံပါတ်သုံး အလုပ်ရ ရမယ်။ ဒါပဲ"

ဟု ပြုံးတုံ့တုံ့နဲ့ ပြောနေသည်။

မေခက မပြောချင်တော့ဆိုသော ပုံစံမျိုးနှင့် နှုတ်ခမ်းမဲ့သွားကာ အခြားတစ်ဖက်သို့ လှည့်သွားသည်။

အားမင့်ကတော့ သူမအတွေးနှင့် သူမရဲ့ နှုတ်ခမ်းတွေကို မပီပြင်စွာ ပြုံးနေခဲ့ပါသည်။

သေချာနေသည်။ သူမအပြုံးက သိပ်လှပသက်ဝင်နေမယ်ဆိုတာ။

အချစ်နတ်ရဲ့ ခေါ်ဆောင်လာမှုကြောင့် ထိုမိန်းကလေးဟာ တွင်းနက်ကြီးထဲပဲ ကျလေမလား။ ပန်းစံအိမ်ကြီးထဲပဲ ရောက်သွားမလား ခေါ်ဆောင်နေတဲ့ အချစ်နတ်ပဲ သိနိုင်လိမ့်မည်။

x x x

"အားမင့်"

ဟု ခေါ်သံကြောင့် သူမ ခေါင်းဆတ်ခနဲ မော့သွားရသည်။ ရွတ်ဆိုနေမိသော ဘုရားစာက နှုတ်ခမ်းများ၌ ပျောက်ဆုံးကုန်၏။

သူမ ရုတ်တရက် မတ်တတ်ထရပ်လိုက်တော့ ပေါင်ပေါ်တင်ထားသော အိတ်ကလေးက ပြုတ်ကျသွားသည်။ သူမ အိတ်ကို မျာမျာသလဲ ကောက်ယူကာ သူမကို အလေးသာကြည့်နေကြသူများကို သွားဖြဲကာ ပြုံးပြလိုက်သည်။

မှန်အနက်များနှင့် ကာရံထားသော အခန်းတံခါးကို

တွန်းဖွင့်ကာ ဝင်သွားသည်။

သူမ အခန်းငယ်လေးကို သိပ်သဘောကျသွားမိသည်။ အခန်းထဲက အပြင်ဘက်သို့ကြည့်လျှင် ထင်ရှားပြတ်သားစွာ မြင်ရ၏ပါ။

နံ့ပေါ်တွင် အခန့်သားထိုင်နေသော ကိုလှရှောနား သွားရပ်ကာ . . .

"ဟုတ်ကဲ့ပါ။ အားမငဲ့ပါ"

"သချာအမိကနဲ့ ကျောင်းပြီးထားတာနော်"

"ဟုတ်ကဲ့"

ခန့်မင်းထယ်ပြောရင်း ခေါင်းမော့လာသည်။

ထို မိန်းကလေးရဲ့ မျက်နှာကိုမြင်တော့ မျက်မှောင်ကျုံ့၍ စဉ်းစားမိလိုက်သည်။

သူ့ စိတ်ထဲ ဇဝေဇဝါဖြစ်နေသည်။ သူ ထိုမျက်နှာမျိုး ဘယ်မှာတွေ့ဖူးပါလိမ့်ဟု သူ စဉ်းစားမရပါ။ သို့သော် ထို မိန်းကလေးကို သူ ကောင်းကောင်းသိနေပါသည်။ ဘယ်မှာပါလဲ။ သူ စဉ်းစားမရပါ။ ဘာမှ မသက်ဆိုင်တဲ့ကိစ္စမို့ သူ ထပ်ပြီး မစဉ်းစားချင်တော့။

"ထိုင်ပါ"

"ဟုတ်ကဲ့"

"ခင်ဗျားရဲ့ ပညာအရည်အချင်းအရ ဒီထက်ကောင်းတဲ့ အလုပ်ရနိုင်ပါတယ်"

"ဟို . . . ကျွန်မ ဒီအလုပ်ကို လုပ်ချင်လို့ပါ။ ပြီးတော့ ကျွန်မအခြေအနေကလည်း အလုပ်ရမှ ဖြစ်မှာမို့ပါ။ အလုပ်မရ ရင် ကျွန်မဘဝ မစဉ်းစားရဲဝံ့ပါဘူး"

သူမက အမူပိုကာ မျက်နှာငယ်လေးနှင့် ပြောလိုက် သည်။

"မင်း သေချာစဉ်းစားနော်။ ကိုယ်တို့ စင်ပလီက (၃)လ အနည်းဆုံး လုပ်ရမယ်။ သုံးလ မလုပ်နိုင်သူက လခငွေကို ပြန် လျော်ရလေ့ ရှိတယ်"

"အားမငဲ့ လုပ်နိုင်ပါတယ်။ လုပ်မှာပါ။ တကယ်ပါ။ လုပ် နိုင်ပါတယ်"

"ကောင်းပြီလေ။ မင်းလိုပုံစံမျိုးနဲ့ အရည်အချင်းမျိုးကို ကိုယ့်မှာ ဘာမှ ငြင်းစရာမရှိပါဘူး။ လခက သုံးသောင်းခွဲရမယ်။ (A)အဖွဲ့၊ (B)အဖွဲ့ခွဲထားမယ်။ (၃)ရက်ကို မနက်ပိုင်းအဖွဲ့.(၃)

ရက်ကို ညနေပိုင်းအဖွဲ့ဆိုပြီး ဝန်ထမ်းတွေကို နားချိန်နဲ့ သတ်မှတ်ပေးထားတယ်။ ကိုယ်က အလုပ်ကိုလေးစားမှ အချိန်ကို တိကျမှု ကြိုက်တယ်။ အကြောင်းပြချက်မဲ့ ပျက်ကွက်တာမျိုးကို လက်မခံ တတ်ဘူး။ မင်း သေချာစဉ်းစားပါ။ လုပ်နိုင်မှ လုပ်ပါ"

"ဟုတ်ကဲ့ . . . အားမငဲ့ လုပ်နိုင်ပါတယ်။ ဘယ်တော့ အလုပ်စဆင်းရမလဲ"

ဟု သွက်သွက်လက်လက်နှင့် ပြီးစလွယ်ပြောသွားတဲ့ သူမကို မနှစ်သက်မိပေမယ့် အလုပ်ခန့်ဖြစ်သွားတယ်။

"မင်းက (B)အဖွဲ့ထဲမှာ ပါတယ်။ မနက်ဖြန် (၁)နာရီက စလို့ အလုပ်ဆင်းရမယ်။ လခကိုတော့ ကြိုပေးလေ့မရှိဘူး"

"ဟုတ်ကဲ့"

"ထပ်ပြီး မေးစရာမရှိရင် သွားလို့ရပြီ"

ဒါဆို အလုပ်ရပြီပေါ့။ သူနဲ့အတူ အလုပ်လုပ်ရတော့ မှာပေါ့။ ဟီ . . . ဟိ . . . ပျော်လိုက်တာ။

အတော်ပဲ အလုပ်ရတဲ့ အထိမ်းအမှတ်အနေနဲ့ ဝင်တာ ထဲ ပတ်လည်ရမယ်ဟုတွေးကာ ဝင်တာအနံ့ လှည့်လည် ပတ်ကြည့်လိုက်သည်။

မြင်မြင်သမျှကို ဟိုဟာကိုင်ကြည့်၊ ဒီဟာကိုင်ကြည့်နှင့် ဦးတော့ ဈေးကြီးတယ်ဟု ပွတ်တွပ်မွတ်တွပ်လေးပြောကာ ရ ဘားလိုက်နှင့် အတော်လေး အလုပ်ဖြစ်နေမိသည်။

နောက်ဆုံးမှာတော့ တယောထိုးနေသော မိန်းမငယ် ရုပ်လေးရှေ့အရောက်မှာတော့ သူမ မျက်စိကို မဖယ်နိုင်တော့ပါ။ သူမ သိပ်လိုချင်သွားမိသည်။ ဂါဝန်အဖြူလေးနှင့် ခုံတန်းပေါ် အကျအနထိုင်နေသော သူမလေးက တယောကို ဆွဲလိုက်လျှင် အေးငြိမ့်ငြိမ့်သံစဉ်လေးနှင့်အတူ ခန္ဓာကိုယ်လေး ယိမ်းထိုးလာ သည်။

သူမ လိုချင်စိတ်နဲ့အတူ ဈေးနှုန်းကို ဖတ်ကြည့်လိုက် တော့ (၁၀၀၀၀ိ/)ဟု ရေးထား၍ မျက်လုံးလေး ဝိုင်းသွားရသည်။

ဘာပဲဖြစ်ဖြစ် သူမ ဝယ်မည်ဟု ဆုံးဖြတ်ကာ အရောင်း ဝန်ထမ်းအား ပစ္စည်းကို သေချာထုပ်ပိုးနိုင်းပြီးကာမှ ပြသနာ တက်လာရသည်။

"ဘုရားရေ . . . ငါ့ ပိုက်ဆံအိတ် ပါမလာပါလား"

အရှက်ကွဲတော့မှာပါလားဆိုသော စိုးရိမ်စိတ်နှင့်အတူ သူမ တစ်ကိုယ်လုံး စမ်းလိုက်မိသည်။ နောက်ဆုံးတော့ လွယ်

ထားသော အိတ်ကိုပင် မှောက်သွန်လိုက်သည်။ သေရှာသည် ပါ မလာပါ။

"ငါ သေရှာထည့်ခဲ့တာပါ။ ဘယ်နားကျ ကျန်ခဲ့သလဲ"

သူမ သေရှာအောင် ပြန်စဉ်းစားလိုက်သည်။

"ဟုတ်ပြီ။ မေခဆီမှာ ကျန်ခဲ့တာပဲ။ ဟ . . . ပြဿနာပဲ"

သူမ စိတ်ပျက်သွားမိသည်။ ထမင်းချိုင့်ထည့်သည့်ခြင်း ထဲထည့်ထားမိရာမှ ကျန်ခဲ့ခြင်းဖြစ်သည်။

"ဒုက္ခပါပဲ"

သူမ ပတ်ဝန်းကျင်ကိုပင် သတိမပြုမိတော့ဘဲ စိတ်ရှုပ် ထွေးစွာ ထိုင်ချလိုက်မိတော့သည်။

အမှတ်မထင် ကိုးရိုးကားရားပုံစံမျိုးနှင့် သူမကို ဇန် မြင် မိလိုက်ပါသည်။

ဇန် သူမကို ချက်ချင်းမှတ်မိလိုက်ပါသည်။

သူမဟာ ဒီလိုပဲ ကိုးရိုးကားရားနိုင်လှတဲ့ မိန်းကလေး လား။

သူမက အရမ်းကို စိတ်ထိခိုက်နေသော မျက်နှာမျိုးနှင့် ဒီ ဘာဖြစ်နေတာလဲဆိုတာ သူ ပို၍စိတ်ဝင်စားမိသွားသည်။

ဒုက္ခရောက်နေပုံမျိုးနှင့် သနားကမားလေး ခေါင့်လေး မှာ ကွေးကွေးလေး ထိုင်နေသည်။

သူ့ရဲ့ ပေါက်ဖော်ကြီးများက သူ့နားမှာ ရှိမနေကြသဖြင့် သူ ထိုမိန်းကလေးကို စိတ်လွတ်ကိုယ်လွတ် ငေးနေလိုက်မိသည်။

မကြာမီမှာပဲ ဝန်ထမ်းဝတ်စုံနှင့် မိန်းကလေးတစ်ယောက် က သူမထံ အထုပ်တစ်ထုပ် လှမ်းပေးသည်။ သူမက မချိသွားဖြ လေးလုပ်ကာ ဘာပြောနေတယ် မသိ။

သူ စိတ်ဝင်စားမိ၍ အနီးအနား တိုးကပ်သွားသည်။

"ဟိုလေ . . . အဲ့ဒါ နောက်မှပဲ လာဝယ်တော့မယ်။ အဲ့ လိုက်ပဲ ချန်ထားလိုက်။ ကျွန်မ တကယ် လာဝယ်မှာပါ။ အခုက ပိုက်ဆံအိတ် ကျန်ရစ်ခဲ့လို့ပါ။ ဒါလေးကို ကျွန်မ သိပ်ကြိုက်ပါ တယ်။ ချန်ထားပေးနော်။ တကယ် လာယူမှာပါ။ မနက်ဖြန် ဝင်ပလီမှာ အလုပ်ဆင်းရတော့မှာဆိုတော့ တကယ် ယူဖြစ်မှာ ပါ"

ဝင်ပလီဆိုသော နာမည်ကြောင့် သူ ရုပ်အနည်းငယ် တည်သွားမိသည်။

"ရပါတယ်။ ချန်ထားမယ်လို့တော့ အာမ မခံဘူး။ ဒါက

ရောင်းကုန်မို့ပါ"

"ကျွန်မ အရမ်းကြိုက်"

သူမ အသံက သိပ်ကျည်းကြပ်နေပုံမျိုးပါ။ ဘာပဲဖြစ်ဖြစ် သူမ ဆန္ဒသိပ်ပြင်းပြနေပုံအရ သူမရဲ့ ဆန္ဒကို သူ့ဓာတ်အတွင်းမှာ ဖြည့်ဆည်းပေးရင်သွားသည်။ သူက စိတ်ထင်ရင် ဘာမဆို လုပ်တတ်သူမို့ ဘာမှ ထပ်ပြီး စဉ်းစားမနေတော့ဘဲ . . .

"ဘယ်လောက်လဲ"

ဟု ခပ်တည်တည်ပင် ဝန်ထမ်းမလေးကို မေးလိုက်သည်။ ဝန်ထမ်းမလေးက ကြောင်တက်သွားပြီး . . .

"၁၀၀၀၀ဝ/ ပါ"

သူ ပိုက်ဆံအိတ်ထဲမှ ငွေတစ်သောင်းကိုထုတ်၍ ရှင်းပေးလိုက်သည်။

သူ့ကို ကြောင်နစွာ ငေးကြည့်နေသော သူမမျက်ဝန်းဝိုင်းဝိုင်းလေးများက သူ့ကိုကျေတ်မှန်တော့မည့်အလား ပင်။

သူက ကျသင့်ငွေကို ရှင်းပေးပြီး စကားတစ်လုံးမှ ထပ်မဆိုဘဲ လှည့်ထွက်လာခဲ့တော့ သူ့နောက်မှ ခြေသံတစ်ခုက ကပ်ပါလာခဲ့သည်။

ထိုခြေသံကြောင့် သူ့ခြေလှမ်းတွေကို တုန့်ခနဲ ရပ်ပစ်လိုက်သည်။ သူ လှည့်ကြည့်လိုက်တော့ မျက်လုံးလေး အဝိုင်းသားနှင့် စိုးရိမ်စွာကြည့်နေသော သူမကြောင့် သူ မျက်မှောင်ကျုံ့ပစ်လိုက်မိသည်။ မိန်းကလေးတွေဟာ ဒီလိုပါပဲ။ သူတို့ အခက်အခဲကို ကူညီရင် ကျေးဇူးတင်စကားပြောမယ်။ ဒါပဲ . . .။ သို့သော် သူ ထင်မြင်ချက်က တက်တက်စင်လွဲသွားရပါသည်။

"ဟို . . . ဟိုလေ"

သူ အကြည့်စူးစူးကြောင့် သူမမှာ စကားထစ်နေပေပြီ။

"ပြော"

သူက အားမရ၍ စကားခေါ်လိုက်မှ သူမက လည်ရောင်းရှင်းကာ

"ဟို . . . ဟဲ . . . ဟဲ . . . ကူညီလက်စနဲ့ ပိုက်ဆံ (၁၀၀၀) လောက် ချေးပါလား"

"အမ်"

ဒီတစ်ခါ မှင်တက်သွားရသူမှာ သူပါ။

သူ အံ့ဩသွားရပါသည်၊ ဘယ်လိုဟာလေးပါလိမ့်။ သို့သော် သူမက မရဲတရဲလေးနှင့် အားယူပြီး ပြောရပုံမျိုးနှင့်ပါ။

သူ နည်းနည်းတော့ ပြုံးချင်ချင် ဖြစ်သွားရသည်။ ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်ထုတ်ပြီး ပေးလိုက်သည်။ သူမက ထိုပိုက်ဆံကို လှမ်းယူရင်း . . .

"ဆိုင်ကယ် ရွေးခမရှိရင် ပြဿနာဖြစ်မှာမို့ပါ။ ဟဲ . . . ဟဲ . . . အခုမှပဲ အဆင်ပြေသွားတော့တယ်"

ဟု စိတ်သက်သာရာရစွာ ပြောသွားသေးသည်။

"နောက် ကြုံရင် ပြန်ဆပ်မယ်နော်။ ပြီးတော့ ရှင့်ကို ပေးစရာလည်း ရှိသေးတယ်။ အခု ပါမလာဘူး"

သူ့ရင်ထဲ ပဟေဠိဖြစ်သွားသည်။ ဘာလဲ။

သူမက ထိုသို့ပြောပြီး လှစ်ခနဲ ပြေးသွားပြီးမှ ပြန်လှည့်လာကာ . . .

"ဟဲ . . . ဟဲ . . . ကျေးဇူးပဲ"

ဟု ရှက်နောက်နောက်လေးပြောကာ ပိုက်ဆံထောင်တန်ကို ယမ်းပြလိုက်သေးသည်။

အင်မတန် ပျော်ရွှင်သွားပုံမျိုးနှင့် လွှတ်လွှတ်လပ်လပ် ပြေးထွက်သွားသော သူမကြောင့် သူ ပြုံးလိုက်မိသည်။

သူ့ ပခုံးကို အနောက်ဘက်မှ ပုတ်လိုက်မှ သူ သတိဝင်

သွားရသည်။

"ငေးလှချည်လား။ အဲ့ဒီလောက်ကြီးလည်း မလှပါဘူး"

သူမရဲ့ နောက်ကျောကိုကြည့်၍ ဝဏ္ဏကပြောလိုက်ခြင်း ရယ်ပါ။

သူ့ရဲ့အပြောကို ဇနက ဘာမှ မတုန့်ပြန်ပါ။

"ကော်ဖီသောက်ရအောင်ကွာ။ ခံတွင်းချဉ်တယ်"

ဟု ဇာနည်က ပြောလာ၍ သူတို့ ကော်ဖီဆိုင်တွေရှိရာသို့ လာခဲ့လိုက်သည်။

စင်ပလီဆိုသော မေတ္တာတုံးကြီးရဲ့ဆိုင်ရှေ့သို့ အဖြတ်မှာ . . .

"ကျွန်မ မနက်ဖြန် စင်ပလီမှာ အလုပ်ဆင်းရတော့မှာ"

မဆီမဆိုင် သူမအသံလေးကို ထပ်ကြားမိလိုက်သည်။ သူ စဉ်းစားမိသော အာရုံအချို့နှင့် ဆိုင်လေးကို မျက်စိစွေပြီး ကြည့်လိုက်စဉ်မှာ မှန်အကြည်ကာရံထားသော တံခါးလေးက ပွင့်လာကာ အချစ်တော်ကြီး ခန့်မင်းထယ် ထွက်လာသည်။

စောစောက ကြည်လင်လက်စ စိတ်ကူးအချို့က မှောင်မိုင်းပုတ်သိုးသွားရသည်။

ခန့်မင်းထယ်ကလည်း ဖွင့်ထားလက်စ မှန်တံခါးကို မပိတ်နိုင်သေးဘဲ သူ့ကို စိုက်ကြည့်နေပြန်ပါသည်။

သူတို့နှစ်ယောက်ရဲ့ အကြည့်အားပြိုင်မှုကြောင့် ကျန်လေးယောက်မှာ အလိုလိုနေရင်း ပွဲကြည့်ပရိတ်သတ် ဖြစ်သွားရသည်။ ဒါကတော့ သူတို့နှစ်ယောက်ရဲ့ပတ်သတ်မှုကို သိနေလို့ပါ။

သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ဘာတစ်ခွန်းမှ မပြောပါဘဲ ကျော်တက်ဖြတ်လျှောက်သွားကြသည်။

ထိုအခါမှ ကျန်လေးယောက်က ဖန်နောက် ပြေးလိုက်လာကြသည်။

သူတို့ အံ့သြရပါသည်။

နှစ်ယောက်လုံးက ရည်းစားမထားကြတာခြင်း၊ ဘဝင်မြင့်ကြတာခြင်း၊ ရုပ်ချောကြတာခြင်း၊ ပိုက်ဆံချမ်းသာကြတာခြင်း တူနေပါရဲ့ မတည့်ကြခြင်းကိုပါ။ သိပ်စကားနည်းလှတဲ့ ဖန်ကိုလည်း မိသားစုအကြောင်းမမေးရဲပါ။

ဖန်က စိတ်ပါလက်ပါ ပြောပြမှသာ ဖန်ရဲ့အကြောင်းကို သိခွင့်ရပါသည်။

ထိုသို့ပြောပြတဲ့အချိန်မျိုးကလည်း ဖန် သိပ်ခံစားနေရ

တဲ့ အချိန်မျိုးတွေပါပဲ။

ဒါကြောင့် ဘာမှ မမေးရဲသလို မမေးရက်တာလည်း ပါရသည်။

ဖန်က သူတို့ရဲ့ ဟီးရိုးဖြစ်သည်။

ဖန်ကို သူတို့ ခင်မင် သဘောကျရပါသည်။

× × ×

သွက်လက်စွာ လှုပ်ရှားနေသော အားမငဲ့ကို သူ မကြာခဏ လှမ်းကြည့်ဖြစ်ပါသည်။ ဘာကြောင့် ကြည့်မိတယ် မသိပေမယ့် သူမကို ကြည့်ရတာ စိတ်ကြည်လင်မိလို့ပါ။

သူမ မျက်နှာတွင် အခြားသော အမျိုးသမီးတွေလို ဘာအရောင်မှမပါ။ ပကတိ ရိုးရှင်းကြည်စင်နေသည်။ အင်မတန် ရိုးသားကြည်စင်တဲ့ သူမကို ကြည့်ရတာ စိတ်ချမ်းသာလွန်း၍ ကြည့်ဖြစ်တာလည်း ဖြစ်နိုင်သည်။

ဆိုင်ပိတ်ချိန်မို့ သူမက ခုံတွေကို ဟိုမ ဒီရွှေ့နှင့် ပိုပြီး အလုပ်ရှုပ်နေပါသည်။

သူကတော့ လုပ်လက်စများကို လက်စသတ်လိုက်သည်။ သူ ဒီနေ့ အိမ်ကို စောစောပြန်ရလိမ့်မည်။ စိုးအိကို မှာစရာရှိသည်များမှာ၍ အပြင်ကို ထွက်ခဲ့သည်။ သူ ဆိုင်ကယ်ကိုထုတ်ပြီး စက်နှိုးလိုက်ချိန်မှာတော့ အားမငဲ့ဆိုသော သူမက စင်တာကြီးရှေ့သို့ပင် ကုပ်ချောင်းချောင်းလေး ထွက်လာခဲ့ပါသည်။

သူ မြင်ပေမယ့်လည်း မမြင်ချင်ယောင်ပြုကာ ဆိုင်ကယ်ကို ရှေ့သို့ ဦးတည်မောင်းလိုက်သည်။

ဆိုင်ကယ်နှင့် ဖြတ်သွားသော သူ့ကို အားမငဲ့ မြင်လိုက်၍ ငေးမောနေလိုက်သည်။

"သိပ်သန့်တာပဲ။ ဟီ . . . ဟိ . . . ရင်ခုန်ချင်စရာကြီး"

ဟု ရွတ်နောက်နောက် တွေးမိလိုက်ပါသည်။

သူမက ဆိုင်ကယ် ပါမလာပါ။ ဒါကြောင့် မေခ အကြိုကို စောင့်ရပေဦးတော့မည်။

သူမက မာကျူရီ မီးရောင်အောက်မှာထိုင်၍ မျှော်ပုံတော်ဖွင့်ပါတော့သည်။

တဖြည်းဖြည်း အချိန်တွေကြာလာခဲ့ပေမယ့် မေခက ရောက်မလာခဲ့ပါ။

သူမ စိတ်ရှုပ်ထွေးစွာ နှံရဲကိုမှီလိုက်သည်။

ထိုစဉ် တေလေကြမ်းပိုး လမ်းသရဲများက သူမနား လာပြီး ရိတိတိ ပြောလာသည်။

သူမ သိပ်စိတ်ရှုပ်သွားရပါသည်။

သူမ သိပ်စိတ်ရှုပ်မိနေတုန်း တစ်ဖက်မှ ကိုယ်သင်းနံ့သင်းသင်းက ထပ်မံထွက်ပေါ်လာ၍ သူမ မော့ကြည့်မိလိုက်သည်။

ဇန်ဖြစ်နေ၍ သူမ အားကိုးတကြီးပင် ဖြစ်သွားရသည်။

ဇန်က တစ်ခွန်းမျှ မဆိုပါ။ သူမကိုရော၊ လမ်းသရဲအဖွဲ့ကိုပါ မမိုတ်မသုန် စိုက်ကြည့်နေပါသည်။ ရန်ပွဲကိုလည်း သူမက ကြောက်ပါသည်။

ဇန်ရဲ့ စိတ်ခပ်ဆတ်ဆတ်ကိုလည်း သူမက ကြိုသိနေပါသည်။

သူမက အကြံတစ်မျိုးရကာ . . .

ဇန်ရဲ့ လက်မောင်းကို တွဲခိုလိုက်သည်။

"သိပ်နောက်ကျတာပဲ။ လာကြိုမယ်ပြောပြီး စောင့်ရတာ တော်တော်ကြာသွားပြီ"

သူမရဲ့ မပြောတတ်ပြောတတ် စကားသံကြောင့် ဇန်အပါအဝင် ကျန်လူလေးယောက်မှာ အံ့ဩသွားရသည်။ သူမအပြုအမူကြောင့် တစ်ဖက်လူများမှာ ချက်ချင်းရှဲသွားရသည်။

သူမက သဘောတကျနှင့် ပြုံးကာ တွဲခိုထားသော ဇန်ရဲ့လက်မောင်းကို မဖြုတ်မိသေး။

နောက်တော့မှ သတိရသွားကာ အားနာပါးနာ ဖယ်လိုက်ကာ . . .

"ဟဲ . . . ဟဲ . . . ကျေးဇူးတင်ရပြန်ပြီ"

ဟု မချိသွားဖြဲလေးနှင့် ပြောလိုက်သည်။

သူတို့နှစ်ယောက်ရဲ့ ရင်းနှီးနေသော ပုံစံကြောင့် ကျန်လူများမှာ အံ့ဩနေရသည်။

"ဟဲ . . . ဟဲ . . . အားနာစရာတော့ ဖြစ်နေပြီ။ ရှင် အားမငဲ့သိက အကြွေးတောင်မလို့လား။ ဟဲ . . . ဟဲ . . . ပါမလာပြန်ဘူး။ အိမ်ကို လိုက်ယူရင်တော့ ဖြစ်ပါတယ်"

"ငါက ချစ်တီးမဟုတ်ဘူး"

"ရှင်"

သူရဲ့ ဘုတောတော အပြောကြောင့် သူမမှာ ကြောင်နေ

သွားရသည်။

"ဘာထိုင်လုပ်နေတာလဲ"

"ဟို . . . စောင့် . . . စောင့်နေတာ"

ထစ်အအနဲ့ မရဲတရဲလေး ဖြေနေသော သူမကြောင့် သူ ပြုံးမိသွားသည်။

သူ့အပြုံးကို အားမငဲ့ ငေးခနဲဖြစ်သွားရသည်။

"ပြုံးနေရင် အဲ့လောက်လှရဲ့သားနဲ့ ဘာဖြစ်လို့ စူထော် နေရတာလဲ"

"ဟင်"

အခုတစ်ခါ ကြောင်တက်သွားရသူက သူရယ်ပါ။

ထိုမိန်းကလေးအပြောကြောင့် ကျွန်လေးယောက်မှာ ပြုံးစိစိဖြစ်လာကြသည်။

ဇန့်ကို ဒီလို ပြောနိုင်တာ ထိုမိန်းကလေးသာ ပထမဆုံး ဖြစ်သည်။

"ဘာမှ မဟုတ်ပါဘူး။ မကြားဘူးလို့ မှတ်လိုက်နော် ဟဲ . . . ဟဲ"

သူမရဲ့ မရိုမရွဉ်အပြုံးကြောင့် ဇန်မှာ ငိုရမလို ရယ်ရ

မလို ဖြစ်သွားရသည်။

ဒီမိန်းကလေးဟာ သူ့ပတ်ဝန်းကျင်က မိန်းကလေးတွေ နဲ့မတူ လုံးလုံးကွဲပြားနေတာကို သူကောင်းကောင်းသတိထားမိ လာသည်။

ပြီးတော့ သူမနှင့် စကားပြောရတာလည်း ပျော်သလို ရှိ ပြီး သူမကိုလည်း ခင်မင်မိသလိုပင်။

"ဆိုင်ကယ် မပါဘူးလား"

"ဟင့်အင်း . . . လာကြိုမှာ"

"လာကြိုမယ့်သူက ဒီနေ့ရော လာဦးမှာလား"

"အမ်း . . . လာမှာပါ . . . လာမှာ"

"လိုက်ပို့ပေးမယ်။ ကားပေါ်တက်"

"အင်း . . . ရ . . . ရပါ . . . အင်း . . . တက်မယ်။ တက်မယ်။ ဒီနေ့ မေမ ခေါင်းကိုက်တယ်လို့ ပြောနေတာ။ နေများ မကောင်း ဘာထင်တယ်"

ဟု တွေးဆဆလေးပြောကာ ဟန်မလုပ် ပန်မလုပ်နှင့် သူ ညွှန်ပြရာ သူမအလွတ်ရနေပြီဖြစ်သော ဂျစ်ကားအဝါလေး ပေါ်သို့ တက်လိုက်သည်။

သူမ ကားပေါ်ရောက်ပြီးသည်နှင့် သူတို့ အလျှိုလျှို တက်လာကြပြီး မောင်းထွက်လိုက်သည်။

သူမက ကားမောင်းနေသော ရှပ်တည်ကြီးနှင့် သူ့ကို ခဏ ခဏ နိုးကြည့်မိလိုက်သည်။

ပါးလျှာသော နှုတ်ခမ်းအစုံ တင်းစေ့ပြီးမှသာ သူမ ညွှန်ပြရာသို့ ဦးတည်မောင်းနှင်နေသည်။ သူမကိုမူ တစ်ချက်မျှ လှည့်မကြည့်။

"ရှင့်ကို ရင်းရင်းနှီးနှီးကြီး ခင်မိသလိုပဲ"

"မင်း ဘာအကူအညီ လိုချင်ပြန်ပြီလဲ"

"အာ . . . ရှင်ကလည်း"

"သိဘူးလေ။ မင်းက ဟဲဟဲဆိုရင် ဝိုက်ဆံချေးမယ်။ အခုက ဖားနေပြီဆိုတော့ ဘာလဲလို့"

"တကယ်ပြောတာ။ အားမငို့ မလိမ်ပါဘူး။ ရှင့် နာမည် ဇန်ဆိုတာလည်း သိတယ်။ ဒါကြောင့် ရှင်တစ်ခါခေါ်တာနဲ့ လိုက်ခဲ့တာပေါ့"

"ဘာလဲ။ မင်းက ကိုယ်လိမ်မှာ စိုးလို့လား"

"မစိုးပါဘူး။ ရှင်ကလည်း လိမ်တတ်ပုံ မရဘူး။ ရှင်က

သာ အားမငို့ကို မသိတာ။ ရှင့်ကို အားမငို့ အတော်လေးသိတာ"

ဟု တွေးဆဆလေးနှင့် ပြောလိုက်ပြန်သည်။

သူတို့နှစ်ယောက်ရဲ့ စကားအသွားအလာအရ ကျွန် လေးယောက်မှာ စိတ်ဝင်စားလှပါပြီ။

ဇန်ကို မေးချင်နေလှပြီ။

ဇန်ရဲ့ပုံစံက သိပ်လန်းဆန်းနေ၍ သူတို့ ပိုစိတ်ဝင်စားမိတာပါ။

"ရောက်ပြီ။ ရှေ့နားလေးရပ်"

ဟု သူမက ပြောလိုက်၍ သူက ဘရိတ်ကိုနင်းလိုက်သည်။ ကားလေးမှာ တုန့်ခနဲ ရပ်သွားရသည်။ အားမငို့က ကားပေါ်မှ ဆင်းရင်း . . .

"အိမ်မီးတွေ လင်းနေပုံထောက်ရင် မေမေ ရှိနေတယ်။ နေမကောင်းဘူးထင်တယ် . . . မေမေ . . . မေမေ"

သူမ အသံမြှင့်အော်မှ အိမ်ထဲမှ လှုပ်ရှားသံထွက်လာပြီး တံခါးလာဖွင့်ပေးသည်။

"အားမငို့ . . . ငါ နေမကောင်းဖြစ်နေလို့ဟယ်။ လာမကြိုနိုင်ဘူး။ ဆောရီးနော်။ နင် ဘာနဲ့ ပြန်ခဲ့တာလဲ"

"ဒီမှာ သူငယ်ချင်းတွေ လိုက်ပို့ခဲ့တာ"

"ဘာ . . . နင် ဘယ်တုန်းက သူငယ်ချင်း ရသွားတာလဲ"

ဟု မေးကာ ဇန်တို့ကို ပြူးကြည့်လာသည်။

ဇန်က ကမောက်ကမပုံနှင့် သူငယ်ချင်းနှစ်ယောက်ကို ရယ်ချင်သွားမိသည်။

"ဇန် . . . ရှင်ခဏနေဦးနော်။ ရှင့်ကို အားမင့် အကြွေး ဆပ်မယ်"

ဟုပြောကာ သူမ အိမ်ထဲ ပြေးဝင်သွားသည်။ မေခက လည်း ဘုမသိ ဘမသိနှင့် ပြေးဝင်လာသည်။

ဇန်က ရယ်ချင်ရပါသည်။ အကြွေးတဲ့ . . . ။

သူ သူမစောင့်နိုင်းသလို မစောင့်တော့ဘဲ ကားဘရိတ် ကိုလွှတ်ကာ ဂီယာချိန်းပြီး မောင်းထွက်လိုက်သည်။

အားမင့် အိမ်ထဲမှ အဆောတလျင် ပြေးထွက်ခဲ့တော့ ချစ်ကားလေးက ရှိမနေတော့ပါ။

"စိတ်ကြီးပဲ"

ဟု ငြူစူစူလေး ပြောလိုက်မိသည် မပီပိုးတဝါးမြင်နေရ ဘဲ့ ချစ်ကားဖင်မြီးလေးကို ကြည့်ရင်း လက်ထဲမှ ငွေတစ်သောင်း

ဘစ်ထောင်နှင့် ပလက်တီနမ် ဆွဲကြိုးဖွေးဖွေးကို မချိတင်ကဲလေး ဆုပ်ကိုင်လိုက်မိတော့သည်။

× × ×

ဒီနေ့တော့ သူမက ညနေပိုင်းဂျူတီမို့ မေခကို အိမ်မှာ နားစေပြီး သူမကိုယ်တိုင်ပင် ဆိုင်ထွက်ဖြစ်ပါသည်။ သူမဆိုင်ကို ကျကျနနခင်းနေစဉ် ဖြူဖွေးသန့်ပြန့်သော ဝတ်စားဆင်ယင်မှုများ နှင့် ဘုရားလာသော ခန့်မင်းထယ်ကို ရုတ်တရက် တွေ့မိလိုက် သည်။

သူမတို့ ဆိုင်ရှေ့မှ ဖြတ်လျှောက်လုလုဖြစ်နေသော ခန့် မင်းထယ်နား သွားရပ်ကာ ရိုသေသမှုလေးနှင့် . . .

“ကိုခန့် ဘုရားလာတာလား”

သူမရဲ့ နှုတ်ဆက်စကားကြောင့် ခန့်မင်းထယ်ရဲ့ မျက်

ခုံးတို့က သူမထံရောက်ရှိလာရသည်။ အလုပ်မှ လူအားလုံးက ခန့်မင်းထယ်ကို ကိုခန့်လို့ ခေါ်ကြ၍ သူမပင်လျှင် အလိုလိုနေရင်း ကိုခန့်ဟု ခေါ် ဖြစ်သွားရသည်။

“အင်း . . . ဒါနဲ့ အားမငဲ့က”

ဟု ယွန်းထည်ဆိုင်လေးကို လက်ညှိုးထိုးပြရာ သူ အစမှ သဘောပေါက်သွားရသည်။

ဒါကြောင့် သူ အားမငဲ့ကို စတွေ့ရစဉ်က မြင်ဖူးသလို ရှိနေခဲ့တာကိုး။

သူ ဒီဆိုင်မှ ကံ့ကော်သားပုတီးဝယ်ခဲ့ဖူးလို့ အားမငဲ့နဲ့ ရင်းနှီးဖူးသည်ပဲလေ။

“ကိုခန့်က နေ့တိုင်း ဘုရားတက်ဖြစ်တာလား”

“မွေးနေ့မို့ပါ”

“Happy Birthday ကိုခန့်”

“အဲ့လိုလည်း မဟုတ်ပါဘူး။ မွေးရက်တိုင်း ဘုရားတက် ဖြစ်တာပါ”

“သြော် . . . ဒီလိုလား”

“အင်း . . . ခါတိုင်းတော့ လူရှင်းတဲ့ တောင်ဘက်မုခ်က

ပဲ ဝင်ဖြစ်တာ။ ဒါကြောင့် အားမငဲ့နဲ့ မတွေ့ဖြစ်တာပါ"

"ကိုခန့်က ဘာသာရေးကိုင်းရှိုင်းတယ်နော်"

"အဲ့လိုလည်း မဟုတ်ပါဘူး။ ကိုယ့်ကို ခွင့်ပြုပါဦး"

ဟု တစ်ဆက်တည်း ပြောလာပြန်၍ စကားအကြာကြီး ပြောချင်နေမိတဲ့ သူမမှာ တခြားနည်းလမ်းမရှိတော့။

"ဟုတ်ကဲ့"

သူမ မအီမလည်နှင့် ပြောလိုက်ခြင်းရယ်ပါ။

သူက သူမကို ရည်မွန်သိမ်မွေ့စွာ ပြုံးပြပြီး ကျောခိုင်းသွားလိုက်သည်။

သူမက ခန့်မင်းထယ်ရဲ့ နောက်ကျောလေးကို ငေးနေမိစဉ်မှာ . . .

"ဟိတ်"

"အမလေး . . . ပလုတ်တုတ်"

နောက်နားဆီမှ ထွက်ပေါ်လာတဲ့ မေခရဲ့ အသံစူးစူးကြောင့် လန့်သွားမိသည်။

"အရမ်းကို သန့်တာပဲ။ ဘယ်သူလဲ"

သူမ မဖြေဘဲ ပြုံးနေလိုက်သည်။

"မိန်းမ ပြောစမ်းပါ။ ရှစ်ကြီးကိုမှ ဖြစ်နေလိုက်တာ။ ဘာကတည်း"

"သိချင်တယ်ပေါ့"

"မသိချင်ဘဲ မေးပါ့မလား"

"သူ့နာမည်က ခန့်မင်းထယ်တဲ့။ ငါ့ရဲ့ အလုပ်ရှင်လေ"

"ဘုရားရေ . . . အလုပ်ရှင်က အဲ့လောက် ငယ်ငယ်ချောချောလေးလား"

"ဟဲ့ . . . အခုခေတ်မှာ လူငယ်တွေပဲ လုပ်ရှားနေကြတာဟဲ့"

"ဒါဆို သူက သူဌေးသားလေးပေါ့နော်။ ဥစ္စာပေါ ရုပ်ချောဆိုတာမျိုးပေါ့။ အားမငဲ့ ရှင် သူ့ကို မကြိုက်ဘူးလား။ သူနဲ့ဆို ငါ လုံးဝ သဘောတူတယ်။ တကယ်"

"ကြိုက်တယ်။ အဲ . . . ဟုတ်ပါဘူး။ သူ ဒီလောက်ချောတာ၊ ချမ်းသာတာ ကြိုက်မတဲ့လား။ မစဉ်းစားသင့်တာတွေ စိတ်ကူးယဉ်မနေနဲ့"

"နင် ပြောတော့လည်း ဟုတ်နေတာပဲ။ ကြာပန်းက တုန်းပေါ်မှာ ဘယ်ပေါက်ပါ့မလဲ"

"ဝုဒ္ဓါ . . . နှင့်အဖြေကလည်း စိတ်ကျေနပ်စရာ မကောင်းလိုက်တာ။ အနည်းဆုံးတော့ နှင် အားပေးစကား ပြော သင့်တယ်လေ။ ဘယ့်နှယ် . . . အချစ်မှာ ရှုံးသာတာ၊ ဆင်းရဲတာ မရှိဘူး။ နှင် ဒီလောက် ချစ်စရာကောင်းတာ သူ ကြိုက်ရင်လည်း ကြိုက်မှာပေါ့လို့ နှင် လူကြားကောင်းအောင် မပြောတတ်ဖူးလား"

"မပြောချင်ပါဘူး။ မဖြစ်နိုင်ဘူးမှန်းသိပြီး နှင်က ငါ့ စကားကြောင့် စိတ်ကူးယဉ်မိနေရင် အခက်သားပဲ"

"တော်ပြီ။ နှင်နဲ့ စကား မပြောချင်တော့ဘူး။ ငါ့ စိတ်ကူး တွေ ကြွေဆင်းတယ်"

ဟုသာ ဘုတောတောပြောပြီး ဆိုင်တွင်းထဲ ဝင်ခဲ့တော့ သည်။ မေခက သူမကို ပွစိပွစိနှင့် ဘာတွေ ထောပနာပြုနေသည် မသိ။ သူမကတော့ မနက်ခင်းစောစောစီးစီးမှာ ခန့်မင်းထယ်ကို သန့်ပြန့်စွာ တွေ့လိုက်ရ၍ အတော်ပင် ကျေနပ်နေပါသည်။

သူမရဲ့ စိတ်ကူးယဉ် အိပ်မက်တွေထဲကလို ခန့်မင်း ထယ်နဲ့သာ အမှန်တကယ် ချစ်သူတွေဖြစ်ခွင့်ရခဲ့ပါလျှင် သူမ သိပ်ပျော်ရွှင်မိမှာ သေချာသည်။ ခန့်မင်းထယ်လို လူမျိုးနှင့် သူမ တစ်ဘဝတာလုံး မဟုတ်ရင်တောင် တစ်ခဏတာလေး ချစ်သူ

ဖြစ်ဖူးချင်သည်။ သိပ်ပျော်စရာကောင်းမှာပဲ။

ကောင်မလေးတွေက သူမကို အားကျလိုက်ကြမယ့် ဖြစ်ချင်းပင်။

"ခန့်မင်းထယ်ရေ . . . ကျွန်မ ရူးရပါတော့မယ်"

ဟုသာ စိတ်ထဲက မြည်တမ်းလိုက်ပါ၏။

× × ×

မေခက ခဏ ခဏ နေမကောင်းဖြစ်ပါသည်။ ဒီနေ့လည်း မေခ နေမကောင်းဖြစ်၍ အစောကြီး ပြန်နားဖြစ်သည်။ သူမကလည်း မနက်ပိုင်းဂျူတီမို့ အဆင်ပြေသွားရသည်။ မေခက နေမကောင်းတာမို့ ဆေးခန်းသွားမှာဖြစ်လို့ ဆိုင်ကယ်ယူသွား၍ သူမမှာ လိုင်းကားနှင့် ပြန်ဖို့သာ ဖြစ်လာတော့သည်။

လိုင်းကားနှင့် ပြန်ရမှာမို့ ဆိုင်ကို အစောကြီး သိမ်းဖြစ်လိုက်သည်။ နောက်ဆုံးမှာ ဘာဂျာတံခါးကို ပိတ်ပြီးထွက်ခဲ့လိုက်သည်။

သူမ အရှေ့မှန်ပေါက်ဝသို့ အရောက်တွင် မြရည်နန္ဒာ

ဆိုသော ကားတစ်စင်းက ကျော်သွားခဲ့ပါပြီ။ သူမ ပြေးလိုက်ရင် မီသေးပေမယ့် နောက်တစ်စီးသာ စောင့်စီးဖို့ ဆုံးဖြတ်လိုက်သည်။ မန္တလေးတောင်သို့ စက်မှုဇုံသို့ အစရှိသဖြင့် ကားတွေသာ အလျှိုလျှိုပေါ်လာကြပေမယ့် သူမတို့ မြို့သစ်ထဲရောက်မယ့် မြရည်နန္ဒာ ဆိုတဲ့ ကားကတော့ ထပ်ပေါ်မလာခဲ့တော့ပါ။

"ဒုက္ခပဲ . . . လိုင်းကားတွေ သိမ်းသွားပြီလား။ ဒါမှန်းသိရင် အစောကြီးထဲက ကားကိုပြေးလိုက်ပါတယ်။ တကယ်ပဲ"

မိုးကလည်း ကားစောင့်ရင်းနှင့်ပင် အတော်လေး မှောင်သွားခဲ့ပါသည်။

လေးဘီးငှားစီးရမှာလည်း ငွေကို နမြောမိသည်။

အခုတလော အိမ်စရိတ်တွေ မလောက်ငတာနဲ့ မထူးပါဘူးဟုတွေးကာ ခြေကျင်လျှောက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒီဘုရားကြီးနဲ့ မြို့သစ် ဘယ်လောက်ဝေးတာမှတ်လို့ဟု ယူဆလိုက်မိသည်။

"သွားပါများ ခရီးရောက်"

ဟုလည်း တတွတ်တွတ်ပြောကာ လမ်းလျှောက်ခန်းဝတင်တော့သည်။

သူမအလှက အထင်အပေါ်ကြီး မဟုတ်တာကြောင့် ဖြတ်သွားဖြတ်လာတွေပင် သူမကို ငေးမကြည့်ကြ။ ညအမှောင်ထဲမှာ မာကျူရီ မီးရောင်ရဲရဲကြောင့် ဝတ်ထားမိခဲ့သော အနီရောင် အကျီလွှလွှက ပေါ်လွင်ထင်ရှားနေပါသည်။

လမ်းလျှောက်ရတာ အချိန်ကြာလာသည်နှင့်အမျှ ခြေအစုံမှာ နာကျင်လာရသည်။

ခုံတန်းလေးလည်း အဆင်သင့် တွေ့လိုက်တာနှင့် . . .

"အတော်ပဲ"

ဆိုပြီး ဝင်ထိုင်ကာ နာကျင်နေသောခြေအစုံကို လက်သီးဆုပ်ကလေးနှင့် ဖွဖွထုလိုက်သည်။

ထိုစဉ် သူမဘေးနားမှာ ဆိုင်ကယ်တစ်စီး ထိုးရပ်သွားသည်။

"ညီမလေး အဆင်မပြေရင် ကိုယ်နဲ့ လိုက်ခဲ့ပါလား"

ထိုစကားကြောင့် သူမ လန့်သွားမိသည်။ သူမကို မကောင်းသည့် မိန်းမဟု ထင်နေပုံရသည်။

"ဘာလဲ . . . ရေလား။ ညီမလေး အော်ကြည့်လိုက်ပါ"

သူမ လန့်ဖျပ်ရကာ . . .

"မဟုတ်ဘူး။ ကျွန်မက အဲ့လိုမိန်းမ မဟုတ်ဘူး"

"ဒါမျိုးတွေ ရိုးနေပါပြီ။ လိုက်မှာသာ လိုက်ခဲ့စမ်းပါ"

"ဟာ . . . ဒုက္ခပဲ"

ဟု သူမမြည်တမ်းကာ ထိုင်နေရာမှ ထပြေးမိတော့သည်။ ထိုလူကလည်း မာန်မလျှော့ပါ။ ဆိုင်ကယ်ကို စက်နှိုးကာ သူမနောက် လိုက်လာခဲ့ပြန်သည်။ သူမ အားသွန်ပြေးမိလိုက်သည်။

"မှားပြီ . . . ကားခက ဘယ်လောက် ဈေးကြီးမှာမို့လဲ။ ကပ်စေးနဲ့မ အားမငဲ့။ ရှင့်အမှား ရှင်ခံ"

ဟု စိတ်ထဲမှာလည်း မိမိကိုယ်မိမိ အပြစ်တင်လိုက်မိသည်။

ထိုလူက ဆိုင်ကယ်ကို အရှိန်မြင့်စွာ မောင်းလိုက်ပြီး သူမ ရှေ့မှာ ပိတ်ရပ်လိုက်သည်။

သူမ လန့်ဖျပ်ကာ နောက်သို့ပင် တစ်လှမ်းပြန်ဆုတ်မိသွားသည်။

"တောင်းပန်ပါတယ်။ ကျွန်မကို လွှတ်ပေးပါ။ ကျွန်မ အဲ့လို မိန်းမမျိုး မဟုတ်ပါဘူး။ တကယ်ပါ။ ကျွန်မကို လွှတ်ပေးပါ"

"မင်း ဘယ်လို မိန်းမပဲဖြစ်ဖြစ် ငါ စိတ်မဝင်စားတော့ဘူး။ ငါအခု မင်းကို ကြိုက်သွားပြီ။ ဒါပဲ"

သူမ ဘုရားတလိုက်မိသည်။ မထူးဘူးဆိုပြီး နောက်သို့ ပြေးမယ် ကြံလိုက်သည်။

ဘေးနား အကူအညီတောင်းရအောင်လည်း ဖြတ်သွားဖြတ်လာက ကျဲပါးနေသည်။ ကားတစ်စီးစ နှစ်စီးစကို တွေ့ပေမယ့် ဒါမျိုးတွေက ရှိနေကျမို့ မည်သူမှ ဂရုမစိုက်ကြပါ။ ဒါကြောင့် သူမ နောက်ကြောင်းပြန်လှည့်ပြီး အားကုန်ပြေးဖို့သာ ကြံရွယ်လိုက်သည်။

သူမအတွေးနှင့် နောက်သို့လှည့်ပြီး အားကုန်ပြေးမယ် ကြံတော့ ထိုလူက ဆိုင်ကယ်ပေါ်မှ ရုတ်တရက်ဆင်းပြီး သူမရှေ့မှ ပိတ်ရပ်ထားလိုက်သည်။

သူမမှာ တော်တော် အကျပ်တွေ့သွားပါသည်။

ရှေ့သို့ဆိုလည်း ပိတ်ရပ်ထားသောလူ နောက်သို့ဆိုလည်း ပိတ်ထားသော ဆိုင်ကယ်။ သူမ ငိုချလိုက်မိပါတော့သည်။ ထိုလူက သဘောအကျကြီးကျကာ တဟားဟားနှင့်။ ထိုစဉ် စူးရှသော ကားမီးရောင်က သူမမျက်နှာအား ထိုးစိုက်လာပါသည်။

မ မျက်ရည်တွေကြားမှ အားကိုးတကြီး မီးရောင်ကို စူးစိုက်ကြည့်လိုက်သည်။

"မော်ကြီး . . . ဘာဖြစ်နေတာလဲ"

သိပ်ရင်းနှီးကျွမ်းဝင်လှသော အသံတစ်ခုကြောင့် သူမ းတက်သွားရသည်။

"ရေးညှိနေတာ"

ထိုလူရဲ့ မဟုတ်တရုတ် အဖြေကြောင့် . . .

"မဟုတ်ဘူး . . . မဟုတ်ဘူး"

သူမ အကြောက်အကန် ငြင်းလိုက်သည်။

"ဘာတွေလဲကွာ"

"မဟုတ်ဘူး ဇန်။ ဒါ ငါ့ပြဿနာပါ။ ငါ ရှင်းနိုင်တယ်။ ပါတယ်"

"မဟုတ်ဘူး ဇန်။ အားမငဲ့ကို ကူပါဦး။ အဲ့လို မဟုတ်ဘူး"

ဟု သူမက အားကိုးတကြီး မျက်ရည်တွေကြားမှ ဇန်ကို တောင်းပန်ရှာသည်။

ဇန်က သူမကို အဲ့လိုထင်ပြီး ပစ်ပြေးသွားမှာစိုးတာ ကြောင့် ဇန်နားသို့ လှစ်ခနဲ ပြေးထွက်လိုက်သည်။

ဒါကို မော်ကြီးဆိုသူကလည်း ကြိုသိနေသလို သူ့
လက်မောင်းကို အချိန်မီဆွဲလိုက်သည်။

ဇန် စိတ်တိုသွားရသည်။

"ဇန် . . . အားမငဲ့ကို ကယ်ပါဦး။ ဇန် . . . တကယ်ပါ
အားမငဲ့က အဲ့လိုမိန်းမ မဟုတ်ပါဘူး။ ကူပါ"

"မော်ကြီး သူတောင်းပန်နေပြီပဲ။ လွှတ်လိုက်တော့
လေ"

"ဒါ ငါ့ကိစ္စလေ။ မင်း ဝင်မရှုပ်သင့်ဘူး ဇန်"

ဇန် ဒေါသအလိပ်လိုက် တက်လာရပါသည်။

ကောင်မလေးကို ဆွဲထားသော မော်ကြီးရဲ့ လက်ကို
လက်ဖျံနှင့်ရိုက်ကာ ကောင်မလေးကို မော်ကြီးလက်ထဲမှ ဆွဲ
ထုတ်လိုက်သည်။

"ဇန် . . . မင်းလွန်လွန်းပြီ။ ဒါ ငါ့အကန့်ကွ"

မော်ကြီး စကားဆုံးသည်နှင့် မော်ကြီးမျက်နှာ လည်
ထွက်သွားသည်။

မော်ကြီးက နှုတ်ခမ်းထောင့်စွန်းမှာ ပေနေသော သွေး
တို့ကို လက်ဖမိုးနှင့် ကြမ်းကြမ်းသုတ်ရင်း . . .

"အဖွဲ့နဲ့မို့ ငါ ခံလိုက်ရတယ်ထားကွာ။ မင်းနဲ့ငါ တွေ့
ဦးမယ် ဇန်"

"ဟောကောင် . . . ငါ အဝိုတွေပြောတာ မကြိုက်ဘူး"

ဟုဆိုကာ ထိုလူရဲ့ အင်္ကျီလည်ပင်းစကို ဆုပ်ကိုင်ကာ
တွန်းလွှတ်လိုက်သည်။

ထိုလူက တက်ပြင်းပြင်းခေါက်ကာ ဆိုင်ကယ်ပေါ် လွှား
ခနဲ ခုန်တက်လိုက်သည်။

ဇန်က မကျေမနပ်ဖြစ်သွား၍ ဆိုင်ကယ်ကို ဆောင့်ကန်
မယ် ကြံတော့ အားမငဲ့က ပြဿနာကို အရွန်မရှည်စေလို၍ လက်
မောင်းကို ဆွဲထားလိုက်သည်။ ထိုအခါမှ ဆိုင်ကယ်က တာလွှတ်
သလို တစ်ရှိန်ထိုး မောင်းထွက်သွားတော့သည်။

"ကားပေါ်တက်"

"ရှင်"

"ကားပေါ်တက်"

သူ စိတ်ဆိုး၍ အော်ပစ်လိုက်သည်။

အားမငဲ့မှာ ထိုအသံကြောင့် ကိုယ်ခန္ဓာလေး တုန်သွား
ရသည်။ ကြောက်ကြောက်လန့်လန့်နှင့် အမိန့်ကို နာခံတတ်သည့်

ကလေးငယ်တစ်ဦးနှယ် ကားပေါ်တက်လိုက်သည်။

"ဖန် . . . ငါတို့ လက်ဖက်ရည်ဆိုင်မှာ စောင့်မယ်"

ဟု ကျန်လူများက ပြောလာ၍ သူမနဲ့ ဖန်နှစ်ယောက်

တည်းသာပါ။

သူမကလည်း အဖြစ်အပျက် အစအဆုံးအတွက် စိ

ထိတ်တုန်လှုပ်နေပြီဖြစ်ကာ ဖန်ကလည်း ဒေါသထွက်နေ၍ သူ

တို့ကြား စကားသံတို့ ဆိတ်သုဉ်းနေရသည်။

သူမ ဖန်ကို ခင်လည်းခင်သည်။ ကြောက်လည်း

ကြောက်ပါသည်။ ဖန်ပြုံးနေရင် သွားစွယ်လေးနှင့် ကြည်စင်ဘ

ခင်ဖို့ ကောင်းလှသည်။ တစ်ခါတစ်ရံမှာ ဖန်ရဲ့အပြုံးက သူမ

ငေးသွားစေပါသည်။ ဖန် ဒေါသဖြစ်ရင်လည်း မေးရိုးတွေ ထော

လာပြီး မျက်လုံးတွေ စူးရှလာရပါသည်။ သူမ ထိုမျက်လုံးကို သိ

ကြောက်ရပါသည်။

ဖန်က သူမတို့ အိမ်ရှေ့မှာ ကားကို ရပ်ပေးလိုက်သည်။

ဒီအချိန်ထိ ဖန်က သူမကို ဘာစကားတစ်ခွန်းမှ ထပ်မဆိုပါ။ သူ

ကို ဖန် မုဘ်မိတာတော့ မှန်ပါတယ်။ သူမ အိမ်တောင် မှတ်မိ

သေးတာပဲ။

သူမ ကားပေါ်မှအိုးတိုးအမ်းတမ်းလေး ဆင်းလိုက်ကာ

"မေခ . . . မေခ . . . မေခ"

သူမ အသံကို တဖြည်းဖြည်း မြှင့်၍ အော်ခေါ်ပါသော်

လည်း အိမ်ထဲက ဘာသံမှ ထွက်မလာခဲ့ပါ။ သူမ ဝင်းတံခါးကို

ကိုင်၍ တွန်းကြည့်လိုက်ရာ . . .

"ဟွန်း . . . တံခါးကြီး ပွင့်နေပါလား။ မေခ ရှိမှ ရှိရဲ့လား"

သူမ တီးတိုးလေးပြောလိုက်ပေမယ့် ထိုအသံကို ဖန်က

ကောင်းစွာ ကြားလိုက်ရသည်။

အားမငဲ့ကို ကမောက်ကမကြီးပဲ မြင်နေရသော ဖန်က

စိတ်မရှုနိုင်စွာ စောင့်ကြည့်နေလိုက်သည်။

သူ ဘယ်ကတည်းကများ အခြားသောလူတစ်ယောက်

ကို စိုးရိမ်တတ်သွားပါလိမ့်။ သူ မစဉ်းစားပါ။ အားမငဲ့ကိုသာ

စောင့်ကြည့်နေဖြစ်သည်။ အားမငဲ့က တံခါးကိုဖွင့်ကာ ဟိုကြည့်

ဒီကြည့်နှင့် အိမ်ထဲဝင်သွားသည်။

အားမငဲ့ ဝင်သွား၍ သိပ်မကြာပါ။ အိမ်တစ်အိမ်လုံး မီး

များလင်းလာသည်။

ဒီတော့မှ သူ စိတ်ချသွားရကာ ကားစက်နှိုးလိုက်စဉ်

အိမ်ထဲမှ ပြူးတူးပြာတာထွက်လာသော အားမင့်ကြောင့် သူ့ရင်ထဲ စိုးရိမ်သွားပိပြန်သည်။

"ဇန် . . . ဇန် . . . လုပ်ပါဦး"

ဇန်က ဘာလဲဆိုတဲ့ အကြည့်မျိုးနှင့် အားမင့်ကို ကြည့်လိုက်ရာ သူ့ထံပြေးလာပြီး . . .

"မေခ . . . မေခ . . . ခေါ် . . . ခေါ် . . . မူ . . . မူ"

သူမ မောနေပါပြီ။ သူမ တော်တော် စိုးရိမ်ထိတ်လန့်ပုပန်နေပုံရသည်။ ဘာမှ မပြောထွက်တတ်တော့တဲ့ သူမရဲ့ အမူအရာကြောင့် သူ တော်တော်စိုးရိမ်သွားကာ ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

"ဘာဖြစ်တာလဲ အားမင့်။ ပြော . . . ပြောစမ်းပါ"

"မေခ . . . မေခ . . . ခေါ်မရ . . . တော့ဘူး။ ကိုယ်တွေ မူမူ"

"လာစမ်းပါ"

သိပ်စိုးရိမ်လွန်နေသည့် သူမရဲ့ လက်ကိုဆွဲကာ သူပါ အိမ်ထဲ ပြေးဝင်လာသည်။

အိမ်ထဲရောက်တော့ ညှေ့ခန်း ဆက်တီပေါ်မှာ သတိ

သစ်နေသည့် မေခကို တွေ့လိုက်ရသည်။ သူ မေခရဲ့ ကိုယ်အမူနှန်ကို စမ်းကြည့်လိုက်ရာ မူကျက်နေပါသည်။

သူလည်း စိုးရိမ်သွားရကာ မေခကို ပွေ့ချီလိုက်ပြီး ကားပေါ်ပွေ့တင်လိုက်သည်။

"အားမင့် . . . အိမ်သော့ခတ်"

ဟု အမိန့်ပေးကာ ကားစက်နှိုးလိုက်သည်။

ထိုအခါမှ ထိတ်လန့်နေသော သူမက သော့ကို ပျာပျာသလဲခတ်ကာ ကားပေါ်တက်လိုက်သည်။

ကားလေးမှာ တာလွှတ်သလို ပြေးထွက်သွားတော့သည်။

သူမ ပါးပြင်ပေါ်သို့ မျက်ရည်ဥတွေ အလိတ်လိုက် စီးကျလာပါသည်။

"ဇန် . . . မေခ ဘာဖြစ်တာလဲဟင်"

"စိတ်အေးအေးထားပါ။ ဘာမှ မဖြစ်နိုင်ပါဘူး"

"ဟင့် . . . ဟင့် . . . မေခ နင် သတိရပါတော့။ နင် မရှိရင် ငါ မနေတတ်ဘူး။ ငါ့နားမှာ နင်ရှိမှဖြစ်မှာမို့ပါ။ မေခ နင် ငါ့ကို ခွဲမသွားရဘူးနော်။ မေခ သတိရပါတော့ဟာ။ နင် ငါ့ကို မကျိုစယ်

ပါနဲ့။ ငါကြောက်လို့ပါ မေခ နော်"

သူမ အရူးတစ်ယောက်လို ပြောနေမိသည်။ သူမ မျက်စိရှေ့မှာ မေမေရော ဖေဖေပါ စွန့်ခွာသွားပြီးကြ၍ မေခကို ထပ်ပြီး မဆုံးရှုံးချင်တော့။ သူမ မေခရဲ့ လက်ကိုသာ တင်းကြပ်စွာ ဆုပ်ကိုင်ထားမိတော့သည်။

ဇန် အားမငဲ့ကို သိပ်သနားကြင်နာသွားမိသည်။ မေခကို အတတ်နိုင်ဆုံး ကုမည်ဟု ဆုံးဖြတ်ကာ မေမေ့ သူငယ်ချင်း ဆရာဝန်မကြီးရှိသော "တော်ဝင်" ဆေးခန်းကို မောင်းဝင်လိုက်သည်။

ဆေးရုံဝင်းထဲ ဝင်ဝင်ချင်းမှာပဲ ထို ဆရာဝန်မကြီးကို ဖုန်းဖြင့်ပြောထား၍ သူတို့ကို အဆင်သင့် စောင့်ကြိုနေကြသည်။

မေခကို ထရော်လီပေါ်တင်ကာ တွန်းသွားကြသည်။ သူမကတော့ မျက်ရည်များ ဝိုးဝိုးပေါက်ပေါက်ကျကာ ထရော်လီနောက် ပြေးလိုက်နေမိသည်။ သူကတော့ ဆရာဝန်မကြီးတစ်ယောက်နှင့် ဘာတွေပြောနေသည်မသိ။

မေခကို Operation ခန်းထဲသို့ တွန်းဝင်သွားကြပြီး တံခါးပိတ်သွား၍ သူမမှာ တံခါးဝမှာ ငူငူကြီး ကျန်ရစ်ခဲ့တော့

သည်။

ဇန်က သူမရဲ့ ပခုံးကို ခပ်ဖွဖွပုတ်လာကာ နှစ်သိမ့်ပေးသည်။ အားပေးသူရှိနေ၍ သူမ ပို၍ငိုချင်သွားမိပြီး တသိမ့်သိမ့် ရှိုက်ငိုပါတော့သည်။

"ဇန် မေခ ဘာမှမဖြစ်ပါဘူးနော်။ ဟုတ်တယ် မဟုတ်လား ဇန်။ မေခ ဘာမှ မဖြစ်ပါဘူးနော်"

"ဘာမှ မဖြစ်နိုင်ပါဘူး"

"မေခနဲ့ အားမငဲ့က နှစ်ယောက်မှ တစ်ဘဝဖြစ်နေတာ မေခမရှိရင် မနေတတ်ဘူး။ မေခ ဘာမှ မဖြစ်ပါစေနဲ့။ မေမေလည်း ခွဲခွာ။ ဖေဖေလည်း ခွဲခွာ။ မေခကိုပါ မခေါ်သွားပါနဲ့။ အားမငဲ့ သေရလိမ့်မယ်။ ကယ်ပါနော် ဇန်။ မေခကို ကယ်ပါ"

"ဘာမှ မဖြစ်ပါဘူး မစိုးရိမ်ပါနဲ့။ အရှားအားကြီးပြီး သတိလစ်သွားတာ ဖြစ်နိုင်ပါတယ်တဲ့။ ကောင်းသွားမှာပါ"

"တကယ်လား"

"အင်း . . . မငိုနဲ့တော့။ တော်ကြာ မေခ သတိရလာရင် စိတ်မကောင်း ဖြစ်နေဦးမယ်"

"အင်း"

ဟု ဆိုကာ မျက်ရည်ဥကြီးက လိမ့်ကျလာပြန်၍ သူက ကြင်နာစွာ သုတ်ပေးလိုက်သည်။

ထိုစဉ် တံခါးဟာပွင့်လာပြီး မေခကို တွန်းထုတ်လာကြသည်။

"စိုးရိမ်စရာ မရှိတော့ပါဘူး။ လူနာက သိပ်အားနည်းနေတယ်။ အဖျားအားကြီးလို့ သတိလစ်သွားတာပါ။ ဆေးရုံကို အချိန်မီ ခေါ်လာနိုင်လို့ သိပ်ကံကောင်းသွားပါတယ်"

ဆရာဝန်မကြီး၏ ပြုံးမြမြ စကားကြောင့် သူမ စိတ်သက်သာရာရသွားကာ သတိမေ့နေသော မေခနားသွားရပ်မိသည်။

"ဆရာမ လူနာကို"

"အြော် . . . သီးသန့်ခန်း (   )မှာပါ"

ထိုအခါမှ သူမက သတိရသွားပါသည်။

ဟုတ်ပါရဲ့ သူမ စိတ်ပူလွန်း၍ ဒါတွေ ဘာမှ မစဉ်းစားမိခဲ့ပါ။ မေခကို ခုတင်ပေါ်သို့ ညင်သာစွာ ပွေ့တင်လိုက်ကြသည်။

နာ့စ်တွေက ထရော်လီကို ပြန်တွန်းထွက်သွားတော့မှ စောစောက ဆရာဝန်မကြီးနှင့် ဖန်တို့ အခန်းထဲ ဝင်လာကြသည်။

"သိပ်လည်း စိတ်မပူပါနဲ့ သမီး။ သမီးအစ်မ မကြာခင် သတိရလာပါလိမ့်မယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်ရှင့်"

"အန်တီလေးနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက အားမင့်တဲ့။ ကျွန်တော့် သူငယ်ချင်းပါ။ လူနာ နာမည်တော့ အန်တီလေး သိပြီးတဲ့အတိုင်းပါပဲ။ အားမင့် ဒါ ကိုယ့်မေမေရဲ့ အခင်ဆုံး သူငယ်ချင်း ဒေါက်တာ လေးလေးမိတ့်"

"ဟုတ်ကဲ့ . . . အားမင့်ပါ အန်တီ"

"နာမည်လေးက ချစ်စရာလေးပဲ။ လူလေးလည်း ချစ်စရာ ကောင်းပါတယ်။ ဒါကြောင့် ဖန်က ဂရုစိုက်တာနေမှာပေါ့"

"ဟာ . . . အန်တီလေးကလည်း"

"တကယ် . . . ဖန့်ကို အန်တီလေးက လူမိုက်လေးလို့ ထင်နေတာ။ ဒီတစ်သက်တာ မိန်းကလေး သူငယ်ချင်းရှိပါဦး မလားလို့ စိုးရိမ်နေတာကွဲ့။ အခုမှပဲ စိတ်ချမ်းသာတော့တယ်။ သမီးလေး ကံကောင်းမှာပါ။ ဖန်က လူကိုကြည့်ရင်သာ မိုက်ကန်းကန်း၊ စိတ်သဘောထား သိပ်နူးညံ့တာ"

ဆရာဝန်မ၏ အပြောစကားကြောင့် သူမမှာ ဘာပြန်

ပြောလို့ပြောရမှန်းပင် မသိနိုင်လောက်အောင် ထွေးအနေခဲ့ပါသည်။

"ကဲ . . . တော်တော်လေး ပင်ပန်းသွားကြပြီ။ နားလိုက်ဦး။ လိုအပ်ရင် အန်တီလေးကို ချက်ချင်း အကြောင်းကြားလိုက်နော်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲရှင်"

"ကဲ . . . အန်တီလေး သွားမယ်နော်"

"ဟုတ်ကဲ့"

အန်တီလေး ထွက်သွားတော့မှ သူမက သူ့ကို မရဲတရဲလေးကြည့်ကာ . . .

"ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ်"

"ကိုယ် ကျေးဇူးတင်မခံချင်ဘူး"

"ရှင်သာ ဒီနေ့ မရှိခဲ့ရင်"

"ကဲ . . . လျှောက်တွေးမနေနဲ့။ စိုးရိမ်စရာ အခြေအနေလည်း လွန်ခဲ့ပြီ။ နားတော့"

"ရှင်ကရော"

"ဟိုကောင်တွေ ကျန်ခဲ့တာ မင်း မေ့နေပြီလား"

"သြော် . . . ဟုတ်သားပဲ။ အားနာစရာတွေ ဖြစ်ကုန်ပြီ"

"ကိုယ့်ရှေ့မှာ ဟန်ဆောင်ပန်ဆောင်တွေ မပြောနဲ့ ကိုယ် မကြိုက်ဘူး"

"ဗုဒ္ဓေါရေ . . . အမှန်ပါ"

"ကဲ . . . ကိုယ်လစ်ပြီ။ ကိုယ်ကိစ္စအားလုံး စီစဉ်ထားခဲ့တယ်။ မင်း ဘာမှ စိတ်မပူနဲ့။ ဟုတ်ပြီလား"

ဟု ခပ်အေးအေးဆိုကာ သွားမည်ပြုတော့ . . .

"ဇန်"

သူမခေါ်သံကြောင့် ဇန်ရဲ့ ခြေလှမ်းတွေ တုန့်သွားရသည်။

"ဇန်"

"ပြောလေ . . . ဘာဖြစ်နေတာလဲ။ မရဲတရဲနဲ့"

"ဟို . . . ပြောရမှာလည်း အားနာ . . . မဟုတ်ပါဘူး။ ဟိုရှင်ပြန်လာခဲ့နော်"

"အားနာလို့ပဲ တော်တော့တယ်"

သူက ပွင့်လင်းသူပီပီ စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်သည်။

"ဟုတ်ပါရဲ့ ရှင်လည်း နားချင်မှာပေါ့"

ဟု မျက်နှာငယ်လေးနှင့် ပြောလိုက်သည်။

ထိုအခါမှာတော့ သူမကို-သူက ခပ်ပြုံးပြုံးလေး စိုက်ကြည့်တာ သွားလိုက်သည်။

သူမ အားငယ်သွားရပါသည်။

ခုတင်ပေါ်မှာက သတိမေ့နေသော မေခ။

စိုးရိမ်စရာမရှိဘူးဟု ပြောပေမယ့်လည်း သူမ စိုးရိမ်နေဆဲပါပဲ။

ဇန်ရှိနေရင် အားကိုးရှိနေသလို လုံလုံခြုံခြုံရှိပြီး အင်အားတို့ ပြည့်နေပေမယ့် ဇန်ပြန်သွားတော့ သူမ တစ်ယောက်တည်း တစ်ခုခုကို ကြောက်နေမိသလိုပါပဲ။

မေခရဲ့ လက်မောင်းလေးကို ကိုင်လှုပ်လိုက်မိသည်။ သို့ပေမယ့် မေခက နိုးမလာခဲ့ပါ။ အိပ်ပျော်နေသော မေခကို ကြည့်ရင်း သူမ မျက်လုံးတွေ ကျိန်းစပ်လာခဲ့ရသည်။

ညလည်း (၁၁)နာရီထိုးနေပြီမို့ တစ်နေ့လုံး ပင်ပန်းထားသည့်အရှိန်နှင့် သူမ ငိုက်မြည်းလာပါသည်။ ထို့ကြောင့် မေခရဲ့ လက်ကလေးကို ဆုပ်ကိုင်ရင်းနှင့်ပင် အိပ်ပျော်သွားတော့သည်။

သူမ နိုးလာတော့ သူမက ဆိုဖာဆက်တီပေါ် အကျအန ပင် ခြုံစောင်ပါးပါးတစ်ထည်နှင့် ဖိမ်ရှိရှိ အိပ်ပျော်နေလေရဲ့။

သူမ အံ့ဩသွားမိသည်။ သူမ အိပ်ပျော်နေခဲ့တာ မေခနားလေးမှာလေ။

သူမ အံ့ဩမိသည်ကို ခဏသိမ်းကာမေခကို လှမ်းကြည့်လိုက်တော့ မေခက လန်းဆန်းစွာပင် ခေါင်းအုံးမြင့်ကြီးကို ဒှီရင်း ဆေးသွင်းထားလျက် တွေ့လိုက်ရသည်။

သူမ စိတ်ချမ်းသာသွားမိသည်။

"မေခ သက်သာရဲ့လား"

"အင်း . . . တော်တော်ကောင်းသွားပြီ။ ဆင်းမယ်ဆိုတောင် ဆင်းလို့ရပြီ"

"အမလေး . . . မရွှေချောရယ်။ မလုပ်လိုက်ပါနဲ့။ ရှင်မနေ့က ဆေးခန်းမသွားလိုက်ဘူး မဟုတ်လား"

"အင်း . . . ဆိုင်ကယ် ထပ်မမောင်းနိုင်တော့လို့။ ခေါင်းကအုံနေတာပဲ"

"ဒါများ စောစောက ပြောပါလား။ အခုတော့ ဟွန်း"

"တောင်းပန်ပါတယ် ယောက်မရယ်။ တကယ်ပါ။ ငါ

လည်း ဒီလောက်ကြီး ဖြစ်သွားလိမ့်မယ်လို့ ထင်မထားလို့ပါ"

"ငါ ဘယ်လောက်ထိ စိတ်ပူရလဲ သိလား"

"အင်း . . . ဒါနဲ့ စောစောကပုဂ္ဂိုလ်က ဘယ်သူလဲ"

"ဘယ်ကလဲ မသိပါဘူး"

"ဟို . . . ဆံပင်ရှည်ရှည်နဲ့ နင် . . . ဩော် ငါပြောရဦးမယ်၊ ငါ ညက သတိရတော့ သူက နင့်ကို စိုက်ကြည့်နေတယ်ဟ၊ နင်ကတော့ ငါ့ဘေးမှာ အိပ်မောကျနေရဲ့၊ ငါက နားမလည်တာတွေ အများကြီးဖြစ်သွားတာပေါ့၊ ငါ မသိတာတွေ များလွန်းလို့ ဘာဖြေရမှန်းမသိ ဖြစ်နေတယ်၊ သူက ဘာမပြော ညာမပြောနဲ့ နင့်ကို ပွေ့ချီသွားပြီး အဲ့မှာ သွားသိပ်ထားတာပဲ"

"ဘာ . . . ဟာ . . . ရှက်စရာတွေတော့ ဖြစ်ကုန်ပြီ၊ ဒုက္ခပဲ"

"သူ ဘယ်သူလဲ"

"ဆံပင်ရှည်ရှည် အရပ်ရှည်ရှည် စပ်သန့်သန့်နဲ့ မဟုတ်လား"

"အင်း"

"ဒါဆို ဖန်ပဲ၊ သူ ပြန်ရောက်လာတာပဲ၊ နင့်ကိုလည်း

သူပဲ ဆေးရုံပို့ပေးခဲ့တာ"

"ဟုတ်လား၊ သူနဲ့ နင် ဘယ်တုန်းက သိတာလဲ"

"နင် မမှတ်မိလို့ပါ၊ သူ ငါ့ကို အိမ်လိုက်ပို့ပေးခဲ့ဖူးတယ်လေ၊ ဟို ဂျစ်ကားအဝါလေ"

"ဩော် . . . သတိရပြီ၊ အဲဒီတုန်းက ညကြီးဆိုတော့ သိပ်မမှတ်မိလိုက်ဘူး၊ သူက ချောတယ်နော်"

"အွန်း"

"သူက နင့်ကို ကြိုက်နေတာလား"

"မဆက်မစပ် မဟုတ်ပါဘူး"

"ဟုတ်တာ မဟုတ်တာ ထား ငါမေ့နေတယ်ထင်လို့ နင့်ကို မမှိတ်မသုန်စိုက်ကြည့်နေတာများ နင့်ရည်းစားလားလို့ အောက်မေ့ရတယ်၊ ပြီးတော့ သူ ခုလေးတင်မှ ပြန်သွားတာ၊ တစ်ညလုံး ငါတို့နဲ့ အတူရှိနေတာ၊ ငါက အားနည်းလို့ မှိန်းနေတာ အကုန်သိတယ်၊ နာ့စ်တွေကလည်း ဂရုစိုက်ကြပါတယ်၊ ဆေးတစ်လုံးပြီးတစ်လုံး လာချိတ်တယ်၊ အခုတော့ ငါ နေကောင်းသွားပြီ၊ နေပါဦး၊ သူနဲ့ ဆရာဝန်မကြီးတစ်ယောက်ကလည်း သိပ်ရင်းနှီးပုံရတယ်နော်"

"ဘုရားရေ . . . ဆရာမကြီး ညက လာသေးလား"

"အင်း . . . လာတယ်"

"ငါ အိပ်ပုပ်ကြီးသွားတယ်"

"ဆရာဝန်မတောင် နင့်ကို စသွားသေးတယ်။ သိပ်ပန်းသွားပြီထင်တယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေပုံများ ချစ်စရာလေးတဲ့"

"ဒုက္ခပဲ။ ငါ သွားရည်တွေ ကျသေးလား"

"သိဘူး"

"ဒုက္ခပဲ"

"ဆရာဝန်မက နင်နဲ့သူ့ကို တစ်ခုခုထင်နေပုံရတယ်။ ထင်လေမပေါ့။ သူ့ပုံက နင့်ကို ကြင်နာနေတာကိုး။ ငါတောင် သံသယဝင်တယ်"

သူမနဲ့မေခ အပြန်အလှန်ပြောဆိုနေကြစဉ် တံခါးလေးမှာ ပွင့်သွားပြီး ဇန် ဝင်လာသည်။

သူမက ယောကျ်ားလေးရှေ့မှာ နှစ်ခြိုက်စွာ အိပ်နေမိခြင်းကို ရှက်မိလေသည်။

"နိုးနေပြီလား"

ဇန်ရဲ့အပြောကြောင့် သူမ ဝိုရှက်သွားရသည်။ သူက မေခကို ကြည့်လိုက်ပြီး . . .

"မေခရော နေသာရဲ့လား"

"ဟုတ်ကဲ့ . . . နေသာပါတယ်"

"ကိုယ့်ကို သူငယ်ချင်းတစ်ယောက်လို ဆက်ဆံလို့ဖြစ်ပါတယ်"

ထိုအခါမှ သူမက အားယူကာ . . .

"မေခ . . . သူက ဇန်တဲ့"

"အိပ်ရေးရော ဝရဲ့လား။ စိတ်ပူလွန်းလို့ပဲ အိပ်မပျော်ဘူးလားလို့ထင်နေတာ။ ဆင်အော်တောင် နိုးပုံမလားဘဲ"

"ရှင်နော် . . . ပင်ပန်းသွားလို့ အိပ်ပျော်သွားတာပါ"

"အိပ်ရေးပုပ်ရင်ပုပ်တယ်ပေါ့"

သူ ထိုမိန်းကလေးကို စလိုက်မိသည်။

သူ့ကိုယ်သူ အံ့ဩရပါသည်။ သူဟာ မိန်းကလေးတစ်ယောက်ကို စတတ်သေးပါလား။

ထိုမိန်းကလေးနဲ့တွေ့ရရင် သူဟာ သူမဟုတ်သလို ခံစားရပါသည်။

ပျော်ရွှင်ရသည်၊ ပြုံးရသည်၊ ပျော်ရသည်၊ ကြည်နူးရသည်၊ ဒေါသဖြစ်ရသည်၊ စိတ်တိုရသည်၊ ဒါတွေက သူ့အလိုလိုဖြစ်ပေါ်မိသည့်စိတ်တွေပါပဲ၊ အပြစ်ကင်းစင်စွာ ရိုးရှင်းလှသည့် သူမမျက်နှာလေးက သူ့ရင်ကို အေးမြစေပါသည်၊

သူ့မေမေရဲ့မျက်နှာကလည်း သူမလေးလိုပါပဲ၊ သိပ်ရိုးရှင်းလှသည်၊

သူမလေးကိုကြည့်ရင်း မေမေနဲ့ပိုတူလာသလိုနှင့် သံယောဇဉ်ဖြစ်မိရပါသည်၊

သေချာသည်၊ နှစ်များစွာတို့က ပျောက်ဆုံးနေခဲ့သော ကြင်နာယုံစိမ့်မှုလေးက သူ့ရင်ထဲ မသိမသာလေး နိုးထရှင်သန်ခဲ့ရပါပြီ၊

ဒါကို ပတ်ဝန်းကျင်က လူတချို့ကသိနေကြပေမယ့် သူကိုယ်တိုင်တော့ မသိနိုင်ခဲ့သေးပါ၊

x x x

မှန်အနက်ကြီးကာရံထားသောအခန်းထဲမှ အားမငဲ့ရဲ့ အရိပ်ကို ရှာဖွေလိုက်သည်၊

မတွေ့ရပါ၊ မတွေ့ရလေ ပိုရှာဖွေမိလေပါပဲ၊ အားမငဲ့ ဘာဖြစ်လို့လဲ၊

ဓါတ်ပိုင်းဆိုလျှင် သွက်လက်စွာ လှုပ်ရှားနေသော ရိုးရှင်းလှတဲ့ သူမပုံရိပ်လေးက သူ့ကိုကြည်နူးစေခဲ့ပါသည်၊

အခုတော့ မြင်နေကျအားမငဲ့ကို မတွေ့ရ၍ သူ အလိုမပြည့်သလိုနှင့် ဟာတာတာကြီး ခံစားရပါသည်၊ ဘာကြောင့်လဲ၊ သူ့ခံစားချက်ကို သူ ဆန်းစစ်နေမိသည်၊

နောက်ဆုံးမှာ ထွက်လာသောအဖြေက သူ့ကို ထိတ်လန့်သွားစေပါသည်။

မဖြစ်ဘူး။ သူ့စံတွေထဲက မိန်းကလေးက အားမငဲ့မဟုတ်ဘူး ဟု ငြင်းဆိုလိုက်မိသည်။

အားမငဲ့ထံ ပျံ့လွင့်သွားသော သူ့အာရုံတွေကို အလုပ်ထဲ ပြန်စုစည်းလိုက်သည်။

သို့ပေမယ့် မရပါ။

မန်နေဂျာ စိုးအိကို အားမငဲ့ဘာကြောင့် အလုပ်မတက်တာလဲလို့ မေးရအောင်လည်း သူ အပေါ်မဆန်ချင်။

အလိုလိုနေရင်း တစ်စုစုကို အလိုမကျသလို ဒေါသဖြစ်နေမိသည်။

ထိုစဉ် စိုးအိက စာရင်းတွေတင်ပြရန် ရောက်လာခဲ့သည်။

သူ ကိုယ်နေဟန်ကို မတ်လိုက်သည်။

"ကိုခန့် . . . ဒါက မနေ့က တစ်နေ့တာအတွက် ရောင်းအားစာရင်းတွေပါ။ ဒါက အသုံးစရိတ်။ ဒါက ဆိုင်မှာလိုအပ်တာတွေကို စာရင်းပြုစုထားတာပါ"

"အိုကေ"

စာရင်းဖိုင်ကို သူ့စားပွဲမှာတင်၍ စိုးအိထွက်သွားမယ် ကြံတော့ . . .

"စိုးအိ"

သူ ခေါ် ပြီးမှ ဘာပြောရမှန်းမသိဖြစ်သွားသည်။

"ပြောပါ . . . ကိုခန့်"

ထိုအမေးကြောင့် သူ ပို၍ပြောရကြပ်သွားသည်။

"ဟို . . . ဝန်ထမ်းတွေ အလုပ်မှန်မှန်တက်ရဲ့လား"

"အင်း . . . တက်ကြပါတယ်။ ဒါပေမယ့် ဒီနေ့တော့ တစ်ယောက်ပျက်တယ်"

"ဘယ်သူလဲ"

သူ အားတက်သရောမေးလိုက်ခြင်းပါ။

"အားမငဲ့ပါ။ သူ ဆေးရုံရောက်နေလို့တဲ့ ဖုန်းနဲ့ ခွင့်တောင်းပါတယ်"

"ဘာ . . . ဘာဖြစ်လို့တဲ့လဲ၊ ဘာဖြစ်တာလဲ"

သူ စိတ်ပူပန်စွာ မေးလိုက်မိသည်။

"အဲ့ဒါတော့ အတိအကျမသိဘူး။ ဆေးရုံမှာမို့ ခွင့် နှစ်

ရက် ပေးပါတဲ့"

"လူတစ်ယောက်ခွင့်တိုင်ပြီဆိုတာနဲ့ ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ တိတိကျကျမေးရမယ်။ အဲ့လိုလက်လွှတ်စပယ်မျိုး ကိုယ် မကြိုက်ဘူး"

"ဟုတ်ကဲ့ . . . ကိုခန့်။ စိုးအိ မှားသွားပါတယ်"

"သွားလို့ရပြီ"

သူ မာဆတ်ဆတ်ပြောလိုက်မိသည်။

အမှန်တကယ်တော့ သူ သူများကိုယ်ရေးကိုယ်တာကို စွက်ဖက်လေ့မရှိပါ။ အခုတော့ အားမင့်ကြောင့် သူ စိုးအိကိုပင် မာန်မိသွားသည်။

သူ အားမင့်ကို စိုးရိမ်မိပါသည်။ အားမင့် ဘာကြောင့် ဆေးရုံတက်ရတာလဲ။

သူ မတွေးတတ်ပါ။ အားမင့်က ဒီလောက်လန်းနေတာ၊ ဘာဖြစ်လို့လဲ။ သူ မသိနိုင်ပေမယ့် ဒီဂရီလွန်ကဲစွာ စိုးရိမ်ရပါသည်။

အပြစ်ကင်းလွန်းလှသည့် အားမင့်ရဲ့ မျက်လုံးပြူးဝိုင်းဝိုင်းများက ရိုးယွင်းနေတဲ့ သူ့နှလုံးသားအင်ဂျင်ကို လည်ပတ်စေခဲ့ပါသည်။

အချစ်ဆိုတာ သိဝ်ဆန်းကြယ်လှပါသည်။

အားမင့်လိုမိန်းကလေးမျိုးကို ချစ်မိသွားလိမ့်မယ်ဟု သူ ဘယ်တုန်းကမှ မတွေးခဲ့ဘူးပါ။

မေမေ လုံးဝနှစ်သက်မှာမဟုတ်တဲ့ မိန်းကလေးကိုမှ သူက . . .။ သူ ဘာမှဆက်မတွေးချင်တော့။ အခုချိန်မှာ အားမင့်ကို တွေ့ချင်တယ်။ အားမင့်ပုံရိပ်ကို မြင်ချင်တယ် ဒါပါပဲ။

တစ်နေ့တာလုံး တမ်းတစိတ်နဲ့ ထုံရီငေးမောနေရပါတော့သည်။

"ဩော် . . . ! အားမင့် . . ."

သူ မျက်နှာကြက်ကို ကြည့်ရင်း ပြုံးလိုက်သည်။

× × ×

ဆေးရုံမှဆင်းတော့ မေခနဲ့ဖန်က တော်တော်လေး ခင်မင်နေခဲ့ပါသည်။

ဆေးရုံနံ့ကို မခံနိုင်တဲ့ မေခကြောင့် အန်တီလေးကို မရမက ခွင့်တောင်းပြီး ဆင်းခဲ့ခြင်းရယ်ပါ။

ဖန်နဲ့မေခ ခင်သွားကြတော့ ကျန်လေးယောက်နှင့်ပါ အားမင့်တို့ အလိုလို ခင်မိလျက်သားဖြစ်သွားရသည်။

တကယ်တမ်း ခင်သွားကြတော့လည်း ဖန်တို့က သိပ်ခင်ဖို့ကောင်းလှပါသည်။

သူမ ဖန်ကို သိပ်ကျေးဇူးတင်ရပါသည်။ သူမတို့ကို

သူငယ်ချင်းကောင်းကြီးတစ်ယောက်လို အစစအရာရာ ကူညီပေးလို့လေ။

သို့သော် ဖန်က ကျေးဇူးစကားပြောရင် လုံးဝမကြိုက်သူမို့ သူမတို့ ဘာမှမဟာခဲ့ကြ။

သိပ်ရိုးရှင်းလှတဲ့ ဖန်ရဲ့စိတ်ထားအလှလေးကြောင့် သူမဖန်ကို လေးစားခင်မင်ရပါသည်။ ဖန်တို့က သူမတို့ကို အိမ်အရောက်လိုက်ပို့ပြီးမှ ပြန်သွားကြသည်။

ဖန်ရဲ့ကားအဝါလေးနှင့် ဝဏ္ဏရဲ့ ကားအနီလေးတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားမှ သူမတို့အိမ်ထဲ ဝင်ခဲ့ကြသည်။

"သူတို့က သိပ်ချမ်းသာကြပုံပဲနော်။ လန်းဆန်းနေတာပဲ"

"ဒါတော့ ရှင်ပြောမှလား။ ကြည့်တာနဲ့ သိနေတာပဲ"

"အားမင့် . . . ရှင် ဖန့်ကို စိတ်မဝင်စားဘူးလား"

"သူကရော ကျုပ်ကိုကြိုက်နေတာမို့လား"

"သူမျက်ဝန်းတွေက ရှင့်ကို ကြွေနေတာပါလို့ ကျုပ် ရဲရဲကြီး လောင်းရဲတယ်"

"မုန့်ဆီကြော်က ဘယ်မှာနေမယ် မသိဘူး။ လေနာ

သည်နဲ့ လာတိုးနေပြီ"

"တကယ်ပြောတာ။ ရှင့်ကို ဇန်နဲ့သာဆိုရင် ကျုပ် ဘာမှ ပြင်းစရာမရှိဘူး"

"တော်ပါ မရွှေတရယ်။ လူမမာဟာ လူမမာလို နေ၊ စေတနာပျက်အောင်မလုပ်နဲ့"

"တကယ်ဟဲ့ . . . အန်တီလေးကလည်း ပြောတယ်။ ဇန်က သိပ်အေးတာတဲ့။ ဇန့်ကို မိန်းကလေးတစ်ယောက်နဲ့ တွေ့တာ ဒါ ပထမဆုံးပဲတဲ့။ ဇန်က မင်းကို သိပ်ချစ်ပုံရတယ်တဲ့။ ကံကောင်းမှာပါတဲ့"

"မေခနော်"

"ငါတော့ ဇန့်ကိုခင်တယ်။ ဇန်ရဲ့ဘဝကလည်း ငါတို့နဲ့ ဆင်တူရှိးမှားပါပဲ"

ဇန့်မှာ အမေမရှိတော့ဘူး။ အဖေကလည်း နောက်မိန်းမနဲ့တဲ့။ နောက်မိန်းမမှာလည်း သူ့အရွယ်သားတစ်ယောက် ပါတယ်တဲ့။ သူက မိသားစု မဟုတ်သလိုပါဘဲတဲ့။ သိပ်အထီးကျန်တာတဲ့။ ဇန် ဘာပြောပြော နားလည်ပေးကြပါတဲ့။ ဇန်က ငယ်ကတည်းက မေတ္တာငတ်ခဲ့ရတာတဲ့။ ငါထင်မိတယ်။ ဒါကြောင့် ဇန်ရဲ့

ကို ငါ မြင်မြင်ချင်းတုန်းက တစ်ခုခုလိုနေသလိုပဲ။ မျက်လုံးတွေက သိမ်ငယ်ပြီး တစ်ခုခုကို မွတ်သိပ်နေသလိုပဲ။ ဒါပေမယ့် သူ့အပြုအမူတွေက သိပ်ကို ကြင်နာနေပြန်ရောပဲ။ ငါကတော့ နီးသားတဲ့ ဇန့်ကိုခင်တယ်။ ဇန့်ဘက်က ငါ အပြတ်ရှုံးနေလိုက်တယ်။ ဒါပဲ"

"အမလေး . . . မိန်းမရယ်။ ရှင်နဲ့ကျွန်မက ငယ်သူငယ်ချင်းအရင်းကြီးတွေပါနော်"

"ဒါကြောင့် ရှင့်ကို ကောင်းစားစေချင်တာပေါ့။ မပေါ့နဲ့နော်။ ဇန်က အမွေတွေ အများကြီးရထားတဲ့ သူဌေးသား"

"ရှင် ဘယ်လိုသိလဲ"

"ဇာနည်ပြောတာလေ"

"သြော် . . . တော်တော်ယုံကြည်ရတဲ့သူငယ်ချင်းပဲ"

"ပြီးတော့ . . . လူငယ်က ပြောသေးတယ်။ ဇန်က မိန်းကလေးတွေဆို သိပ်ဂရုစိုက်တတ်တာ မဟုတ်ဘူးတဲ့။ အားမင့်နဲ့ ဒီလို ခင်နေကြတာ သူတို့တောင် အံ့ဩတယ်တဲ့။ ဒီကောင် အားမင့်ကို ကြိုက်နေပြီထင်တယ်တဲ့။ ငါတောင် ပျော်သွားတာပဲ။ ဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်းကို ဥစ္စာပေါ၊ ရုပ်ချော၊ သဘောကောင်းနဲ့

သဘောတူတာပေါ့"

"နေမကောင်းလို့ပဲ တော်တော့တယ်"

"နေမကောင်းပေမယ့် ဇန်အကြောင်းတော့ ပြောနိုင်ပါ တယ်"

"အစုတ်ပလုတ် မေခ"

ဟု ထောပနာပြုရပေမယ့် သူမရင်ထဲတော့ ပျော်ရွှင်မိသားပင်။

လူအားလုံးက သူမကို ကံကောင်းသူဟု သတ်မှတ်ကြပါသော်လည်း သူမ ကံကောင်းမလား ကံဆိုးမလားကိုတော့ အခုတိုင် မသိနိုင်ပါ။

မေခက သူမကို ဘယ်လောက်ပဲ ဖိအားပေးပါစေ သူမရဲ့စိတ်ကူးယဉ်အိပ်မက်ထဲက မင်းသားက ဇန် မဟုတ်ပါ။

ဇန့်မှာ ငြင်းစရာ ဘာအကွက်မှမရှိပေမယ့် သူမရဲ့ စိတ်ကူးမင်းသားက ဇန်မဟုတ်တာတော့ သေချာလှသည်။

လူအများပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ အချစ်ဆိုတာကို သူမကောင်းကောင်း မသိပေမယ့် သူမရဲ့ စိတ်ကူးမင်းသားဟာ ဇန်မဟုတ်တာတော့ သိပ်ကို သေချာလွန်းလှသည်။

သူမသာ ခန့်မင်းထယ်ရဲ့ သန့်ပြန့်ရည်မွန်လှတဲ့ ရုပ်သွင်ကို မတွေ့ခဲ့ပါလျှင် စိတ်ကူးမင်းသားက ဇန်ဖြစ်ရင်ဖြစ်နိုင်လိမ့်မည်။

အခုတော့ သူမရဲ့အိပ်မက်တွေကို ခန့်မင်းထယ်ဆိုသောကိုလူချောက ပိုင်ဆိုင်နေခဲ့ပါပြီလေ။

× × ×

သူမ သိပ်နှစ်သက်သော ခန့်မင်းထယ်ရဲ့မျက်နှာကို မနက်ခင်းမှာ လန်းလန်းဆန်းဆန်းတွေ့လိုက်ရသည်မို့ နှစ်ရက်တာ ခွဲခွာမှုအတွက် အလွမ်းပြေသွားရသည်။

သူက သူမတို့ ဝန်ထမ်းများကို တစ်ချက်မျှသာ ဝေ့ကြည့်ပြီး မှန်အနက်သီးသန့်ခန်းသို့ ဝင်သွားလိုက်သည်။ သိပ်တည်ကြည်သော ခန့်မင်းထယ်ကို သူမ သိပ်နှစ်သက်လှပါသည်။ ခန့်မင်းထယ်ရဲ့ လှုပ်ရှားသွားလာပုံကို ဒီလိုငေးကြည့်နေရတာ သူမ သိပ်နှစ်သက်ရပါသည်။

ခန့်မင်းထယ် ဝင်သွားပြီး၍ သိပ်မကြာပါ မန်နေဂျာ စိုးအိ

ဘ သူမနား ရောက်လာသည်။

"အားမင့် . . . မင်းကို ကိုခန့်ခေါ်တယ်"

သူမ စိုးရိမ်သွားမိသည်။ အလုပ်နှစ်ရက်မျှ ပျက်ပြီး ရောက်လာတဲ့သူမကို အလုပ်ရှင်ကခေါ်တယ်ဆိုတော့ ကောင်းသော ခေါ်ခြင်းတော့ မဖြစ်နိုင်။

စိုးရိမ်ထိတ်လန့်နေသော သူမရဲ့မျက်နှာကဲကို စိုးအိက ကောင်းကောင်းဖတ်မိကာ . . .

"မစိုးရိမ်ပါနဲ့။ ဘာမှမဖြစ်လောက်ပါဘူး။ မျက်ရိပ် မျက်ကဲ ကြည်လင်နေပါတယ်။ ကိုခန့် ဆူရင်လည်း ခေါင်းငုံ့ပြီးသာ နေလိုက်။ ကိုခန့်က သဘောကောင်းပါတယ်"

စိုးအိရဲ့ အပြောကြောင့် သူမ အားတင်းကာ မှန်အနက်ခန်းထဲသို့ တံခါးနှစ်ချက်ခေါက်ပြီး ဝင်ခဲ့လိုက်သည်။

သူမက သူ့ရှေ့မှာ ခပ်ယို့ယို့လေး ရပ်ကာ . . .

"ဟုတ်ကဲ့"

"ဒီနှစ်ရက်တွင်း အားမင့် ဆေးရုံမှာလို့ စိုးအိက ပြောပါတယ်"

"ဟုတ်ကဲ့ . . . အားမင့်ရဲ့သူငယ်ချင်း နေမကောင်းလို့ပါ"

ထိုအခါမှ သူ ပူပင်မှုလျော့ပါးသွားပြီး၊ မျက်နှာကိုတင်းကာ . . .

"နောက်ဆို ဘာအကြောင်းနဲ့ပဲ ပျက်ကွက်ပျက်ကွက် ဘာဖြစ်လို့ ဘာညာကအစ တိတိကျကျ ကိုယ့်ကို တိုက်ရိုက်ခွင့်တိုင်ပါ"

"ရှင်"

သူမ အံ့ဩသွားရပါသည်။ ခါတိုင်း ဝန်ထမ်းတွေ အလုပ်ပျက်ရင် မန်နေဂျာစိုးအိကို ဖုန်းနဲ့ခွင့်တိုင်ရင်ပဲ အလိုလိုခွင့်ရနေပါပြီ။ အခုတော့ ခန့်မင်းဇာယ်က တစ်ဆိတ် စည်းကမ်းတင်းကျပ်လာသည်ထင်သည်။

သူမရဲ့ "ရှင်" ဆိုသော အာမေဋိတ်စကားက သူ့ရဲ့ မရိုးသားတဲ့စိတ်ကို မလုံတလုံဖြစ်သွားစေ၍ မျက်ယွင်းသွားသော မျက်နှာနီရဲရဲကို ပြင်ဆင်လိုက်သည်။

"ဟုတ်ကဲ့။ နောက်ဆို အားမငဲ့ မပျက်မကွက် ခွင့်တိုင်ပါ့မယ်။ အားမငဲ့ကို အလုပ်တော့မထုတ်ပါဘူးနော်"

"အဲဒီလို ဘာဖြစ်လို့မေးတာလဲ"

"ကိုခန့်က ဆူနေသလားလို့ပါ"

"ဆောရီး . . . ကိုယ် မင်းကို ဆူဖို့မရည်ရွယ်ပါဘူး။ အကျိုးအကြောင်းမေးချင်ရုံပါ။ ကဲ . . . မင်း လုပ်စရာရှိတာလုပ်လို့ရပြီ"

"ဟုတ်ကဲ့။ အားမငဲ့ကို ခွင့်ပြုပါဦး"

သူမက ခေါင်းလေးညွှတ်ပြကာ ထွက်လာခဲ့လိုက်သည်။

ထွက်သွားသော သူမ၏နောက်ကျောလေးကို သူ ငေးကြည့်နေမိသည်။

သူမဟာ သိပ်အပြစ်ကင်းစင်လှပါသည်။

သူပြောသမျှ စကားအစွန်းတိုင်းကိုလည်း အထေအနကောက်။ ရိုးရှင်းစွာ မျက်လုံးပြူးလေးနှင့် နာယူတတ်သည်။

သူများတကာတို့က ဘာပြောပြော ပုတ်သင်ညိုမလေးလို နားထောင်နေတတ်တာကို မှန်အနက်များမှတစ်ဆင့် သူ တွေ့နေရပါသည်။

သူမရဲ့မျက်နှာလေးမှာ ပြည့်ပြည့်ဖောင်းဖောင်းလေးနှင့် သိပ်ကို ချစ်စရာကောင်းလှပါသည်။

သူမထက်လှတဲ့ မိန်းကလေးတွေကို သူ များစွာတွေ့ဖူးသော်လည်း ... [illegible]ပေမယ့် မိန်းကလေးတစ်ယောက်ဟာ ချစ်စရာကောင်းလှတယ်

လို့ တစ်ကြိမ်တစ်ခါမှ မခံစားမိ။

အားမငှဲကို သူတွေ့စက ပေါ့လွန်းတယ်ဟု တွေးတ
မနှစ်သက်မိ။ သို့သော် တွေ့မြင်ရပါများလာတော့ သူ့ကို သ
ထားမိစေခဲ့ပါသည်။

သူ စိတ်ရှုပ်ထွေးစရာတို့နှင့် ကြုံနေမိလျှင်ပင် အားမ
ကို မိုးကြည့်လိုက်ရရင် အလိုလို စိတ်ချမ်းသာ ကြည်လင်သွား
သည်။

အားမငှဲမှာ ပါဝါတစ်မျိုးရှိသည်။ သူမကိုမြင်လျှင် စိ
ချမ်းသာသွားစေသလို အေးချမ်းမှုရှိပြီး သူမနဲ့ စကားပြောရလျှ
ပြောနေသူက စိတ်ချမ်းသာပျော်ရွှင်လာရသည်။

သူလည်း လူထဲက လူပဲ။ ကြာလာသည်နှင့်အမျှ အ
မငှဲကို သတိထားမိလာတာ အဆန်းတော့မဟုတ်။

ဆန်းနေသည်က သူ့ဘယ်ဘက်ရင်အုံက ရင်ခုန်သံ
ပါပဲ။

ဒအေးစက်တည်ငြိမ်နေတဲ့ သူ့နှလုံးသားအင်ဂျင်တို့
အားမငှဲဆိုသော သော့တံအသေးစားလေးနှင့်မှ လှုပ်နိုးတုန်ခါလ
ခဲ့ရတာပါ။

(၇၃)လမ်းပေါ်က ဆိုင်ကိုသွားဖို့ အချိန်ရောက်လာပြီမို့ ချိတ်ပေါ်မှာ ချိတ်ဆွဲထားသော အပေါ်ဝတ်ဂျာကင်ကို ဖြုတ်ယူလိုက်ကာ ဝတ်လိုက်သည်။ ပြီးနောက် လက်ဆွဲကွန်ပျူတာကို ပိတ်လိုက်ပြီး အကျအန လွယ်သိုင်းလိုက်ကာ စားပွဲပေါ်တင်ထားသည့် နေကာမျက်မှန်အနက်ကို တပ်ဆင်ကာ မှန်တံခါးအနက်ကို ဖွင့်ပြီး ထွက်ခဲ့လိုက်သည်။

လွှားခနဲ လွှားခနဲနှင့် အားမာန်အပြည့်ခြေလှမ်းအစုံတို့နှင့် ထွက်ခွာသွားသော ခန့်မင်းထယ်ကို အားမငှဲက သိသိသာသာ ကြီးငေးလိုက်သည်။

သူမ ရှုးသွပ်လွန်းပါသည်။

ခန့်မင်းထယ်လို ပုဂ္ဂိုလ်လေးမျိုးက သူမကို လောကမှာ ရှိတယ်ဟုပင် ထင်ပုံမရ။

စိတ်ဆိုတဲ့အရာမျိုးကလည်း ဒါမလုပ်ရ၊ ဒါကို လုပ်ကို လုပ်ရမည်ဟူသော ခပ်ကြပ်ကြပ်စေနိုင်းလို့ရတဲ့အရာမျိုး ဖြစ်မနေပြန်ပါ။

စိတ်ဆိုတာ ဘယ်သူ့နိုင်းစေချက်မှမပါဘဲ အလိုလိုဖြစ်တည်ခံစားနေရတာမို့ ခန့်မင်းထယ်ကို မနှစ်သက်နဲ့ဟု ဘယ်လိုမှ

ဆိုဆုံးမ မရနိုင်ပါ။

သို့ပေမယ့် သူမကိုယ်၌ကလည်း ခန့်မင်းထယ်ကို နှစ်သက်မိတဲ့စိတ်နဲ့ပဲ သာယာပျော်ရွှင်နေမိတာလည်းပါသည်။

ခန့်မင်းထယ်က သူမအပေါ် ဘယ်လိုသဘောထားသလဲဆိုတာ သူမ မသိလည်း ဖြစ်သည်။ ခန့်မင်းထယ်က လူလွတ်တစ်ယောက်မို့ သူမ စိတ်ကြိုက်စိတ်ဝင်စား စိတ်ကူးယဉ်ရင်ခုန်လို့ရနေသည်လေ။

တစ်ယောက်ယောက်ကသာ သူမရဲ့ စိတ်ကူးယဉ်မှန်ကို သိလို့ကတော့ . . .

"ရှူးသွားရာပြီ"

ဟု ထောပနာပြုမှာ အမှန်ပင်။

× × ×

သူမက ဒီနေ့ ညနေပိုင်းဂျူတီမို့ ည (၈)နာရီလောက်မှ အလုပ်သိမ်းကာ နေကောင်းနေပြီဖြစ်သော မေခရဲ့ အကြိုကိုသာ စောင့်နေမိသည်။

ထိုစဉ် သူမရှေ့မှာ ဆိုင်ကယ်တစ်စီး ထိုးရပ်လာသည်။

သူမက ထိုပုံစံမျိုးနှင့် ပြဿနာဖြစ်ခဲ့ဖူး၍ လန့်ဖျပ်ကာ ကြည့်မိလိုက်သည်။

"ဘာထိုင်လုပ်နေတာလဲ"

"ဟို . . . သူငယ်ချင်းလာကြိုမှာမို့ စောင့်နေတာပါ"

"ကိုယ် စောင့်ကူရမလား"

ရတယ်ဟု ဟန်လုပ်ပြီး ငြင်းလိုက်ပြန်ရင်လည်း သူက တကယ်ထွက်သွားမှာစိုးတာကြောင့် ဘာမှမပြောဘဲ ရယ်ကျဲကျဲ သာလုပ်နေလိုက်သည်။

အလုပ်ရှင်နဲ့ အလုပ်သမားမို့ မသင့်တော်ဘူးဆိုတာ သိနေပေမယ့် သူနဲ့အတူ နေခွင့်ရမယ့် အခွင့်အရေးကိုတော့ သူမ လွှယ်လွှယ်နဲ့ လက်လွှတ်မခံနိုင်။

ခန့်မင်းထယ်ကို ဒီလိုကျတော့လည်း ဖော်ရွေသားဟု စိတ်ထဲမှတ်ယူလိုက်သည်။

ခန့်မင်းထယ်က ဆိုင်ကယ်စက်ကို ရပ်ပြီး ဆိုင်ကယ်ပေါ် မှ လွှားခနဲ ဆင်းချကာ ဒေါက်ထောက်ပြီး သူမနား လာရပ်နေ လိုက်သည်။

ခန့်မင်းထယ်ရဲ့ ကိုယ်သင်းရနံ့လေးကို စွဲမက်သွားရပါ သည်။

ခန့်မင်းထယ်ကို သူမ စကား များစွာပြောချင်မိပေမယ့် သူမ စကားမှားသွားမှာကို စိုးရိမ်မိ၍ ဘာတစ်ခွန်းမှမပြောမိပါ။

သူမနားရပ်နေတဲ့ ခန့်မင်းထယ်ကိုသာ မရဲတရဲလေး တစ်ချက်တစ်ချက် ခိုးကြည့်နေမိပါသည်။

မေခ မရောက်လာပါစေနဲ့ဦးဟုလည်း စိတ်ထဲမှာ အကြိမ်ကြိမ်ဆုတောင်းနေမိသည်။

သူမ ခန့်မင်းထယ်နှင့် ဒီလိုလေး တူတူအချိန်ကြာကြာ ရပ်ချင်နေမိ၍ပါ။

သို့သော် သူမ ဆုတောင်းကမပြည့်ခဲ့ပါ။ မေခက ဆိုင် ကယ်ကို သူမနား ထိုးရပ်လိုက်၍ဖြစ်သည်။

"ဆောရီး . . . အားမင့်၊ ငါ နောက်ကျသွားတယ်"

"နင်နောက်မကျတဲ့နေ့လည်း ရှိဦးမှာလား"

"ဟဲ . . . ဟဲ . . . သူငယ်ချင်းကလည်း"

"ငါ . . . နင့်ကို မိတ်ဆက်ပေးရဦးမယ်။ ဒါ . . . ငါ့ရဲ့အလုပ် ရှင် ခန့်မင်းထယ်တဲ့။ ကိုခန့် ဒါ . . . အားမင့်ရဲ့ တစ်ဦးတည်းသော သူငယ်ချင်း မေခတဲ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

"ကျွန်တော်လည်း ဝမ်းသာပါတယ်။ ကျွန်တော့်ကို လည်း အားမင့်လိုပဲ ခင်လို့ရပါတယ်"

"ခင်ကိုခင်ဦးမှာ တကယ်"

"အားမင့်သူငယ်ချင်းက ပျော်ပျော်နေတတ်ပုံရတယ်

နော်။ မိတ်ဖြစ်ဆွေဖြစ် အဖြစ် ဆိုင်တစ်ဆိုင်မှာ တစ်ခုခုစားဖို့ ဖိတ်ချင်ပါတယ်"

"အားနာပေမယ့် လိုက်စားမှာပါ"

မေခရဲ့ အရွှန်းဖောက်တဲ့စကားကြောင့် သူက ပြုံးလိုက်သည်။

"မေခနဲ့အားမင့်က တရုတ်စာကြိုက်လား"

"အင်း . . . ကြိုက်ပါတယ်။ အားမင့်က မာလာဟင်းဆို သိပ်ကြိုက်တာ"

"အင်း . . . ဒါဆို အကြိုက်တူသွားတာပေါ့။ ကိုယ်တို့ တရုတ်စာပဲ စားကြရအောင်"

ဟု ပြောကာ သူက ရှေ့မှ မောင်းထွက်သွားသည်။

သူမနဲ့ မေခရဲ့ဆိုင်ကယ်သေးသေးလေးက သူ့ဆိုင်ကယ်ကြီးနောက်မှ လိုက်သွားရသည်။

သူက တရုတ်စာတွေသာ သီးသန့်ရောင်းသော စားသောက်ဆိုင်ကြီးရှေ့မှာ ရပ်လိုက်ပြီး ဆိုင်ထဲသို့ ဦးဆောင်ဝင်သွားသည်။

သူမနဲ့မေခမှာ ဆိုင်ထဲသို့ သူ့နောက်မှ ခပ်ယို့ယို့ လိုက်ပါသွားရသည်။

သူက သူမတို့ မစားဘူးသော အစားအသောက် အဆန်းအပြားတွေသာ ကျွမ်းကျင်စွာ မှာယူပြီး သူမတို့နှစ်ယောက်ကို ဘခမ်းတနား တည်ခင်းကျွေးမွေးပါသည်။

သူမတို့နဲ့သူ တွေ့ရာလေးပါး စကားတွေပြောဖြစ်ကြသည်။ သူနဲ့ ဒီလို စကားကို ကြာရှည်စွာပြောဖြစ်ရတဲ့အတွက် သူမ သိပ်ကြည်နူးမိပါသည်။ သူနဲ့လည်း ပိုရင်းနှီးလာသလို ခံစားမိလာရသည်။ သူကလည်း သူမကို ရွှန်းရွှန်းစားစားကြီး ကြည့်၍ စကားပြောလာတတ်သည်။

သူမတို့ ဆိုင်ထဲ၌ နှစ်နာရီနီးပါးမျှ အချိန်ဖြုန်းပြီးနောက် ဆိုင်ရှေ့၌ပင် နှုတ်ဆက်ကာ သူ့လမ်းကိုယ့်လမ်း ပြန်လာခဲ့ကြသည်။

အိမ်ရောက်တော့ မေခက . . .

"အားမင့် . . . ရှင် ကံဇာတာတွေတက်လာပြီ"

"ရှင့်စကားက ဘာကြီးလဲ။ အရင်းရှာမရ အဖျားရှာမရနဲ့"

"ခန့်မင်းထယ်က ဥစ္စာပေါရုပ်ချော။ ဇနကျပြန်တော့လည်း ဥစ္စာပေါ ရုပ်ချော။ ကျွန်မ ရှင့်ကို ဘယ်သူနဲ့သဘောတူ

ရမှန်း မသိလို့ ဦးနှောက်စားနေပြီ”

“ရှာရှာကြံကြံ မစရယ် . . . စဉ်းစားတတ်ပါပေ့။ ခန့်မင်းထယ်လည်း မုန့်ဆီကြော်ပဲဟဲ့ . . . သိပြီလား”

“အဲဒီ မုန့်ဆီကြော်ကလည်း နင့်ပါးစပ်နားရောက်နေပါပြီ”

“ဟုတ်ရဲ့လား”

သူမက သိချင်လွန်း၍ အကဲစမ်းသည့်သဘောပင်။

“ဟုတ်သမှ ဟုတ်ခနဲတောင် မြည်သေးတယ်။ ခန့်မင်းထယ်ရဲ့အကြည့်တွေကို ငါ ဖတ်လို့ရတယ်။ သေချာတယ်။ ခန့်မင်းထယ် နင့်ကို ရာနှုန်းပြည့်နီးနီး စိတ်ဝင်စားနေတယ်။ နင်ပဲ စဉ်းစားကြည့်လေ။ သူလို ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ဘာရယ်မဟုတ်ဘဲ သိက္ခာအကျခံပြီး ခေယယလိုက်ကျွေးချင်ပါ့မလား။ နင်လည်း အရွယ်ရောက်နေတဲ့ မိန်းကလေးပဲ။ ဒါလေးတောင် မရိပ်မိဘူးလား”

“ရိပ်တော့ ရိပ်မိတာပေါ့။ မယုံကြည်နိုင်သေးတာ။ ဟဲဟဲ . . . ရှင် ဝေဖန်လာမယ့် စကားလုံးလှလှလေးလည်း ကြားချင်လို့”

“ပြောမိတဲ့ပါးစပ်ကိုက မှားတာပါ”

“ဘာလဲ . . . နင်က သူများကို စိတ်မချမ်းသာစေချင်ဘူးလား”

“သာစေချင်ပါတယ်တော်။ တကယ်တမ်း ငါ နင့်ကို တစ်ခုတော့ သတိပေးချင်တယ် အားမငဲ့။ နင် ချစ်တတ်ဖို့လိုတယ်”

“ဘာလဲ . . . နင့်စကားကြီးကလဲ”

“နင် အခုရွေးရော စဉ်းစားရော နှစ်ယောက်ဖြစ်လာပြီ”

“မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိသေးဘူး”

“ဘယ်မှာမှ မနေဘူး။ အဲ့ဒီမုန့်ပြားကြီးတွေက နင့်ဆီရောက်လာကြတော့မှာ သေချာနေပြီ။ ဒါကြောင့် ငါ နင့်ကို သတိပေးချင်တာ။ အချစ်ဆိုတဲ့အရာကို နင် ကောင်းကောင်း သိရှိခံစားနိုင်ပဲ”

“အချစ်”

“အင်း . . . အချစ် . . . ငါကတော့ လူတစ်ယောက်ကို နှစ်နှစ်ကာကာချစ်ဖူးတော့ အဲ့ဒီအချစ်ကို သိနေတယ်။ နင် နားလည်အောင်တော့ ငါ ကောင်းကောင်း မရှင်းပြတတ်ဘူး။ နင် သေချာ သတိထားဖို့က ချစ်တဲ့လူကို ရွေးချယ်မိဖို့ပဲ”

"ဒါများမေရယ် ရှင်းရှင်းလေးကို ငွေစိတွေနဲ့ ကိုက်ညီတာက ခန့်မင်းထယ်ပဲ။ ငါ ခန့်မင်းထယ်ကို ရွေးလေမပေါ့"

"ဒါဆို ငါ ဖန့်အတွက် စိတ်မကောင်းဖြစ်ရတော့မှာပဲ။ ဖန့်ကို ငါ ခင်တယ်။ ဖန်က သဘောထားလည်း ပြည့်တယ်။ သဘောလည်း ဖြူတယ်။ အမှန်တကယ်ဆို ငါ နင့်ကို ဖန့်နဲ့ ပိုသဘောတူမိတာ။ ဖန်က ငါတို့အပေါ်မှာလည်း ကျေးဇူးရှိတယ်။ ကောင်းပါတယ်။ ကျေးဇူးတွေ အားနာခြင်းတွေနဲ့ ရောယှက်နေတာ အချစ်စစ် မဖြစ်နိုင်ဘူး။ ပြီးတော့ နင့်ကို သတိပေးချင်တာက စိတွေနဲ့ ကိုက်ညီတိုင်းလည်း အချစ်မဟုတ်ဘူး။ အချစ်က အိပ် ဖြူစင်ရိုးရှင်းတယ်။ အချစ်က နောင်တ တရားတွေကိုလည်း ပေးတတ်တယ်။ ဒါကြောင့် နင် ချစ်သူရွေးတော့မယ်ဆိုရင် အချစ်ကို အရင်ဆုံး မြင်အောင်ကြည့်ပါ"

မေရဲ့အတွေးအခေါ်ဆန်တဲ့ စကားအချို့ကြောင့် သူမ စိတ်ရှုပ်သွားရသည်။

မေကိုလည်း သိပ်အတွေးခေါင်တာပဲဟု ရွတ်ရလိုက်မိပါသည်။ သို့ပေမယ့် ဒါ သူမကို ချစ်၍ဆိုသော အချက်တစ်ချက်နှင့် နားလည်ပေးလိုက်သည်။

သူမက ဒီနေ့ညနေပိုင်း ဂျူတီမို့ မနက်ပိုင်းမှာ ဆိုင်ထွက်ပေးဖြစ်သည်။ မေကို နားနားနေနေ နေစေချင်သည့်စေတနာ မျိုးလည်း ပါသည်။

သူမ သီချင်းလေးညည်းကာ ဆိုင်ခင်းနေစဉ်မှာပင် သူမ နားမှ လှုရိပ်ကြောင့် ရှေးဝယ်သူ ထင်ပြီး မော့ကြည့်လိုက်ရာ သူမ မှာ အိုးတိုးအမ်းတမ်းလေးဖြစ်သွားရသည်။

"ဟာ . . . ကိုခန့်ပါလား။ ဘုရားလာတာလား"

"အင်း . . . အားမငဲ့ သိပ်ပင်ပန်းမှာပဲနော်။ တစ်နေ့လုံး အလုပ်နဲ့ပဲ"

"ဟဲ . . . ဟဲ . . . အဲ့လိုလည်း မဟုတ်ပါဘူး"

"ဒါနဲ့ မေခရော"

"သူက ခဏနေမှ ထမင်းချိုင့်ဖို့ရင်း လူလာလဲလိမ့်မယ်"

"ဪ . . . အဲ့လိုလား။ ကိုယ် ဘုရားသွားဖူးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

သူမက လေးလေးစားစားပြောလိုက်၍ သူက သူမကို ကျောခိုင်းသွားသည်။

သူမက သူ့ရဲ့ကျောပြင်ခပ်ဖြောင့်ဖြောင့်ကို ကြည့်ရင်း ပြုံးမိလိုက်သည်။

နာရီဝက်မျှအကြာမှာ သူက သူမထံ ပြန်ရောက်လာခဲ့၍ သူမက စိတ်ထဲ မုန့်ဆီကြော်ကြီးတော့ လည်လာပြီဟု တီးတိုး ပြောလိုက်သည်။

"မေခရောက်လာရင် အားမင့် ကိုယ်နဲ့ မနက်စာ တစ်ခုခု လိုက်စားပါလား"

ဟု သူက ဖိတ်လာသည်။ သူမကလည်း မငြင်းချင်ပါ။ ဒါကြောင့် အပြုံးနှင့်သာ တုံ့ပြန်လိုက်သည်။

သူမနဲ့သူ ထွေရာလေးပါးတွေ ပြောနေမိ၍ အချိန်ကုန် . . .မှန်းပင် မသိလိုက်။ မေခရောက်လာခဲ့သည်။

"ဪ . . . ကိုခန့်မင်းထယ်ရောက်နေပါလား"

"ဟုတ်ကဲ့ . . . အားမင့်ကို မနက်စာသွားစားတာ အဖော် . . .က်ပေးဖို့ ခေါ်နေတာပါ"

"ဪ . . . ဟုတ်လား . . . အချိန်လည်း တော်တော် . . .င်းနေပြီ ဆာရောပေါ့။ အားမင့် လိုက်သွားလေ"

"ဒါဆို ငါ သွားမယ်နော်"

"အင်းပါဆို"

ဟု ခပ်ကျယ်ကျယ်ပြော၍ အားမင့်နားကပ်ကာ . . .

"ဘုရားဖူးရင်း လိပ်ဥတူးလား"

ဟု ခပ်တိုးတိုး ကျိတ်စလိုက်သည်။

သူမရဲ့စကားကြောင့် အားမင့်က တဟဲဟဲရယ်ကာ ပါ . . .းခဲ့ပါသည်။

ထွက်သွားပြီး၍ နှစ်နာရီမျှအကြာမှာ အားမင့် ပြန် . . .က်လာခဲ့ပါသည်။

အားမင့်မျက်နှာက မှိုရသော ယာသမားတစ်ဦးနှယ်။

သူမတို့ ဘာစားခဲ့ကြောင်းနှင့် သူက သူမကို ပရိုပို့စ်လုပ်ကြောင်း ပြောလာသည်။

"အဲ့တော့ နင် ဘာပြန်ပြောလိုက်လဲ"

"ဟန်ကြီးတစ်ခွဲသားနဲ့ စဉ်းစားဦးမယ် ဘာညာပေါ့ကွာ"

"ငါ နင့်ကိုမေးမယ်။ နင် အမှန်အတိုင်းဖြေနော်"

"ငါ . . . နင့်ကို ဘယ်တုန်းကလိမ်ခဲ့ဖူးလို့လဲ"

"အင်း . . . ကောင်းပြီ။ သူ နင့်ကို ပရိုပို့စ်လုပ်လိုက်တဲ့ အချိန်မှာ နင် ဘယ်လိုခံစားရသလဲ"

"ပျော်တယ် . . . သူလိုလူက ငါ့ကိုချစ်တယ်တဲ့ဆိုပြီး ကြည်နူးသွားတယ်"

"ဒါပဲလား"

"ဒါပဲမဟုတ်လို့ ဘာထပ်ရှိရဦးမှာလဲ"

"နင် သူ့ကိုချစ်သူတော်မှာလား"

"အင်းလေ . . . (၉၉) ရာခိုင်နှုန်း သေချာတယ်"

"နင် သူ့ကိုရော ချစ်သလား"

"ချစ်တယ်"

"နင့်ရဲ့ချစ်တယ်ကြီးက သိပ်ပေါ့ပျက်လွန်းနေတယ်"

"ဟဲ့ . . . ကျောက်ခဲဆွဲပြီးပြောရမှာလား"

"နင် သူ့ကို ဘာ့ကြောင့်ချစ်တာလဲ"

"သူက ဥစ္စာလည်းကြွယ်ဝတယ်။ ချောတယ်။ သန့်...တယ်။ ပြီးတော့ ငါ့ရဲ့စံနဲ့လည်း ကိုက်ညီတယ်။ သူနဲ့အတူရှိနေရင်...ည်း ကြည်နူးတယ်။ အဲဒါကို ချစ်တယ်မခေါ်လို့ ဘာကိုချစ်...ယ်လို့ခေါ်မှာလဲ"

"နင် သူ့ကိုအဖြေပေးတော့မှာလား"

"အင်း . . . ပေးဖြစ်တော့မယ် ထင်တယ်"

"သိပ်မြန်လွန်းမနေဘူးလား။ သူ အထင်သေးသွားဦး...မယ်"

"သူက အဲ့လိုယောက်ျားမျိုးမဟုတ်ဘူးကွ။ ဟား . . . ဟား ...နဲ့ ငါနဲ့သာ တရားဝင်ချစ်သူတွေဖြစ်သွားလို့တော့ ပျော်စရာကြီး..."

ဟုဆိုကာ မျက်ဝန်းမှာ စိတ်ကူးတွေ ပြည့်လျှံကာ ပျော် ...နေလိုက်သည်။

"မေခ . . . နင် ညနေကို လာမကြိုနဲ့တော့နော်။ ငါ့ကို သူ ...ိုက်ပို့မယ်တဲ့။ သူ့ဆိုင်ကယ်နောက်လေးမှာ စီးရတာ ငါ သိပ်

သဘောကျတာ"

ဟုပင် ပွင့်လင်းစွာ ဝန်ခံနေပါ၍ မေမှာ ရေငုံနှုတ်[illegible] ပင် နေဖြစ်တော့သည်။

အားမငှဲ သိပ်ပျော်နေတာလေ။ အားမငှဲပျော်ရွှင်[illegible] သူမလည်း ပျော်ရွှင်ရတာပဲလေ။

× × ×

ဇန် အားမငှဲတို့ အိမ်မရောက်တာကြာပြီဖြစ်၍ ဒီနေ့တော့ အားမငှဲကို အပြင်းအထန်တွေ့ချင်လာမိ၍လည်း မြို့သစ်ထဲသို့ ကွေ့ဝင်ခဲ့ပါသည်။ သိပ်အလုပ်ရှုပ်ကြသော သူမတို့နှစ်ယောက်ကြောင့် သူ့ရှာလည်ချိန်ကလည်း ညပဲဖြစ်သွားရသည်။

သူ အားမငှဲတို့အိမ်ရှေ့မှာ ဟွန်းကို နှစ်ချက်ဆင့် တီးလိုက်တော့ မေမေက ထွက်လာသည်။

"ဟ . . . ဇန်ပါလား။ ပျောက်ချက်သား ကောင်းလိုက်တာ။ လာ . . . အိမ်ထဲဝင်။ ကော်ဖီဖျော်တိုက်မယ်"

ဇန်နဲ့အတူ ဝဋ္ဌာနှင့် လှုငယ်တို့ ပါမလာ၍ . . .

"ဝဠာနဲ့ လှငယ်ရော"

"နောက်မှာလိုက်လာကြလိမ့်မယ်"

ဟုပြော၍ သူမကော်ဖီ (၅)ခွက်ဖျော်လိုက်သည်။

မေခက သူတို့ရှေ့ ကော်ဖီခွက်တွေ ချပေးရင်း . . .

"နင်တို့ကလည်း ပျောက်ချက်သားကောင်းလိုက်ကြတာ။ ဆေးရုံက ဆင်းပြီးတည်းကပဲ"

"မင်းတို့က ညတွေပဲ အားကြတော့ လာမလည်ဖြစ်တာပါ"

"အမလေး . . . ဒီအိမ်ကို ဘယ်အချိန်လာလာပါ။ နင်တို့အတွက်ဆို တံခါးက Open ပဲ"

"ဒါနဲ့ . . . အားမငဲ့ရော"

"အလုပ်က ပြန်မလာသေးဘူး"

"ဘာ! ဒီအချိန်ကြီးကို စင်တာတောင်ပိတ်ပြီ"

"အင်း . . . အဲ"

သူမ အုအုအားအားဖြစ်နေစဉ် အိမ်ရှေ့ဘက်ဆီမှ . . .

"မေခရေ . . . မေခ . . . ဖုန်း"

"ဟော . . . အားမငဲ့ဆီကထင်တယ်။ သွားကိုင်လိုက်ဦးမယ်နော်"

ဟု ပြောကာ မေခ ပြေးထွက်သွားသည်။ မေခ ထွက်သွားပြီး သိပ်မကြာပါ ရေးကြီးသုတ်ပျာနှင့် ပြန်ရောက်လာပြန်သည်။

"ဇန် . . . နင် အားမငဲ့ကိုသွားကြိုပေးမလား"

"ဘယ်မှာလဲ"

"စင်တာရှေ့မှာတဲ့"

"ဟာ . . . မေခ။ နင် ဒီအချိန်ထိ ဘာလုပ်နေတာလဲ။ ဟိုက မိန်းကလေးတစ်ယောက်တည်း ဒီအချိန်ကြီး . . . ဟာကွာ"

"မဟုတ်ဘူး . . . သူက သူ့သူငယ်ချင်းတစ်ယောက်နဲ့ ပြန်လာမယ်ဆိုလို့ပါ"

ဟု မေခက မျက်နှာငယ်လေးနှင့် ပြောလိုက်တော့မှ သူက ကားသော့ကိုကိုင်ကာ အိမ်ထဲမှ ခပ်မြန်မြန်ပင် ထွက်ခဲ့လိုက်သည်။

စိတ်မြန်သောသူက ခဏတွင်းမှာပင် စင်တာရှေ့ ရောက်သွားရသည်။ မာကျူရီမီးတိုင်အောက်မှာ ငုတ်တုတ်လေး ထိုင်စောင့်နေသော အားမငဲ့ကြောင့် သူ့ရင်ထဲ မချိအောင် ခံစား

လိုက်ရသည်။

သူက အားမငှဲ့ရှေ့တည့်တည့်မှာ ကားကို ဆိုင်ရပ်ပြီး . . .

"ဟိတ် . . . ဘာလုပ်နေတာလဲ။ ကားပေါ်တက်လေ"

ဟု ခပ်ဆတ်ဆတ်ပြောလိုက်သည်။

ထိုအခါမှ အားမငှဲ့က လေးလံထုံထိုင်းစွာ ကားပေါ်တက်လိုက်သည်။

အားမငှဲ့ပုံက အထူးငြိမ်ကျနေ၍ သူ့စိတ်ထဲ မသင်္ကာဖြစ်လာပြီး၊ အားမငှဲ့ကို စူးစိုက်စွာကြည့်လိုက်သည်။

မီးရောင်ကြောင့် ပါးပြင်ပေါ် ယိုဖိတ်နေတဲ့ အားမငှဲ့ရဲ့ မျက်ရည်စက်ကြောင့် သူ ရုတ်တရက် ကားကို လမ်းဘေးနားထိုး ရပ်လိုက်သည်။

"အားမငှဲ့"

"အင်း"

"မင်း ဘာဖြစ်နေတာလဲ"

သူ့မအသံကို အနည်းငယ်ထိန်းကာ . . .

"အင်း . . . ဘာမှမဖြစ်ပါဘူး"

"မင်းကိုယ့်ကို မညာနဲ့။ အဲ့ဒီဘာမှမဖြစ်တာကိုက တစ်ခု ဖြစ်နေတာ"

"ဘာမှမဖြစ်ပါဘူးဆို"

"ဒါဆို မင်း ဘာဖြစ်လို့ ငိုနေလဲ"

"ဘယ်မှာငိုလို့လဲ"

"အားမငှဲ့"

သူ ဒေါသဖြစ်လာ၍ အသံတို့မြင့်သွားရသည်။ အားမငှဲ့မှာ သူ့ရဲ့လေးပင်ဩရှသောအသံတစ်ခုကြောင့် လန့်သွားရသည်။

"အားမငှဲ့ . . . မင်းကို ဘယ်သူတွေ ဘာလုပ်လိုက်လဲ ပြောစမ်းကွာ"

"ဘယ်သူမှ ဘာမှမလုပ်ဘူး။ ဒီနေ့ အားမငှဲ့ ငိုချင်လာလို့ပါ . . . အီး . . . ဟီး . . . ဟီး"

ငိုရှိုက်နေသော အားမငှဲ့ကြောင့် သူ့ရင်ထဲ ဗလောင်ဆူနေအောင် ခံစားရပါသည်။

ဘာကြောင့်လဲဆိုတာ ဆန်းစစ်လို့မရပေမယ့် အားမငှဲ့ကို နှစ်သိမ့်ပေးချင်လာသည်။

တသိမ့်သိမ့် ငိုရှိုက်နေသော အားမငှဲ့ရဲ့ပခုံးလေးကို ဖွဖွ ပုတ်ကာ နှစ်သိမ့်ပေးမိသည်။

အားမငဲ့ ငိုရှိုက်တာ တော်တော်လေးအားရသွားသော အချိန်ရောက်မှ သူက တစ်သျှူးတွေကို တစ်ရွက်ပြီး တစ်ရွက် ကမ်းပေးလိုက်သည်။ အားမငဲ့ကလည်း သူပေးသမျှ သုတ်ရင်းနှင့် တစ်သျှူးတွေ အပုံလိုက်ဖြစ်သွားရသည်။ ဒီတော့ သူတို့နှစ်ယောက်ရဲ့အဖြစ်က ရယ်စရာကြီးဖြစ်လာတော့သည်။

အားမငဲ့က သူမကိုယ်သူမ ရယ်ချင်လာ၍ သူ့ကိုကြည့်ပြီး ဟက်ခနဲ့ရယ်လိုက်တော့ သူကလည်း သူမကိုကြည့်ပြီး ဟက်ခနဲ တန်ပြန်ပြုံးပြ၍ သူ့အမူအရာကြောင့် သူမမှာ ဟက်ဟက်ပက်ပက် ရယ်ဖြစ်သွားသည်။ အခုတော့လည်း တစ်မျိုးလေးနှင့် ချစ်စရာကောင်းနေပြန်ပါသည်။

အခုလိုပုံမျိုးကမှ သူ သိတဲ့ အားမငဲ့လေ။ အားမငဲ့ကို စိတ်ပြေစေရန် ညစျေးတန်းဘက်ချိုးကွေ့လိုက်ပြီး ရှေ့ပ်ကောင်းခေါက်ဆွဲခပ်စပ်စပ်ကို တရှူးရှူး တရှဲရှဲနှင့် နှစ်ယောက်တူတူ စားဖြစ်ကြသည်။ ဆန့်ကျင်ဘက်အနေနှင့် ရေခဲမုန့်အေးအေးကို နှစ်ယောက်တူတူ စားမိကာ (၁၆)နှစ်ကလေးများလို တဟဲဟဲ ရယ်နေမိကြသည်။

ဒီတော့မှ သူမကလည်း အားမငဲ့အစစ်ဖြစ်လာသလို သူ

ကလည်း လူသားဆန်သည့် ဖန်ဖြစ်သွားရသည်။

အားမငဲ့ကို ပျော်အောင်ဖန်တီးပေးရင်း သူကိုယ်တိုင်ပင် အားမငဲ့နဲ့ထပ်တူ ပျော်နေမိပါသည်။

ထိုအချိန်မှာ အားမငဲ့က ခန့်မင်းထယ်ကို လုံးဝမေ့နေခဲ့ပါတော့သည်။

× × ×

အားမငဲ့ဆီသို့သွားရန်ဆိုသော သတိတစ်ချက်ကြောင့် သူ ဒီနေ့ အစောကြီးနိုးနေခဲ့ပါသည်။ မနက်ခင်းရဲ့အရသာကို မခံစားဖြစ်သည်မှာ ကြာခဲ့ပါပြီ။ လန်းဆန်းသွားအောင် ရေအေးအေးကို ဇိမ်ခံကာ ချိုးပစ်လိုက်သည်။

ဖြူလွလွအကျီတစ်ထည်နှင့် ကာကီရောင်ဂျင်းပင်(န်) တစ်ထည်ကို ဝတ်ဆင်လိုက်ပြီး ရေစိုနေသော ဆံပင်ရှည်များကို ဘီးကျဲကြီးနှင့် ဖြစ်သလို သပ်တင်လိုက်ပြီး မှန်ရှေ့မှာ ရပ်လိုက်တော့ သန့်ပြန့်ရှင်းသန့်နေသည့် ရုပ်သွင်ပေါ်လာသည်။

သူ့မျက်နှာမှာ ခါတိုင်းလို အေးစက်တင်းထန်မနေတော့

ဘဲ ပါဝါတစ်မျိုးဖြင့် လန်းဆန်းလတ်ဆတ်နေခဲ့ပါသည်။

သူက လေလေးချွန်ကာ အခန်းတံခါးကို ဖွင့်ပြီး လှေကားအတိုင်း ဆင်းခဲ့လိုက်သည်။

သူ့အပြင် အခြားလေချွန်သံကိုလည်း ကြားလိုက်ရပါသည်။

ဒီအိမ်မှာ လေချွန်သံတစ်ခါမှ မကြားဖူး၍ အနည်းငယ်တော့ အံ့ဩမိသား။

သေချာပါသည်။ ခန့်မင်းထယ်ပင်။

သူက လှေကားအဆင်းနှင့် ခန့်မင်းထယ်က လှေကားအတက် ဆုံမိကြခြင်းရယ်ပါ။

ခန့်မင်းထယ်ကလည်း ဘာတွေမြူးလာသည်မသိ သိပ်ပေါ့ပါးနေသည်။

သူကလည်း သူ့အတွေးနဲ့သူ ပေါ့ပါးလန်းဆန်းနေသူမို့ တစ်ယောက်ကို တစ်ယောက် သိပ်အပြစ်မမြင်မိကြတော့ပါ။ အတက် အဆင်း ဆုံဖြစ်ကြသော မတည့်ကြသူနှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ပေတောင်းတောင်းပင် မကြည့်ကြတော့ဘဲ ကျော်ဖြတ်သွားကြသည်။

သူ ညှော်ခန်းမသို့ ဖြတ်ကျော်စဉ် . . .

"ဟာ . . . သား . . . ဒီနေ့ စောလှချည်လား။ မထားရေ ကြည့်ပါဦး။ ကိုယ့်သားက ဒီနေ့တော့ သိပ်လန်းနေပါလား"

ဟု ဖေဖေပင် စလာခဲ့သည်။ ဒါဆို သူ့ပုံက သိပ်သိသာ လွန်းသွားပြီလား။

သူက ဒီလိုတစ်ခါမျှ အစမခံခဲ့ရဘူး၍ ခပ်ရှက်ရှက်နှင့် ရယ်ကျဲကျဲလေးလုပ်လိုက်သည်။ ဒါကိုပဲ ဖေဖေက သဘောကျ ကြီးကျကာ . . .

"ငါ့သားက ဒီပုံစံဆိုရင် မဟုတ်မှလွဲရော ကောင်မလေး ရနေပြီထင်တယ်"

ဖေဖေ့ရဲ့ရွှတ်နောက်နောက်အပြောကို သူ သိပ်နစ် သက်သွားမိသည်။

"အတော်ပဲ . . . ဒီနေ့အိမ်မှာသားကြိုက်တတ်တဲ့ ရှမ်း ခေါက်ဆွဲလုပ်ထားတယ်"

အန်တီထားရဲ့ ချိုမြမြအသံကိုလည်း သူ ဒီနေ့ထူးခြားစွာ ပင် စိတ်မဆိုးမိပါ။ သူ့စိတ်တွေ အမှန်တကယ်ပင် လန်းနေရပါ၏။

"တော်ပြီ . . . မစားတော့ဘူး အန်တီထား။ အပြင်မှာပဲ"

"ဘယ့်နှယ် . . . မထားကလည်း ငါ့သား သူ့ကောင်မလေး နဲ့ ချိန်းထားတာနေမှာပေါ့"

ဖေဖေနှင့် အန်တီထားက သူ့ကို ဖြီးကောင်ပေါက် အရွယ်လို စနေကြပါသည်။

သူကလည်း ခပ်ရှက်ရှက်နှင့် မလုံ့တလုံလေး ရယ်ကျဲ ကျဲလုပ်နေပါသည်။

ဒါကြောင့် အချစ်က ဇော့ကိုပြောင်းလဲစေတယ်လို့ လူ ဘကာတို့ ပြောကြသည်ထင်ရဲ့။

"ကျွန်တော်သွားလိုက်ဦးမယ်"

ဖေဖေ့ကို ခွင့်တောင်းသလိုပြောကာ ထွက်ခဲ့လိုက် သည်။

သူ့ကားလေးမှာ (၇၈)လမ်းမကြီးမှတစ်ဆင့် သိပ္ပံလမ်း ကို ချိုးကွေ့လိုက်ပြီး မြို့သစ်ထဲသို့ ဝင်လိုက်သည်။

သူ အိမ်ရှေ့မှာ ဟွန်းနှစ်ချက်ဆင့်ပေးလိုက်သည်နှင့် အားမငှဲက အိမ်ထဲမှ ပြေးထွက်လာသည်။

"ဟင် . . . ဖန် စောလှချည်လား။ အိမ်ရေးရောဝရဲ့လား"

သူမက ဖန့်ကိုတော့ သူငယ်ချင်းရင်းချာတစ်ယောက်

လို နွတ်သွက်အာသွက်နှင့် ပြောရဲဆိုရဲရှိလှသည်။

သူမက တံခါးဖွင့်ပေး၍ ဇန်က အိမ်ထဲသို့ဝင်ခဲ့ပြီး . . .

"မေခရော နိုးနေရဲ့လား"

"အံမယ် . . . လူကိုများ အိပ်ရေးပုတ်မှတ်တယ်။ မေခ က အစောကြီး နိုးနှင့်ပြီးသား"

"ဒါပေမယ့် . . . မင်းကတော့ မျက်နှာမသစ်ရသေးဘူး မဟုတ်လား"

"ဟဲ . . . ဟဲ . . . သိရင်လည်း တိတ်တိတ်နေ။ ညွှသည် ကလည်း ဘယ်လိုညွှသည်လဲ မသိဘူး။ သူများမျက်နှာမသစ် သေးတဲ့အချိန် အလည်လာရတယ်လို့"

ဟု ပွစိစိလေးပြောလိုက်သည်။

"ဟာ . . . ဇန် စောစောစီးစီးပါလား"

"ဘယ်မှာစောလို့လဲ။ (၆)နာရီပဲခွဲနေပြီ"

"ဩော် . . . အင်း"

မေခက ဇန် ရှက်သွားမည်စိုးတာကြောင့် ထပ်မစတော့ ဘဲ နေလိုက်သည်။

"ဩော် . . . ဇန် နင်ရောက်လာတာနဲ့ အတော်ပဲ။ ငါတို့

ဆိုင်တယ်ပျက်လို့ ဆေးရုံတင်ထားရတယ်။ အဲ့ဒါ အားမင့်ကို နင် ဘုရားကြီးပို့ဦး"

"နင်ကရော"

"ငါက ထမင်းဟင်းချက်ပြီး ချိုင့်နဲ့မှ လာခဲ့မယ်လေ"

"အားမင့်က ဘာဖြစ်လို့ ထမင်းမချက်တာလဲ"

"အမလေး . . . မပြောပါနဲ့တော့ သူချက်တဲ့နေ့ ပျော့တူး နေဝဲ။ ဟင်းကလည်း အရသာကို ပျက်ရော"

"အင်း . . . ဒါဆို မိန်းမပီသတာပေါ့"

ဟု သူက အရွှန်းဖောက်ကာ ပြောလိုက်သည်။

"နင် အဲ့လောက်တော့ အချိန်ရတယ်မဟုတ်လား ဇန်"

"အချိန်တွေက အမြဲတမ်းပိုနေတာ။ ဒါပေမယ့် ကားငှား တော့ ကြေးကြီးတယ်နော်။ နင် ထမင်းပိုထည့်ခဲ့"

ဇန်ရဲ့ ခပ်တည်တည်အပြောကြောင့် မေခ သဘော ပေါက်သွားကာ ပြုံးလိုက်သည်။

ဇန် တစ်ကြိမ်တစ်ခါမှ မချစ်ဖူးဘူးဆိုတာ ဇန်ရဲ့စကား ရှင်းရှင်းနဲ့တင် သူမ သဘောပေါက်သွားပါသည်။

ဇန်က အားမင့်ကို ချစ်နေပြီဆိုတာလည်း လုံးဝသေချာ

သွားရပါသည်။

"နင်က ဘာပြုံးတာလဲ။ တော်ပြီကွာ . . . ငါ ကားပေါ်ကပဲ စောင့်မယ်"

ဟု ရှက်စနိုးလေးပြောသွားသည်။

သူမ သိလိုက်သည်။ ကြာရင် သူ့စိတ်ကို သူမ ရိပ်မိသွားမည်စိုး၍ မလုံဘဲဖြစ်သွားရသည်ကိုပါ။ ဖန့်လို မိုက်ကန်းကန်းနှင့် မိုက်ကြည့်ကြည့်တတ်သည့်လူတစ်ယောက်က အခုလိုပဲ ရှက်ရမ်းရမ်းလေးနှင့်လည်း အမြင်တစ်မျိုးဆန်းနေ၍ ကြည့်ကောင်းနေပါသည်။

သူမ အားမငဲ့အခန်းထဲသို့ ဝင်လိုက်စဉ် အားမငဲ့က အဝတ်အစားလဲနေပါပြီ။

သူမက စတင်ပေါ်ထိုင်ရျရင်း . . .

"အားမငဲ့ . . . ရှင် သိပ်ကံကောင်းမှာ သိလား"

"ဘာကြီးလဲ။ ရှင့်စကားကြီးကလည်း ဘဲဥကြီးကျလို့"

"ရှင့်ကို ဖန်က ထိစ်ချစ်မယ့်ပုံပဲ"

"မေခနော် . . . စောစောစီးစီး"

"ရှင့်ကို သူလိုက်ပို့မယ်တဲ့"

"ကောင်းတာပေါ့။ ကားခတောင် သက်သာသေး"

"ခန့်မင်းထယ်ထက် နင့်ကို ဖန်က ချစ်နိုင်မှာပါ။ နင့်ကို ချိန်းပြီးမှလည်း အဲ့လိုချန်ထားမှာ မဟုတ်ဘူး"

"ငါနဲ့ချိန်းထားတာကို သူ မေ့သွားတာလည်း ဖြစ်နိုင်ပါတယ်"

"အားမငဲ့ ရှင့်စိတ်ကို လုံးဝအားမရဘူး"

"မတတ်နိုင်ဘူး မေခ။ စိတ်ဆိုတာ သူ့အလိုလိုဖြစ်ပေါ်နေတာပဲ"

"အချစ်ရေးနဲ့ပတ်သက်ပြီး ငါ နင့်ကို ဘာမှမဝေဖန်ချင်ဘူး။ အချစ်ဆိုတာ ဘာပကာသနမှ မပါဘူး။ သိပ်ကိုဖြူစင်ရိုးရှင်းတယ်။ အချစ်ဟာ လူတစ်ယောက်ကို ပြောင်းလဲသွားစေတတ်သလို၊ လိုအပ်ချက်အရပ်ရပ်ကိုလည်း ဖြည့်ဆည်းပေးတယ်။ အချစ်က သိပ်မွေ့နက်နဲတယ်။ နင် အချစ်ကို အမှန်စင်စစ်တွေ့ပါစေလို့ ငါ ဆန္ဒပြုတယ်"

"အမှန်တကယ်တော့ ငါ့ရင်ထဲမှာလည်း တင်းကြပ်နေဘာပါပဲ။ ငါ တစ်ခုခုကို ဆုံးဖြတ်ဖို့ မငံ့မရဲဖြစ်နေတယ်။ အခု ငါ့အဖြစ်က ဝါးတားတားနဲ့။ ဘယ်လမ်းကို ဖြတ်ကူးရမှန်းမသိပါဘူး"

"နှင့်စိတ်တွေကို ရှင်းထုတ်ပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို နိုင်နိုင်မာမာချပါ အားမင်ရဲ့"

"ငါ ဘာမှမသိတော့ဘူး"

သူမတို့နှစ်ယောက် စကားကောင်းနေတုန်း အိမ်ရှေ့ဘက်ဆီမှ ဟွန်းသံနှစ်ဆင့် ဆက်တိုက်ကြားလိုက်ရသည်။

"ကဲ . . . မြန်မြန်ပြင်။ ဟိုဒေါ်သအိုးက စိတ်မရှည်တော့ဘူးနဲ့တူတယ်"

ဟု မေခက လောဆော်လိုက်၍ သူမဖြစ်သလို စပ်မြန်မြန် ခေါင်းကို ဖြီးလိုက်ပြီး လက်အိုင်အိတ်ကိုဆွဲကာ ထွက်ခဲ့လိုက်သည်။

"မေခရေ သွားပြီဟေ့"

ဟုပင် အနောက်သို့လှမ်းအော်လိုက်သေးသည်။

"ဘယ်လောက်ပြင်ပြင် ဒီရုပ်ပဲ။ ကြာလိုက်တာ"

"ဇန် . . . ရှင်ဟာလေ အလိုက်ကမ်းဆိုးကို မသိဘူး။ မိန်းကလေးတွေက အဲ့လိုပြောရင် မကြိုက်ကြဘူး . . . သိလား။ လှတယ်၊ ချောတယ်၊ ချစ်စရာလေး။ ရင်ခုန်သွားပြီ အဲလိုပြောမှ ကြိုက်ကြတာ"

"ကိုယ် မင်းကြိုက်အောင်ပြောနေတာမှ မဟုတ်တာ။ စိတ်ထဲရှိတာ ပြောနေတာပဲ"

"ဇန် ရှင်ဟာလေ ဘုတောတောနဲ့ အချိုးကိုမပြေဘူး"

သူမက နှုတ်ခမ်းလေးစူကာ အပြစ်တင်လိုက်ပေမယ့် သူက တဟားဟားပင် အော်ရယ်နေသေးသည်။

ဘုရားကြီးရောက်တော့ သူမကို ပို့ပြီးပြန်သွားမည်ထင်၍ သူမ ကားပေါ်မှ ဆင်းမယ်ကြံတော့ သူက ကားကိုစက်မသတ်သေးပါ။ စတဲင်းမှာပင် အသေအချာထိုးရပ်လိုက်ပါသေးသည်။ ထိုအခါမှ သူမက ကြောင်နနဖြစ်သွားရကာ . . .

"ဟင် . . . မပြန်သေးဘူးလား"

"ပြည်သူပိုင်ပဲ။ ကိုယ်လည်း ဝင်ထွက်လို့ရတယ်။ ခြောက်နှစ်ခုမှ သတိရတယ် ကိုယ် ဘုရားမဖူးဖြစ်တာကြာပြီပဲ။ ရောက်တုန်း ဘုရားဝင်ဖူးဦးမှပဲ"

ဟု ခပ်တည်တည်နှင့် သူ့ဘာသာသူ ညည်းတွားသလို ပြောကာ ကားပေါ်မှ ဆင်းသွားခဲ့သည်။ သူမကတော့ သူ့နောက်မှာ ခပ်ယို့ယို့လေး လိုက်ပါသွားရပါသည်။

သူမက ဆိုင်တံခါးသော့ကို သွားဖွင့်နေချိန်မှာ သူက

ဘုရားသွားဖူးနေပါသည်။

ဘုရားဖူးနေသော သူ့နောက်ကျောကို သူမက နှုတ်ခမ်း စူစူလေးနှင့်ကြည့်ကာ လုပ်စရာရှိသည်များကို ဆက်လုပ်နေလိုက်သည်။

သူက ဘယ်အချိန်ထဲက သူမနားရောက်နေသည် မသိ။ သူမက ခုံကိုမနိုင့်တနိုင် မလိုက်တော့မှ သူမလက်ကို ပုတ်ချကာ ခုံကို သူမကိုယ်စား မပေးလိုက်သည်။

"ဟင် . . . ဇန် မပြန်သေးဘူးလား"

"မေခက ထမင်းကို ဝိုယူခဲ့ရင် မင်းတစ်ယောက်တည်း မကုန်နိုင်မှာစိုးလို့"

ဟု မထိတရိအဖြေပြန်ပေးပြန်သည်။ ပြီးနောက် ဇန်က သူမကိုပင် ဂရုမစိုက်တော့ဘဲ မခင်းတတ်ခင်းတတ်နှင့် ဆိုင်ကို ကမောက်ကမ ခင်းနေလိုက်သည်။ သူမက ဇီဇာကြောင်တတ်သူ ပီပီ ဇန့်ကို မကျေမနပ်လည်းဖြစ်မိ၍ ပုတီးကုံးလေးအချိတ်များတောက အစ ဒုတိယအကြိမ် ပြန်၍ ပြင်ဆင်လိုက်သည်။ သူက ရှေ့ကနေ ကမောက်ကမနှင့် အဆင်မပြေလုပ်လိုက် သူမက သူလုပ်ထားသမျှကို နောက်ကနေ ပြန်ပြင်လိုက်နှင့် အဆင်မပြေစွာ ဈေး

ခင်းနေကြပါသည်။ နောက်တော့မှ သူက သူမကို စိတ်မရှည်နိုင်တော့သဖြင့် လက်ထဲမှ ပုတီးကုံးများကို ဆောင့်ဆောင့်အောင့်အောင့် ပစ်ချကာ ဆိုင်ထဲဝင်ကာ ခုံပေါ် စပ်ငူငူကြီးထိုင်နေလိုက်သည်။

ကလေးဆိုးကြီးလို ဝင်သွားသော သူ့ကို အားမငဲ့ ဘယ်လိုနေနေ ဂရုမစိုက်ပါ။ လုပ်လက်စများကိုသာ ဣန္ဒြေရရလုပ်မြဲ လုပ်နေလိုက်သည်။ ဆိုင်ရဲ့အမြင့်တစ်နေရာမှာ ယွန်းခြင်းလေးတွေကို အလှချိတ်ရာတွင် အရပ်ကမမီသဖြင့် မပီမကမ်းလေး ခြေဖျားထောက်ကာ အချိတ်မှာတော့ သူက မနေနိုင်စွာပင် ထလာပြီး သူမလက်ထဲမှ ယွန်းခြင်းလေးများကို ဆွဲယူကာ ချိတ်တင်လိုက်သည်။ မြင့်မားကျယ်ပြန့်သော သူ့ခန္ဓာကြီးက သူမကိုပင် ဖုံးကွယ်သွားလုမတတ်ပင်။ သိပ်နီးကပ်လွန်းသော အခြေအနေကြောင့် သူမမှာ ရင်တွေ တလုပ်လုပ်ဖိုကာ သူ့ကို မော့ကြည့်မိတော့သည်။ ပြုံးမွှေးစိမ်းစိမ်းတို့နှင့် ဖြူသန့်ပြောင်ရှင်းနေသော သူ့ရုပ်သွင်က သူမကို ညို့နေသယောင်ပင်။

"ဒီလိုဆိုရင် အဆင်ပြေလား"

သူမ ကြောင်အမ်းနေ၍ ရုတ်တရက် ပြန်မဖြေလိုက်နိုင်

ပါ။ သူက ဒါကိုပဲ ရယ်ကျဲကျဲနှင့်လုပ်ကာ . . .

"ဘာလဲ . . . ကိုယ်ချောလို့လား"

"ဘဝင်ကြီးပဲ"

ဟု သူမက မဲ့ရွဲ့ကာ ပြောလိုက်လျှင် . . .

"ဟား . . . ဟား . . . သိပါဘူး အချို့တွေက ကိုယ့်ကို နိုင်ငံခြားမင်းသားတွေနဲ့ တူတယ်လို့ ပြောကြလို့ပါ"

သူက ခပ်တည်တည်နှင့်ပြောလာ၍ သူမမျက်နှာလေး ရှုံ့မဲ့ပြလိုက်သည်။

သူက သဘောကျသွားကာ ရယ်ကျဲကျဲလုပ်နေရာမှ ရုတ်တရက် တည်လိုက်ပြီး . . .

"ဟား! မောလိုက်တာ။ ဆိုင်ခင်းရတာ ပင်ပန်းသွားပြီ။ ကော်ဖီဆာလာသလိုပဲ။ ကိုယ့်ကို ကော်ဖီတစ်ခွက်လောက် လိုက်တိုက်ပါလား"

"ရှင် အစားသိပ်ပုပ်တာပဲ။ မတိုက်နိုင်ဘူး။ မကျေနပ်ရင် ရှင့်ဘာသာ ရှင် သွားသောက်"

သူမ နှာခေါင်းလေးရှုံ့ကာ ညစ်ကျယ်ကျယ်ပြောလိုက်ခြင်းရယ်ပါ။

ဒါကိုပဲ သူက တဟားဟားနှင့်ရယ်ကာ ဘောင်းဘီအိတ်ထဲမှ ဖုန်းကို နှိုက်လိုက်သည်။ ပြီးမှ သူမကို ခပ်စွေစွေကြည့်ကာ ခုန်းစလုတ်တွေကို နှိပ်လိုက်သည်။

"ဝဠာ . . . ကော်ဖီဝယ်ပြီး လာခဲ့။ ငါ အခု အားမငှဲနဲ့ ဘုရားကြီးမှာ"

". . . . . ."

"အားမငှဲလေ ကော်ဖီသောက်ချင်လှပါတယ်ဆိုပြီး ပူဆာနေလို့"

ဟု သူက ရယ်ကျဲကျဲပြောလျှင် သူမက နှုတ်ခမ်းကို ကိုက်ကာ မျက်လုံးလေးပြူးပြလိုက်သည်။ သူကတော့ တဟဲဟဲရယ်ကာ ဖုန်းပိတ်လိုက်ပြီး သူမဟုတ်သလိုပင် ခပ်တည်တည်ဖြစ်သွားပြန်သည်။ ပြူးပြဲပြဲပြလုပ်ရသော သူမပင် အရှုံးကြီး လုံးလုံးဖြစ်သွားလို့ရယ်ပါ။ အမျိုးမျိုး တတ်နိုင်သော သူ့မျက်နှာအပြောင်းအလဲကြောင့် အားမငှဲမှာ သူ့ကျောကုန်းကို တဘုန်းဘုန်း ထုရိုက်ချင်စိတ်ကို မနည်းဖုံးဖိထားရသည်။

ဘေးပတ်ဝန်းကျင်ဆိုင်နီးနားချင်းများကလည်း ဖန်နှင့် သူမကို တစေ့တစောင်း အကဲခတ်ကုန်ကြသည်။

ဖန်ကတော့ ဒါတွေကို လုံးဝဂရုစိုက်ပုံမရ။

သူမမှာတော့ မသိမသာနှင့်တစ်မျိုး သိသိသာသာနှင့် တစ်ဖုံ ကြည့်လာကြသော မျက်လုံးများအတွက် မအီမသာနှင့် နေရခက်လာရပါသည်။

"ဖန် ရှင်ပြန်ရင်ကောင်းမယ်။ ကျွန်မတို့ကို လူတွေ ကြည့်ကုန်ကြပြီ"

သူမရဲ့မရိုတရိုအပြောကို သူက ဂရုပင်မစိုက်ဘဲ . . .

"ကြာလိုက်တာကွာ။ ကိုယ် ဒီနေ့ ကော်ဖီမသောက်ရ သေးဘူး"

သူက ကော်ဖီတစ်ခွက်လောက်ပင် သူမစကားကို အရေးမစိုက်ပါ။

လွှားလွှား လွှားလွှားနှင့် အဝေးမှလာနေကြသော လူ ခပ်ချောချောလေးယောက်ကြောင့် မျက်လုံးများက ထိုခပ်ချော ချော လူလေးယောက်ထံသာ စုပြုံသွားကြသည်။

ဝဍ္ဍာက ပဲ့ကြည့် ဒီကြည့်နှင့် လာခဲ့သည်ဖြစ်ရာ ရပ်နေ သော အားမငဲ့ကိုမြင်သွားပြီး ပြုံးပြလာပြန်၍ သူမ သူတို့ကြောင့် ပိုပြီးစိတ်ကျဉ်းကျပ်သွားရသည်။

ရှိရှိသမျှသောလူတွေက သူမကိုပဲ ကြည့်နေကြသလား ဟုပင် ထင်လိုက်မိသည်။

ဝဍ္ဍာက တည့်တည့်ကြီးပင်လာကာ ဘာမပြော ညာ မပြောနှင့် သူမကို တိုက်ပြီး ဆိုင်ထဲဝင်သွားပြန်သည်။

သူမမှာတော့ သူတို့ရဲ့အပြုအမူကြောင့် အိုးတိုးအမ်း ဘမ်းလေးနှင့် ဘေးနားသာ သွားရပ်နေမိတော့သည်။

သူတို့(၅)ယောက်ကြောင့် သူမဆိုင်လေးမှာ ပြည့်လျှံ သွားရတော့သည်။

သူကိုတောင် မြန်နိုင်းနေပါတယ်ဆိုကာမှ သူက စပ်ကူ တောင် ခေါ်လိုက်ပါသေးသည်။ သူမ ဒေါသထွက်ရလွန်း၍ မြေ ဆောင့်ကာ သူ့နားသွားရပ်လိုက်သည်။

သူကမူ အေးဆေးစွာပင် ကော်ဖီခွက်ကို ဖွင့်သောက် လိုက်သည်။

"သောက်ဦးမလား"

ဟုဆိုကာ သူမထံ လှမ်းပေးလာသည်။

"သောက်ပြီးပြန်တော့"

သူမရဲ့မာဆတ်ဆတ်အပြောက သာမန်အားဖြင့်တော့

ဖန့်ကို ဒေါသထွက်စေမှာ အမှန်ပင်။

သို့သော် ပြုံးရွှိရွှိလုပ်နေသော ဖန်ရဲ့ မျက်နှာပေးလှလှ ကြောင့် ကျန်လူလေးယောက်မှာ အံ့ဩသွားရသည်။ ဖန်မှ ဟုတ် ပါလေစ။

"ဟိတ်ကောင်တွေ . . . မင်းတို့ ဗိုက်မဆာဘူးလား"

"အင်း . . . ဆာသလိုပဲ"

"မဟုတ်ဘူး။ မင်းတို့ကောင်တွေ ဗိုက်ဆာနေပါတယ်။ ဆာတယ် မဟုတ်လား"

"အင်း . . . ဆာတယ်"

ရောင်းသူဝယ်သူ အသံတုနေသော သူတို့အဖွဲ့ကို မြင် မြင်းကတ်လာသည်။

"ဆာရင် ခဏစောင့်။ မကြာခင် မေခလာတော့မယ်။ သူ ထမင်းချိုင့်ပါလာလိမ့်မယ်။ ဝဏ္ဏ မင်း မာလာဟင်းတစ်ပွဲလောက် သွားဝယ်ပါလား"

"ဒီလောက်စပ်နေတဲ့အစားမျိုး မင်း ဘယ်တုန်းကစားဖူး လို့လဲ"

"ဟား . . . အခုကြိုက်သွားပြီ။ ဝယ်မှာသာ ဝယ်ခဲ့စမ်းပါ"

ဟု ပြောလာ၍ ဝဏ္ဏတို့မှာ သဘောပေါက်သွားရသည်။

ဆေးရုံမှာတုန်းက မေခက အားမင့် ရှယ်ကောင်း ခေါက် ဆွဲတို့၊ မာလာဟင်းတို့ ကြိုက်ကြောင်းကို ပြောခဲ့ဖူးသည်လေ။

ဖန်က အားမင့်ကို တမင်စနေတာဆိုတာ ဝဏ္ဏအပါ အဝင် အားလုံးက သဘောပေါက်သွားရသည်။

"ဝဏ္ဏ မင်းပြန်လာရင် မေခကိုပါ ကြိုခဲ့"

"အေး"

ဟု တိုတိတိပြန်ဖြေရင်း ဝဏ္ဏသွားလိုက်သည်။

သူမကိုပင် ဂရုမစိုက်ဘဲ သူတို့ဘာသာ လုပ်ချင်ရာလုပ် နေကြသော သူတို့အဖွဲ့ကို သူမ ဒေါသဖြစ်ရပါသည်။

သူမ ဒေါသဖြစ်ရလွန်း၍ ဘာမှမပြောနိုင်ဘဲ ရေချည်း သာ သောက်နေမိပါသည်။

"အချိုအချိုကျတော့လည်း ကော်ဖီတောင် မသောက် နိုင်ရှာဘဲ ကော်ဖီအစား ရေချည်းသောက်နေတတ်တယ်။ ဒါပေ မယ့် ငါတို့က ကံကောင်းတယ်။ ကော်ဖီကို ဇိမ်ခံပြီးသောက်ရ သလို ဆိုင်ထဲမှာလည်း ပန်ကာလေးနဲ့ အေးအေးဆေးဆေး နေရ တယ်။ အချိုအချိုကတော့ ဘယ်ဘဝက ဝဋ်ကြွေးပါလာမှန်း မသိ

ဘူး။ ယပ်တောင်ကြီးခပ်လို့"

သူမကိုမကြည့်ဘဲ သူမကြားသာရုံလေးပြောလာသည်။

ဒီတော့မှ သူမက လက်ထဲမှယပ်တောင်ကို ယောင်ယမ်းကာ လွှတ်ချမိလိုက်သည်။

"အချို့အချို့ကျတော့ မှုအိုက်ပေမယ့် ယပ်တောင်တောင် မခပ်နိုင်ရှာဘူး။ တမင်သက်သက် အပူခံတယ်။ တကယ့်ပုစွန်မလေးပဲ"

သူမ ကြားသာရုံလေး စောင်းပြောလာပြန်သဖြင့် သူမ ဒေါသဖြစ်ဖြစ်နှင့် ထရပ်လိုက်ပါသည်။

"အင်း . . . ဆုတောင်းမကောင်းတဲ့ လူများကျတော့လည်း လူစဉ်မမီ အရပ်က ပုသေး"

သူမ အပြစ်မြင်နိုင်လွန်းတဲ့ သူ့ကို ဒေါသဖြစ်လာရသည်။ သူမ ဒေါသတကြီးနှင့် သူ့ကို ကြည့်ပစ်လိုက်သည်။ ထိုအခါမှာတော့ သူက သူမကို မကြည့်တော့ဘဲ လှုငယ်ဘက်တည့်တည့်လှည့်ကာ . . .

"လှုငယ် မင်းဒေါသသိပ်မဖြစ်နဲ့၊ မင်းဒေါသဖြစ်ရင် အသားတွေတွန့်ပြီး ရုပ်ဆိုးသွားပြန်ရော"

ထိုအခါမှာတော့ ဟုတ်လေမလားဆိုတဲ့ သံသယစိတ်နဲ့ သူမရဲ့ပါးပြင်ကို စမ်းကိုင်လိုက်သည်။ သူမနှင့်သူ့ကြောင့် လှုငယ်၊ ှုကျော့နှင့်ဇာနည်တို့မှာ သဘောကျပြီး ခိုးခိုးခစ်ခစ် ရယ်မိကြတော့သည်။ သူတို့ ကာယကံရှင်နှစ်ယောက်ကတော့ ခပ်တည်ည်ပင်။

ဇနီက မှင်သေသေနှင့် ဆက်ပြောလိုက်သည်။

"နဂိုရှိမှ နဂိုက်ားထွက်မှာပေါ့။ မဟုတ်ဘူးလား"

ဇနီရဲ့ ခပ်တည်တည်အပြောကြောင့် သူတို့ပင် ယောင်မ်းကာ ခေါင်းညိတ်မိကြသည်။

"အဲဒါပဲကွ။ အချို့အချို့မိန်းကလေးတွေကျတော့ ကိုယ့်ာ့မှန်းသိရဲ့နဲ့ လှချင်ကြတာ"

ဟု ပြောလာပြန်၍ ပါးကိုင်ကြည့်နေမိသော သူမရဲ့က်တွေက ယောင်ယမ်းလွှတ်လိုက်မိသည်။

သူဘာပြောပြော ဂရုမစိုက်ဘဲ နေတော့မယ်ဟု ဆုံးဘ်ကာ သူတို့ကိုကျောခိုင်းပြီး ဆိုင်ရှေ့ဘက်ကိုသာ မျက်နှာမူ၍ င်လိုက်တော့ . . .

"ဟိတ် . . . ကောင်မလေး"

သူမ ထပ်မလှည့်ကြည့်တော့ပါ။

"အင်း . . . အချိုးအချိုးကျပြန်တော့လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ နားမကြားနိုင်ကြပြန်တော့ဘူး"

သူမလည်း မခံနိုင်တော့သဖြင့် သူ့ကို နီးစပ်ရာပစ်တိုင်း ထောင်ရုပ် ပေါက်စလေးဖြင့် ပစ်ပေါက်လိုက်သည်။ သူက သွက်လက်စွာရှောင်တိမ်းရင်း . . .

"အင်း . . . အချိုးအချိုးကြပြန်တော့လည်း အမိုက်ပုံးနဲ့လှမှားနေကြပြန်ရော။ အင်း . . . မျက်စိမှုန်နေလို့ နေမှာပါလေ"

သူမကို တစ်မျိုးပြီးတစ်မျိုး အပြစ်ပြောနိုင်လွန်းသော သူ့ကို ထုရိုက်လိုက်မိတော့သည်။

သူက စိတ်မတိုတဲ့ပြင် တဟားဟားနှင့်ပင် ရယ်နေသေးသည်။

"ဟဲ့ . . . ဟဲ့ နင်တို့ကလည်း လူတွေကြားမှာ သတိလေးလည်း ထားကြဦးမှပေါ့"

ဟု ဘယ်ကတည်းကမှန်းမသိ ရောက်နေသော မေခကပြောလာမှ သူမ ပို၍ရှက်သွားရသည်။

"မေခနော်"

"ဟဲ့ . . . ဟဲ့ နင်တို့ ဗိုက်ဆာနေကြပြီ မဟုတ်လား"

ဟုပြောကာ စားဖို့သောက်ဖို့ တစ်ခါတည်းပြင်ဆင်တော့သည်။

ဆိုင်လေးမှာ ကျဉ်းတဲ့အတွက် အားလုံးမှာ ကျဉ်းကျဉ်းကျပ်ကျပ်ပင်။

"သူများစီးပွားရေးလုပ်တဲ့နေရာ သူတို့အတွက် ပျော်ပွဲစားရုံကျနေတာပဲ"

ဟု ပွစိပွစိလေး မြည်တွန်လိုက်သည်။

သူတို့ကတော့ သူမစကားကိုပင် နည်းနည်းမှအရေးမလုပ်ကြပါ။

သူက သူမထံသို့ ထမင်းတစ်ပန်းကန် ပေးလာသည်။ သူမက လှမ်းယူမယ်ကြံတော့ သူက ပြန်ရုတ်သိမ်းကာ . . .

"လက်ပါတာပဲ။ ကိုယ့်ဘာသာစူး"

ဟုပြောလာ၍ သူမမှာ ဒေါသပြုတစ်လေး ထွက်ရကာနေမယ်ကြံပြန်တော့ . . .

"ဒီမှာချထားတာ မတွေ့ဘူးလား"

ဟု မှင်သေသေနှင့် အော်လာပြန်သည်။

ဒီတော့မှ သူမက ခွက်ကိုပြန်ချထားပြီး ထမင်းထည့်ထားသောပန်းကန်ကို ကောက်ကိုင်လိုက်သည်။

"အမျိုးမျိုး"

ဟု ပွစိပွစိလေး ပြောလိုက်ပြန်သည်။

သူမက မာလာခေါက်ဆွဲဖတ်ကို နှိုက်မယ်ကြံတော့ . .

"ဟား . . . ဟား . . . ငါက မာလာခေါက်ဆွဲဖတ် သိပ်ကြိုက်တာ" ဟုဆို၍ သူမတူဖြင့် ညှပ်ထားသော မာလာခေါက်ဆွဲဖတ်ကို သူမ.တူထဲမှ လုကာညှပ်ယူ၍ အားပါးတရပုံမျိုးနှင့် စားပြလိုက်သည်။ သိပ်ကလေးဆန်လွန်းသည့် သူ့ကို သူမ ရယ်ချင်သွားသည်။

သူမက စိတ်လျှော့ကာ အာလူးကြော်ကို နှိုက်မယ်ကြံပြန်တော့ . . .

"အာလူးကြော်က စားကောင်းမယ့်ပုံပဲ",

ဟု ပြောပြောဆိုဆိုနှင့် သူမ.တူနှင့်ညှပ်ထားသော အာလူးဖတ်ကို ဆွဲလုပြန်သည်။

သူတို့နှစ်ယောက်ကြောင့် ကျန်လူများ ပြုံးစိစိဖြစ်ကုန်ကြသည်။

သူမက ထမင်းပိုင်းမှာမို့ ဒေါသကိုလျှော့လိုက် ဟန်နှင့် အသက်ကိုမှန်မှန်ရှူလိုက်ပြီး အစိမ်းကြော်ပန်းကန်ကို နှိုက်လိုက်ပြန်သည်။

"ကန်စွန်းရွက်ဖတ်ထင်တယ်"

ဟုပြောကာ သူမညှပ်ထားသော ကန်စွန်းရွက်ကို ဆွဲလုသွားပြန်သည်။

ဒီတော့မှ သူမ တော်တော်ဒေါသထွက်လာပုံမျိုးနှင့် ထမင်းပန်းကန်ကို ဆောင့်ချလိုက်ပြီး သူ့ကို ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

ထို့နောက် အစိမ်းကြော်ပန်းကန်ကို သူမက တစ်ဆက်တည်းစားပစ်လိုက်တော့သည်။

တခြားသောမိန်းကလေးတွေ မစဉ်းစားမိတဲ့ အပြုအမူမျိုးကြောင့် သူမကို အားလုံးက ကြောင်နစ္စာမှင်တက်နေကြစဉ် သူမက ထပ်၍ အာလူးကြော်အားလုံးကို စားပစ်လိုက်ပြန်သည်။ အာလူးကြော်ကုန်တော့ မာလာဟင်းပန်းကန်ကိုမကာ အလောတကြီး စားပစ်လိုက်တော့ . . .

"အဟွတ် . . . အဟွတ်"

ငရုတ်သီးစပ်လွန်း၍ သီးသွားရသည်။ ထိုအခါကျတော့မှ သူက ရေးကြီးသုတ်ပျာနှင့် ရေဘူးထဲမှရေကို ဖန်ခွက်ထဲ လောင်းထည့်ပြီး သူမထံ လှမ်းပေးလာသည်။ သူမက လှမ်းပေးလာသောခွက်ကို မယူဘဲ ရေဘူးကိုသာ ဆွဲယူကာ ရေဘူးလိုက် မော့ချပစ်တော့သည်။

သူမ မသောက်သည့် ရေခွက်ထဲမှ ရေကို သူ မကျေမနပ် သောက်လိုက်ပါသည်။

အခုမှ ဖန့်ကိုနိုင်တဲ့သူ ပေါ်လာတော့တယ်ဆိုသော အတွေးနှင့် သူတို့ပြုံးမိလိုက်ကြသည်။

"မထင်ရဘူးသိလား။ ဒီလို ငယ်ငယ်ရွယ်ရွယ်လေးက ဒီလောက်အစားပုပ်မယ်လို့ လုံးဝမထင်ရဘူး"

သူမ ရှုံ့စားစားသွားသည်ကို သူက ရွဲ့ပြောလိုက်လျှင် သူမက သူ့လက်မောင်းကို တဘုန်းဘုန်းထုရိုက်ပါတော့သည်။

သူကလည်း တဟဲဟဲနှင့်ရယ်ကာ ရှောင်လိုက်တိမ်းလိုက်လုပ်နေ၍ သူတို့နှစ်ယောက်ရဲ့ပုံမှာ ဗီဘိ သိပ်ချစ်ကြသည့် ချစ်သူနှစ်ဦးနှယ်ပင်။

အားလုံးကလည်း သိပ်လိုက်ဖက်ညီလွန်းလှသည့် သူ

တို့နှစ်ယောက်ကို မျောက်ပွဲကြည့်သလို ဝိုင်းကြည့်နေကြ၏။

သူတို့နှစ်ယောက်ဟာ သိပ်လိုက်ဖက်ညီလွန်းလှပါတယ်။ တစ်ယောက်က မခံချင်အောင်စလိုက်၊ တစ်ယောက်က ဘမင်ရှဲ့လိုက်နှင့်။

အားမင့်ကလည်း စိတ်ဆိုးသလိုပုံ ဖြစ်နေပေမယ့် သူမရဲ့ မျက်လုံးတွေက ပြုံးနေပါသည်။

စိတ်ရဲ့ပြတင်းပေါက်ဟာ မျက်လုံးဆိုရင် အားမင့်စိတ်ထဲ တကယ်ပင် ကျေနပ်ပျော်ရွှင်နေတာပေါ့နော်။ ဖန့်ကိုလည်း သူတို့က အံ့သြရပါသည်။

ဖန်ဟာ အားမင့်နဲ့တွေ့မှ တခြားလူတစ်ယောက်လို ပြောင်းလဲလာခဲ့တာပါ။ ငယ်ပေါင်းကြီးဖော် သူတို့ပင် ဖန့်ကို မယုံကြည်နိုင်ကြတော့။

ဖန့်ကို ဒီလောက်ပေါ်တော်လိမ့်မယ်လို့ ထင်မထားခဲ့တာ အမှန်ပါ။ အခုတော့ ဖန်က အားမင့်ဘာပြောပြော အားမင့်နား ကွယ်ကပ်နေပြီး ပေါ်ကြီးတစ်ယောက်လိုပင် စနေသေးရာ သူတို့ပင် မယုံနိုင်အောင် အံ့သြရပါသည်။

ခါတိုင်းဆိုလျှင် ဖန်က တည်ကြည်နေတာထက် တင်း

မာသောရုပ်သွင်က ပေါ်နေတတ်ပါသည်။ သူတို့ ဖန်နဲ့ပေါင်းလာတဲ့သက်တမ်းကလည်း ကြာခဲ့ပါပြီ။ ဖန် အသံထွက်ပြီးရယ်နေတဲ့အသံက အားမင့်နဲ့တွေ့သောအခါမှသာ ကြားဖူးရတာပါ။ အားမင့်နဲ့မှ ဖန့်ရဲ့ဘဝက လတ်ဆတ်လန်းဆန်းလာရပါသည်။

ဖန့်ရဲ့စိတ်ဟာ ပေါ်လွင်နေလှသော်လည်း ဖန်က သူတို့ရှေ့မှာ ဘာမှဝန်မခံသေး၍ သူတို့ ထိုအကြောင်းနှင့်ပတ်သက်ပြီး ဘာမှမသိရပါ။

သူတို့ သေချာသိနေတာတော့ ဖန်ဟာ အားမင့်ကို သာမန်ထက်ပိုတယ်ဆိုတာပါပဲ။

× × ×

ဒီနေ့ အားမင့်ရဲ့ဂျူတီချိန်က ညနေပိုင်းမို့ အားမင့်ရောက်လာမယ့်အချိန်ကို သူမျှော်နေမိပါသည်။ သူ အားမင့်ကို တောင်းပန်ချင်သည်။

အားမင့် အလုပ်ကို စောစောလာပါစေဟု ကျိတ်၍ဆုတောင်းမိသော်လည်း ဂျူတီချိန်းချိန် (၁) နာရီပင် ကျော်သွားခဲ့သည်။ အားမင့် ရောက်မလာသေးပါ။

၁-နာရီခွဲတွင် သူ အလုပ်ကိစ္စနှင့် အပြင်ထွက်စရာရှိသေးသည်။ ပြီးလျှင် ၆၄-လမ်းပေါ်မှဆိုင်ကို သွားရမည်ဖြစ်၍ သူမှာ အချိန်တို့က ပိုမနေပါ။ အားမင့် ခွင့်တိုင်ထားခြင်းလည်း မရှိ

တာကြောင့် ရောက်လာမယ်ဆိုတာ သူသိနေ၍ အချိန်အနည်းငယ် စောင့်ကြည့်လိုက်သည်။

(၁း၁၅)လောက်မှ အားမငှဲရောက်မလာသေး၍ သူ မှန်ပြတင်းမှတစ်ဆင့် လမ်းမဘက်သို့ မျှော်ကြည့်လိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အားမငှဲရဲ့ပုံရိပ်ကို တွေ့လိုက်ရသည်၊ သို့သော် သူ သိပ်အံ့ဩသွားရပါသည်။

မြင်ကွင်းက နည်းနည်းဝေးနေသည်မို့ သေချာသွားအောင် အာရုံစိုက်၍ ကြည့်လိုက်သည်။ သေချာပါသည်၊ ဒါ ဇန်ရဲ့ကားပါပဲ။ သူမြင်လိုက်သော မြင်ကွင်းမှာ အားမငှဲက ဇန်ရဲ့ကားပေါ်မှ ဆင်းလာပုံဖြင့်သည်။

သူ အာရုံစိုက်ပြီး ကြည့်နေစဉ်မှာပင် ဇန်ပါကားပေါ်မှ ဆင်းလာခဲ့သည်။

ပြီးနောက် ဘာပြောကြသည်မသိ။ နှစ်ယောက်သားပြုံးရွှင်ကာ စင်တာကြီးထဲ ဝင်ခဲ့ပါသည်၊ သူ အံ့ဩရပါသည်၊ အပြုံးတစ်ချက်ကို သိပ်ကပ်စေးနဲသော ဇန်က အစွမ်းကုန်ပြုံးရယ်နေပါသည်။ ပြီးတော့ အားမငှဲ၊ သူမကလည်း သူ့ရှေ့မှာ ဒီလောက်ထိ ပျော်မြူးနေတာ မတွေ့ခဲ့ဘူး။ ဒါဘာလဲ။

သူတို့နှစ်ယောက်က ဘာတွေလဲ။

သူ စိုးရိမ်သွားမိသည်။

ဇန့်လက်ထဲသို့ အားမငှဲကို အပ်မခံနိုင်။

အားမငှဲနဲ့ဆို သူပျော်သည်၊ ကြည်နူးရင်ခုန်ရသည်။ အားမငှဲကို သူချစ်နေပြီလေ။

သူသိကွာ၊ အဆင့်အတန်းကြောင့်သာ အားမငှဲကို ဖွင့်မပြောဖြစ်ခြင်းရယ်ပါ။

မနေ့ကလည်း အားမငှဲကို ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်ပြီးကာမှ ရုတ်တရက်ပေါ်လာတဲ့ ညစာစားပွဲတစ်ခုကြောင့် ပျက်သွားရသည်။ အားမငှဲကို သူ တောင်းပန်ရဦးမည်။ သူ့ရဲ့လက်အောက်ငယ်သားဆိုပေမယ့် ကိုယ်ရေးကိုယ်တာကိစ္စမှာ သူက ပျက်ကွက်ခဲ့သူလေ။

ဇန်နဲ့အားမငှဲက ဘာတွေလဲ။

သူ့ရင်မှာ ဗလောင်ဆူနေရပါ၏။

သူနဲ့ဇန်ဟာ ဘာကြောင့် အမြဲထိပ်တိုက်တွေ့ဖို့ချည်း ဖြစ်နေရတာလဲ။

သူ့ရင်ထဲ ရတက်မအေးအောင် ပူပင်မှုတွေ ဖြစ်ပေါ်ရပါ

သည်။ သူက ဇန်နှင့်ယှဉ်ပြိုင်ရမှာ ကြောက်နေတာလား။

ဇန့်ကိုကြောက်တာတော့ မဖြစ်နိုင်။ ဇန်နဲ့ အစွမ်းကုန် ပြုံးပျော်နေသည့် အားမငှဲ့ရဲ့အပြုံးတွေကို ကြောက်မိတာပါ။

သူ ဇန့်ကို မရှုံးချင်ပါ။ သူ့ကိုဆို ဂရုမစိုက်သလို ဘာမထီ နေတတ်သည့် ဇန့်ကို သူ နည်းနည်းမှမကျေနပ်ပါ။ ဖြစ်နိုင်ရင် ဇန့် ကို သူအမြဲအနိုင်ရချင်ပါသည်။ သူ့ရင်ထဲ ဗလောင်ဆူကာ အားမငှဲ့ ထပ်မံထွက်ပေါ်လာမည့် အခန်းတံခါးဝသို့ ကြည့်နေလိုက်သည်။ သိပ်မကြာပါ။ အားမငှဲ့နှင့်ဇန် တွဲလျက်ပင် သူ့မြင်ကွင်းထဲ ထပ်မံ ပေါ်လာပြန်သည်။

အားမငှဲ့ကလည်း ပြုံးရွှင်ရယ်မောကာ ဇန့်ကို လက်ပြ နှုတ်ဆက်နေသလို ဇန်ကလည်း အားမငှဲ့ကို ပြုံးပြုံးကြီး စိုက်ကြည့် နေခဲ့ပါသည်။

ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတတ်သည့် ဇန့် အကြောင်းကို သူသိသည်။

လူတစ်ဦးတစ်ယောက်ကို ပြုံးပြရမှာ အင်မတန်ဝန်လေး တတ်သည့် ဇန့်ရဲ့အပြုံးတွေကို သူ ကောင်းကောင်းဖတ်တတ် သည်။

ဇန့်မျက်နှာချောချောကြောင့် သူ သိပ်ကိုစိုးရိမ်မိသွား သည်။

ဒီနေ့တစ်နေ့လုံး အလုပ်လုပ်ရတာ အလွဲလွဲအချော် ချော်နှင့် ဘာတစ်ခုမှ အဆင်မပြေခဲ့ပါ။

သူကလည်း တဖွတ်ထိုးညဉ်လေးရှိသူပီပီ အလုပ် သင်းချိန်ကိုမှန်း၍ စင်တာကြီးရှေ့မှာ သွားစောင့်နေလိုက်သည်။

ရှိရှိသမျှသော အလုပ်တွေကို အချစ်ဆိုသော ခေါင်းစဉ် အောက်မှာ ဆိုင်းငံ့ထားလိုက်သည်။

သူ ကြာကြာမစောင့်လိုက်ရပါ။

အားမငှဲ့က တက်တက်ကြွကြွနှင့် ထွက်လာတာ တွေ့ လိုက်ရသည်။ သူ ဆိုင်ကယ်ပေါ်မှာ ထိုင်နေရာမှ ဆင်းလိုက်ပြီး အားမငှဲ့ရှေ့ သွားရပ်လိုက်သည်။

"ဟင် . . . ကိုဇန့်"

"ကိုယ် မင်းကိုစောင့်နေတာ ကြာပြီ"

"ဟာ . . . အားနာစရာကြီး။ အကြောင်းရှိလို့လား"

"မနေ့ကကိစ္စအတွက် အစားပြန်လျော်ချင်လို့"

"ရပါတယ်။ အဲလောက်အရေးမကြီးပါဘူး"

"အားမငှဲ ကိုယ့်ကို စိတ်ဆိုးနေတာလား"

"ဟင် . . . ဘာဖြစ်လို့လဲ"

"သိပ်စိမ်းသွားသလားလို့"

အမှန်တကယ်ပင် မနေ့က စိတ်မကောင်းဖြစ်ခဲ့မိ၍ ဒီစကားတစ်ခွန်းကိုတော့ ဘာမှမတုံ့ပြန်တော့ပါ။

ခန့်မင်းထယ်ကလည်း လူကဲခတ်မညံ့ပါ။

"ဆောရီး အားမငှဲ၊ ကိုယ် တကယ်စိတ်မကောင်းပါဘူး။ မနေ့က ကိုယ် ရုတ်တရက် အရေးကြီးကိစ္စပေါ်လာလို့ပါ"

"ရပါတယ်"

"အားမငှဲ ကိုယ့်ကိုစိတ်ဆိုးနေတာ သေချာပါတယ်"

"အဲလိုပုံ ပေါက်နေလို့လား"

"ဒါဆိုရင် ငြိမ်းချမ်းရေးရတဲ့အနေနဲ့ ကိုယ် မင်းကို တစ်ခုခုလိုက်ကျွေးမယ်။ ဘယ်လိုလဲ"

ဒီစကားတစ်ခွန်းမှာတော့ သူမ စဉ်းစားလိုက်ရသည်။ ဇန်က သူလာကြိုပါမယ်၊ အတန်တန်မှာသွားခဲ့တာလေ၊ သူမကို ဇန်မတွေ့လို့ကတော့ သိပ်ကိုစိတ်ဆိုးနေလိမ့်မည်။

ဇန့်ကို သူမ နိုင်ပေမယ့် ဇန့်ရဲ့ဒေါသကိုတော့ သူမ

ကြောက်ပါသည်။

သို့ပေမယ့် မရစဖူးရလာသည့် ခန့်မင်းထယ်နှင့် ဒီလိုအခွင့်အရေးကိုလည်း သူမက လက်လွှတ်မခံနိုင်ပါ။

သူမ လျင်မြန်စွာဆုံးဖြတ်လိုက်သည်။

ဇန့်ကို သူမ နောက်မှရှင်းပြမည်၊ ပြဿနာက အခွန့်ရှည်နေမည်စိုး၍ . . .

"ဒါဆိုသွားမယ်လေ"

ဟုပင် လျင်မြန်စွာ ပြီးစလွယ်ပြောလိုက်သည်။

ခန့်မင်းထယ်ကလည်း ရုတ်ချည်းပင် ဆိုင်ကယ်ပေါ်တက်ကာ စက်နှိုးလိုက်သည်။

သူမလည်း နောက်ကျောလေးမှာ အလိုက်သင့်လိုက်ထိုင်ရင်း သူမတို့ဆိုင်ကယ်လေး လမ်းတစ်ခုကို ကွေ့သွားတော့မှ ဇန်ရဲ့ကားလေးက တခြားလမ်းတစ်ဖက်မှ ချိုးကွေ့ဝင်လာသည်။

အားမငှဲ ဆင်းမလာသေးတာဘဲဟု ထင်၍ ဇန်က စီးကရက်ကို မီးညှိဖွာရင်း ကားပေါ်မှာပင် ထိုင်နေလိုက်သည်။ ဇန်စောင့်နေတာ အတော်ပင်ကြာသွားခဲ့သည်။

စင်တာကြီးက ပိတ်သွားပါပြီ၊ အားမငှဲက ထွက်မလာခဲ့

သေးပါ။ သူ သံသယနည်းနည်းဝင်လာသည်။ အားမငဲ့ ပြန်သွား ပြီလား။ ဒါမှမဟုတ် . . .။ သူ မစဉ်းစားတတ်ပါ။ သူ လာကြိုပါမည် လို့ ပြောထားပါရဲ့နဲ့ သူမ စောင့်နေရမှာလေ။ ခုတော့ . . .

ဝန်ထမ်းတစ်ယောက်တလေများ ကျန်လေမလားဟု စင်တာရဲ့ လုံခြုံရေးတာဝန်ကျကို မေးလိုက်တော့လည်း အရှည်း နီးပင်။

နောက်ဆုံးမှာ သူ ဘာမှမစဉ်းစားတော့ဘဲ အားမငဲ့ကို ဆူရန်မာန်ရန် ပြန်ခဲ့တော့သည်။

သူ ကားစက်ကိုရပ်၍ အိမ်ထဲဝင်လိုက်သည်နှင့် မေခက

"အားမငဲ့ရော"

ဟု ပြူးကြောင်ကြောင်မေးလာသည်။

ဒီတော့ သူ စဉ်းစားရကြပ်သွားပါသည်။

"ပြန်မရောက်သေးဘူးလား"

"ဟင် . . . ရှင်ပဲ သွားကြိုတာလေ"

"သူမရှိဘူး။ စင်တာလည်းပိတ်သွားပြီ"

"ဟာ . . . အဲဒါမှဒုက္ခပဲ။ ဘယ်သွားတာလဲ"

မေခက ညည်းတွားတော့မှ သူ့ရဲ့စိုးရိမ်မှုဒီဂရီက မြင့်

တက်သွားရသည်။

ညတစ်ညမှာ ရှန်းရင်းဆန်ခတ်ဖြစ်သော မော်ကြီးနှင့် အားမငဲ့ပုံရိပ်ကို မြင်ယောင်မိလိုက်သည်။ အားမငဲ့က မျက်နှာငယ် လေးနှင့် မော်ကြီးကို တောင်းပန်နေသည်။ သူ အဲဒီတုန်းကတည်း က အားမငဲ့ရဲ့မျက်နှာငယ်လေးကို ကြင်နာမိသွားတာပါ။ အားမငဲ့ ဒုက္ခနှင့်ကြုံနေပြီလားဟု သူစိုးရိမ်သွားရသည်။

ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုနှိုက်ပြီး . . .

"ဝဏ္ဏလား။ အားမငဲ့ပျောက်နေလို့"

ဟု အစရှိသည်ဖြင့် ဝဏ္ဏကိုပြောလိုက်သည်။

ထို့နောက် လှငယ်၊ လှကျော်နှင့် ဇာနည်ဆီသို့ ဖုန်း အသီးသီးခေါ်ကာ သူတို့ ၅-ယောက် အားမငဲ့ကို ဖြန့်ရှာကြတော့ သည်။

သူ့ရင်ထဲမှာ ဗလောင်ဆူနေခဲ့ပါသည်။ အားမငဲ့ကို သိပ် ပိုးရိမ်နေမိသည်။

သူ့အာရုံထဲမှာလည်း မော်ကြီးကို မျက်နှာငယ်လေးနှင့် တောင်းပန်နေရှာသည့် အားမငဲ့၊ ဇရုတ်သုတ်ခတွေ့ရန်မှ ရှောင် ရှားလိုသည့်သဘောနှင့် သူ့လက်မောင်းတစ်ဖက်ကို တွဲခိုဖူး

သည့် အားမငဲ့။ ထိုပုံရိပ်တွေက သူ့စိတ်အာရုံထဲပျံလွင့်နေမိသည်။ အားမငဲ့ကို သူက အမှတ်မထင်ကြုံလိုက်ရသည့် အချိန်တိုင်းဟာ ကမောက်ကမတွေနှင့်ချည်းမို့ သူ လိုတာထက်ပို၍ စိုးရိမ်မိတာပါ။

ဝဋ္ဋာတို့ဆီမှ ဖုန်းလာတော့လည်း အားမငဲ့ကို မတွေ့သေးဆိုတာဘဲ အထပ်ထပ်ကြားနေရသည်။

သူ ဒေါသဖြစ်လွန်း၍ မြင်မြင်သမျှကို ပတ်ရမ်းချင်လာပါသည်။

ဘယ်မှာမှ ရှာမရသည့်အဆုံးမှာတော့ အားမငဲ့အပြန်ကိုပဲ စောင့်မည်ဟု ဆုံးဖြတ်၍ မြို့သစ်ထဲသို့ပင်ပြန်လာခဲ့ပြန်ပါသည်။

ထိုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် အားမငဲ့တို့အိမ်ရှေ့မှာ ရပ်ထားသော ဆိုင်ကယ်အကြီးတစ်စီးကြောင့် သူ့ဒေါသတွေ အလျှံညီးညီး ဖြစ်ကုန်ရသည်။ ကားကို ခပ်ကြမ်းကြမ်းရပ်ကာ အိမ်ထဲသို့ဝင်လိုက်သည်။ အိမ်ထဲမှာ ပြုံးမြမြနှင့် ကော်ဖီတစ်ခွက်ကို ဖိမ်ခံကာသောက်နေသော ခန့်မင်းထယ်ကြောင့် သူ ပို၍ဒေါသဖြစ်သွားပြီး ခန့်မင်းထယ်ကို နစ်ချက်မျှ ဆင့်ထိုးလိုက်ပါသည်။

ရုတ်တရက်မို့ ခန့်မင်းထယ်ရဲ့မျက်နှာကြီး လည်ထွက်သွားပြီး နှုတ်ခမ်းထောင့်စွန်းမှာ သွေးစတို့ပေကျံသွားသည်။

ရုတ်တရက်မို့ ဘယ်သူမှမဆွဲလိုက်နိုင်ပါ။

ခန့်မင်းထယ်က လဲနေရာမှထပြီး ဇန်ရဲ့အကျီကော်လံစကို ကိုင်ကာ ဆွဲထိုးရန် လက်သီးကိုရွယ်ပြီးကာမှ လေထဲမှာရပ်တန့်ထားလိုက်သည်။

အဖြစ်အပျက်တွေက မြန်ဆန်လွန်း၍ မိန်းကလေးနှစ်ယောက်မှာ ဘာမှနားမလည်ကုန်ကြတော့။

"ကိုခန့် . . . ဇန်"

သူမက သတိပေးသည့်အနေနှင့် အော်လိုက်ပေမယ့်လည်း အချည်းနှီးပင်။ ယောကျ်ားကြီးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အေးစက်မာကျောစွာ စိုက်ကြည့်နေကြပါသည်။

ဇန်က အကျီကော်လံစကို ဆွဲကိုင်ထားသော ခန့်မင်းထယ်ရဲ့လက်ကို ပုတ်ချလိုက်ကာ . . .

"ဒီပိုင်နက်ထဲမှာ မင်းနဲ့ငါ ဒီထက်မဆိုးချင်ဘူး"

"ငါလည်း မင်းနဲ့ ထိပ်တိုက်မဖြစ်ချင်ပါဘူး"

"မင်းနဲ့ငါ တွေ့ကြဦးမယ် ခန့်မင်းထယ်"

ဇန်က သူမကိုပင် ထပ်မလှည့်ကြည့်သွားတော့ပါ။ ဒေါ

နှင့်မာန်နှင့် ထွက်သွားပါသည်။

ခန့်မင်းထယ်ရဲ့ မျက်နှာကလည်း အခြားလူတစ်ယောက်လို အေးစက်တင်းမာနေ၍ သူမ လန့်နေမိပါသည်။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြန်သွားတော့မှ သူမနှင့်မေခ သက်ပြင်းချနိုင်ခဲ့သည်။

သို့ပေမယ့် ဒီပြဿနာက သူမနှင့်တိုက်ရိုက်ပတ်သက်နေ၍ သူမ ရတက်မအေးရပါ။

သူတို့ထွက်သွားပြီးလို့ သိပ်မကြာပါ။ ဝဠာတို့ အသီးသီးရောက်လာကြ၍ သူတို့နှစ်ယောက်က ရင်နှီးနေကြသလို သိနေသည်။ သူမ နားမလည်သော ပြဿနာက အဖြေပေါ်သွားသည်။

သူတို့နှစ်ယောက်က သူမသိထားသမျှ ဘဝတစ်ပိုင်းတစ်စတွေကြားမှ ဘင်္ဂလားညီအစ်ကို ဆိုသူတွေပါလား။

သူမ ရင်မောသွားရပါသည်။ သူမနှင့်ကြုံတတ်ပါပေ့။ ပြီးတော့ ဝဠာက ပြောသွားသေးသည်။

"ဘာမှစိတ်မကောင်းမဖြစ်နဲ့။ သူတို့ ဒီလိုရန်ဖြစ်နေတာ အဆန်းမှမဟုတ်တာ။ ငယ်ငယ်ကတည်းကပဲ။ ပြီးတော့ သူ့အလိုလို ပြီးသွားလိမ့်မယ်။ ခန့်မင်းထယ်နဲ့ဇန် ရန်ဖြစ်ကြရင်တော့ဒါ သူ့ မိသားစုကိစ္စလေး။ ကျွန်တော်တို့က ပွဲကြည့်ပရိသတ်ပေါ့။ ကျန်တဲ့ လူသာ ဇန့်ကိုလာထိရင် ဘယ်ရမလဲ။ ဇန်က ဘော်ဒါရေးရာ အရမ်းကောင်းတာ။ ဇန်က ကျွန်တော်တို့ရဲ့ ဟီးရိုးဗျ"

ဟုပင် ညွန့်တွန့်ကာ ပြောသွားသေးသည်။

သူမ စိတ်ပူမိတာတော့ အမှန်ပင်။ ဒီပြဿနာဟာ ခုလိုဖြစ်ရတာ သူမကြောင့်ပါ။ သူမသာ ခန့်မင်းထယ်ခေါ်ရာ လိုက်မသွားခဲ့ရင်၊ ဇန်လာကြိုမယ်ပြောတာကိုငြင်းခဲ့လျှင် ခုလိုပြဿနာဖြစ်လာစရာ မရှိ။ သူမကြောင့်ပါ။

ရန်ပွဲကြောင့် ခန့်မင်းထယ်ဒဏ်ရာရမှာ မလိုလားပါ။ ခန့်မင်းထယ်က ခုမှ သူမကို ကြည်မယ်ကြံတုန်း။

သို့သော် ဇန့်ကိုလည်း ဒဏ်ရာမရစေချင်ပါ။ ဇန့်ကို ဒဏ်ရာရမှာလည်း သူမက စိုးရိမ်ရပါသည်။ သူမ စိတ်မကောင်းလွန်း၍ ဘာလုပ်လို့လုပ်ရမှန်းပင် မသိနိုင်တော့ပါ။

ဒါကို မေခက အမြင်ကပ်ဖွယ် ပြုံးတုံ့တုံ့နှင့် သူမကို ကြည့်နေနိုင်သေးသည်။

× × ×

ထိုနေ့က အဲလိုပြဿနာဖြစ်ပြီးကတည်းက ဇန် သူမထံ ရောက်မလာတော့ပါ။

ဇန်ရဲ့ဖုန်းနံပါတ်ကိုသိ၍ ဖုန်းဆက်ကြည့်ချင်ပါသော်လည်း မငုံ့မရဲဖြပ်ရသည့် သူမစိတ်ကြောင့် မဆက်ရဲခဲ့ပါ။

ဇန် မလာပြန်တော့လည်း သူမ တစ်ခုခုလိုအပ်နေသလိုပင်။ ဇန်ရဲ့ဆူပူဒေါသကို သူမ ကြောက်မိပေမယ့် မလာမှာထက်တရင် ဇန် ဒေါသနှင့်ပြောလာသမျှကိုသာ ခံယူချင်မိတော့သည်။

မေခကမူ အမြင်ကပ်ဖွယ်ကောင်းလောက်အောင်ပင် ဇန့်အကြောင်းကို နည်းနည်းမှမဟတော့။

ထိုပြဿနာဖြစ်ပြီးနောက်နေ့မှာပဲ ခန့်မင်းထယ်က သူမထံ အဖြေတောင်းလာပါသည်။

ခန့်မင်းထယ် အဖြေတောင်းလာသည်မှာ သူမစိတ်ကူးထဲကလိုပဲ နှင်းဆီပန်းဖြူဖြူတစ်စည်းပေး၍ ချစ်အဖြေကို တောင်းခံလာပေမယ့်လည်း သူမ ထူးခြားပြီး ပျော်မနေခဲ့ပါ။

ဒါကြောင့် မပြတ်မသားဖြစ်နေသည့် စိတ်ကြောင့် ထိုနေ့က သူမ ခေါင်းမညိတ် ခေါင်းမခါသာ နေလိုက်သည်။

သို့ပေမယ့် သူမနှင့်ခန့်မင်းထယ် ချစ်သူတစ်ပိုင်းဖြစ်သွားရပါသည်။

ခန့်မင်းထယ်က နှင်းဆီပန်းစည်းပေးပြီး သူမပါးပြင်ကို ဖွဖွနမ်းရှိုက်လာတဲ့အခါမှာ သူမက ငြိမ်သက်စွာခံယူနေခဲ့၍ပါ။

မေခကို ဒီအကြောင်းတွေ ပြောပြတော့ . . .

"ဒါဆို နင် သူ့အချစ်ကို လက်ခံလိုက်တာပေါ့"တဲ့။ သူမ ဘာမှပြန်မဖြေခဲ့ပါ။ ထိုအမေးသဘောနဲ့ စွပ်စွဲချက်အတွက် သူမမှာ အဖြေမရှိလို့ပါ။

အမှန်တကယ်ပဲ သူမနဲ့ခန့်မင်းထယ် ချစ်သူတွေဖြစ်သွားကြပြီလား။

ဒါဆို ဇန်ရော။ အို . . . သူက ငါ့ကို ချစ်ပါတယ်လို့ ဘယ်အခါများ ပြောဖူးလို့လဲ။ လုပါတယ်လို့ ချစ်လောက်တဲ့အပြုအမူမျိုးလည်း ဘယ်အခါကများ ပြုဖူးလို့လဲ။

သူမ မစံမရပ်နိုင် တွေးလိုက်မိပါသည်။

ခါတိုင်းလို သူမစိတ်တွေက တက်ကြွလန်းဆန်းမနေတာတော့ သေချာပါသည်။

အခုဆို ဇန်နဲ့သူမတို့ မတွေ့တာ တစ်ပတ်မျှပင် ကြာသွားပါသည်။

ဇန်အပါအဝင် မည်သူမှပေါ်မလာကြပါ။

ဇန် နေရောကောင်းရဲ့လား။ ခါတိုင်း အမြဲပေါ်လာနေကြမို့ သူမ စိုးရိမ်မိပါသည်။

ခန့်မင်းထယ်ကို ဇန်ရဲ့သတင်း မေးရဲလောက်တဲ့ သတ္တိမျိုးကလည်း သူမမှာရှိမနေပါ။ သူတို့ ဘာဆက်ဖြစ်ကြသလဲဆိုတာ သူမ သိချင်လှပေမယ့် မမေးရဲခဲ့ပါ။

ထိုစဉ် သူမတို့အိမ်ရှေ့မှာ ကားတစ်စီးရပ်သံ ကြားရ၍ သူမ ပြေးထွက်လိုက်သည်။

သူမ သိပ်ပျော်သွားရပါသည်။ သူမမျှော်နေခဲ့သော ဇန်

ပါပဲ။

ဇန်က ဘာမှမဖြစ်ထားသလို ကြည်ကြည်ရွှင်ရွှင်ဝင်လာ၍ သူမက မလုံသလို ခံစားမိသည်။

"ကော်ဖီဆာတယ်"

ဟု သူက ညည်းတွားသလိုပြောလိုက်၍ မေခမှာ ပြာသွားကာ ကော်ဖီပြေးဖျော်နေလိုက်သည်။

"ဇန် ရှင်ဘယ်ပျောက်နေတာလဲ"

"ဘာလဲ သတိရနေလို့လား"

"အဲဒီဇန်ဟာလေ။ စကားပြောလိုက်ရင်"

"ဘာလဲ အမှန်အတိုင်း မပြောရဲဘူးလား။ ကိုယ်တော့ပြောရဲတယ်။ ကိုယ် မင်းကို သတိရတယ်။ ကိုယ့်စိတ်တွေရှုပ်နေလို့ မေမေ့ဆီမှာ ခဏသွားဖြေတာ"

"ဟင် . . . ဇန့်မေမေက မရှိတော့ဘူးမဟုတ်လား"

"ဘယ်ကလာမရှိရမှာလဲ။ ရှိတယ်။ စစ်ကိုင်းမှာလေ။ အုတ်ဂူဖြူဖြူလေးထဲမှာ အိပ်နေတယ်"

"ဒီက အဟုတ်မှတ်နေတာ"

"မေမေ့ကို တိုင်ပင်ရင်းရင်သွားဖွင့်တာ။ ပြီးတော့ မေမေ့

နှစ်ပတ်လည်လေ။ မေမေ့ရဲ့နှစ်ပတ်လည်ကို ဂရုစိုက်မယ့် လူက တလောကလုံးမှာ ကိုယ်ပဲရှိတော့တာလေ။ မေမေ့ရဲ့နှစ်ပတ်လည်ကို ချီးမြှောက်မယ့် နောက်လူတစ်ယောက်က အန်တီလေးပေါ့"

"ဟင် . . . နောက်ဆို အားမငဲ့လည်းပါမယ်လေ"

"ဒါဆိုရင်တော့ မင်း ကိုယ့်ဇနီးလုပ်မှရလိမ့်မယ်"

"သွား . . . ဘာလဲမသိဘူး"

သူမ ရင်တုန်သွားရပါသည်။

သူက တဟဲဟဲနှင့် ရယ်နေလေရဲ့။

"ဒီတစ်ပတ်အတွင်းမှာ မင်း ကိုယ့်ကို မလွမ်းဘူးလား။ ကိုယ်တော့ မင်းကို လွမ်းတယ်။ ရုပ်သိပ်ဆိုးတဲ့ မင်းမျက်နှာကိုလည်း သတိရတယ်။ ဒိစိညိစိ အသံသေးသေးလေးကိုလည်း သတိရတယ်"

ဇန်ရဲ့စကားက သူမကို ဝမ်းသာစေတာလား၊ ဒေါသထွက်စေတာလား မသိတော့။

ဒီလိုပဲ ဇန်က အမြဲလိုလို ခံစားချက်နှစ်ခုကို ဖြစ်စေတတ်တဲ့ တစ်ဦးတည်းသော လူသားရယ်ပါ။

"ကိုယ့်မေမေကို ကိုယ် ဘာတွေရင်ဖွင့်လဲ မသိချင်ဘူး

လား"

"သိချင်ပါဘူး"

သူမ ဟန်လုပ်ပြီးပြောလိုက်ခြင်းပါ။

ဒါကို မျက်ရိပ်မျက်ကဲဖမ်းတတ်သော ဇန်ကလည်း သိသိချည်းနှင့်။

"မသိချင်လည်း မပြောတော့ပါဘူး"

သူမ စိတ်တော်တော်လေး ကသိကအောက်ဖြစ်သွားရသည်။

"ဇန်"

"ဘာလဲ"

"သိချင်တယ်"

"အဲလိုရိုးသားစမ်းပါ။ ဟန်လည်းမလုပ်တတ်ဘဲ ဟန်ကလုပ်ချင်သေး"

သူမ မျက်စောင်းကြီးထိုးပစ်လိုက်ပါသည်။

သူက ဘယ်ဘက်ရင်အုံကိုအုပ်ကာ ဝေဒနာခံစားရပုံမျိုးနှင့် မျက်စိကိုမှိတ်ချလိုက်သည်။

"အား"

"ဇန် . . . ဇန် . . . ဘာဖြစ်တာလဲ၊ ဇန်"

သူမ စိုးရိမ်သွားရပါသည်။

"ဟဲ . . . ဟဲ . . . အရကောင်းသွားပြီ၊ ခုနက မင်းရဲ့ မျက်စောင်းက ကိုယ့်နှလုံးသားကို ဖောက်မှန်သွားလို့"

"သွား"

"တကယ်လား၊ နောက်မှ သတိရလို့ လာပါဦးမပြောနဲ့ နော်"

"ဇန်နော်"

"မေမေ့ကိုပြောခဲ့တယ်၊ ကောင်မလေးတစ်ယောက်ကို ချစ်နေပါပြီလို့၊ လက်ထပ်ခွင့်ပြုပါလို့၊ မေမေက အေး . . . အေးတဲ့၊ ငါ့သားကြိုက်ရင် ပြီးေ ာပဲတဲ့"

"ဇန် ရှင်မှလ သိပ်ရူးတာပဲ"

"တစ်လောကလုံးမှာ ကိုယ့်ကို ရူးတယ်ပြောတာ အားမငဲ့ တစ်ယောက်ပဲရှိတယ်"

ထိုစဉ် အိမ်ရှေ့မှာ ဆူဆူညံညံနှင့် ဝဏ္ဏတို့လေးယောက် ဝင်လာကြသည်။

မေခကလည်း အနောက်မှ ကော်ဖီပန်းနှင့် ထွက်လာခဲ့

ပါသည်။

"မေခ ငါတို့အတွက်ရောပါလား"

"ပါ့ပါ့တော်၊ ဇန်ရောက်လာပြီဆိုတည်းက ရှင်တို့ပါလာ မယ်ဆိုတာ ကြိုသိနေလို့ ကြိုတင်ဖျော်ထားတာ၊ တကတည်း ဇန် လည်းပျောက်တော့ သူတို့တွေပါ မပေါ်လာကြတော့ဘူး၊ တကယ်ပဲ"

မေခက သူတို့ကို သံယောဇဉ်ဖြစ်နေ၍ မကျေမနပ် လေး ပြောပါသည်။

သူတို့က မေခဖျော်ထားသော ကော်ဖီခွက်များကို ကိုယ် စီယူသောက်လိုက်ကြပြီး . . .

"ဒီလက်ရာနဲ့ ဝေးနေတာကြာပြီ"

"အရသာကောင်းလို့လား"

"ဟင့်အင်း . . . သောက်ဖူးသမျှထဲမှာ အညံ့ဆုံးမို့"

ဇာနည်က အရွှန်းဖောက်သဖြင့် အားလုံးက ဝိုင်းရယ် ကြတော့သည်။

ထိုအခါမှ သူမတို့အိမ်လေးမှာ ဝေစည်သွားရတော့ သည်။

"နေပါဦး ဖန်။ နင် ဒီအတောအတွင်း ဘယ်ပျောက်နေတာလဲ"

"စစ်ကိုင်းသွားနေတာလေ"

"စစ်ကိုင်း"

"ဟုတ်တယ်မေခ။ ဒီကောင်က စိတ်တော်စိတ်မကောင်းဖြစ်ရင် စစ်ကိုင်းသွားနေကျ။ ဒီနှစ်ဆို နှစ်ခါရှိပြီ။ သိပ်မကြာသေးခင်ကမှ ဆွဲကြိုးပျောက်လို့ စိတ်လေပြီးသွားသေးတယ်။ ဆွဲကြိုးက သူ့အမေရဲ့ အမြတ်နိုးဆုံး အမွေလေ"

"ဆွဲကြိုး"

ဟုတ်တ်ပါရဲ့။ ဒါကို သူမမေ့နေပြီလေ။

သူမက ဘာမပြောညာမပြောနှင့် ထရပ်ကာ နောက်ဘက်ပြေးဝင်သွားသည်။

သူမထွက်လာတော့ သူမလက်ထဲမှာ ဆွဲကြိုးလေးတစ်ကုံးပါလာသည်။

"ရော့"

သူမလှမ်းပေးလာ၍ ဖန်က ယူလိုက်သည်။

ဖန်ရဲ့မျက်နှာမှာ လမင်းတစ်စင်းလို ဝင်းပသွားရသည်။

ကျွန်လေးယောက်မှာလည်း ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားရသည်။

မေခကတော့ တွေးဆဆလေးလုပ်ရင်း . . .

"ဒါဆို ဒီအိမ်ရှေ့မှာ ရန်ဖြစ်ကြတဲ့ ဂျစ်ကားပေါ်က ၅-ယောက်က ရှင်တို့ပေါ့"

"ဟင် . . . အဲဒါ မင်းတို့မြင်တယ်"

တစ်ယောက်နှင့်တစ်ယောက် မသိတာတွေ ဖော်ဖြစ်မိ၍ ရယ်လိုက်ကြသည်။

"ဒါ ဖန့်ရဲ့ဆွဲကြိုးမှန်း အားမငဲ့ နင်ဘယ်လိုသိသလဲ"

မေခရဲ့အမေးကြောင့် . . .

"အဲဒါမတိုင်ခင် ဖန်နဲ့ငါ ဆုံခဲ့ဖူးတယ်။ ဖန့်ရဲ့ဆွဲကြိုးက ဥမျက်နှာနား ရောက်လာလို့ သတိထားမိလိုက်တာ"

ဒီစကားကို ပြန်လည်တွေးရသည်မှာ ဝဋ္ဋာတို့လေးယောက်ဖြစ်သွားသည်။

"ဒါဆို တတ်လေ့ကားမှာ တွေ့တဲ့တစ်ယောက်ဟာ"

"အင်း . . . ဟုတ်တယ်"

"ဟာ . . . တိုက်ဆိုင်လိုက်တာ"

သူတို့ အလွန့်အလွန် တိုက်ဆိုင်နေမှုကို အံ့သြပြီးရင်း အံ့သြမိကြရင်းပင်။

အံ့သြမိလေ ဇန်နဲ့အားမင့်ကို မထိတရိလေး စကြလေပါ ပဲ့။

သူတို့ပြန်ကြသောအခါ သူမနှင့်မေခက ကားနားထိပို့ပေးကြသည်။

မေခက ဝဏ္ဏတို့နဲ့ အဖွဲ့ကျနေတုန်း သူက အားမင့်လက်ကလေးကို မသိမသာဆွဲကာ ခပ်လှမ်းလှမ်းသို့ ခေါ်သွားလိုက်ပါသည်။

အားမင့်ကလည်း မရုန်းမိပါ။

သူက အားမင့်ရဲ့ ရှေ့တည့်တည့်ရပ်ပြီး ဘာမပြောညာမပြောနှင့် လက်ထဲမှဆွဲကြိုးလေးကို သူမရဲ့လည်တိုင်မှာ ဆွဲပေးလိုက်သည်။

"ကိုယ့်ဘဝမှာ အမြတ်နိုးဆုံးပါ။ ကိုယ့်ကိုမုန်းတယ်ဆိုရင် မင်း လက်မခံလို့ရတယ်"

ဇန့်ကို ရင်ခုန်မိပြီးတော့ ခန့်မင်းထယ်နဲ့တွဲနေရတာကို အရင်လိုမပျော်တော့။

သို့ပေမယ့် သူမ သိပ်ခရေဇီဖြစ်ခဲ့ဖူးသည့် ဟန်ပန်တွေကိုတော့ နှစ်သက်မိဆဲပါ။

သူမချစ်သူအဖြစ် ခံယူထားသော ခန့်မင်းထယ်မှာ ဘာအပြစ်မှ ရှိမနေတာကြောင့်လည်း သူမ ခန့်မင်းထယ်နဲ့ ဆက်၍ ချစ်သူတော်နေပါသည်။

ခန့်မင်းထယ်က သူမကို လက်ထပ်ခွင့်တောင်းလာပြီး သူမရဲ့ ဘယ်ဘက်လက်သူကြွယ်မှာ စိန်ပွင့်လေးတစ်လုံး မြှုပ်ထားသည့် လက်စွပ်ဖြူဖြူလေး စွပ်ပေးပါသည်။

သူမရဲ့ စိတ်ကူးယဉ်အိပ်မက်တွေထဲကအတိုင်း ဖြစ်နေပေမယ့် သူမ မပျော်ရွှင်မိပါ။

သူမလည်ပင်းမှာဆွဲထားသည့် ဆွဲကြိုးကို ခန့်မင်းထယ်က သတိပြုမိကာ ခဏခဏ အကြည့်ရောက်လာခဲ့ပါသည်။

ဒါ ဇန့်ရဲ့ဆွဲကြိုးပဲဆိုတာ ခန့်မင်းထယ် ကောင်းကောင်းသိနေလိမ့်မည်။

ဒီဆွဲကြိုးကို ဆွဲထားမိလို့ သူမရဲ့ချစ်သူ ခန့်မင်းထယ် စွဲချက်တင်လာမယ့် စွဲချက်တို့ကိုလည်း သူမက ထူးဆန်းစွာပင် ပူပန်မနေပါ။

သို့ပေမယ့် ခန့်မင်းထယ်က ထိုကိစ္စနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှမပြောပါ။ ဒါကြောင့်လည်း သူမ ပိုအနေရကြပ်လှပါသည်။

ဇန် သိပ်မြတ်နိုးတယ်ဆိုသော ဆွဲကြိုးလေးကိုလည်း သူမ သိပ်နှစ်သက်နေရပါသည်။ ဇန် သူမဆီ မလာတော့မှာစိုးတာကြောင့် သူမနဲ့ခန့်မင်းထယ်ရဲ့ပတ်သက်မှုကိုပင် အသိမပေးရဲခဲ့ပါ။

× × ×

ဇန့်ကို သူမ မကျေနပ်ပါ။ ဇန်ဟာ သူမနဲ့ပတ်သက်ပြီး သိပ်အေးစက်လွန်းသည်ဟု ထင်သည်။

သူမအတွက်တော့ ဇန်ရဲ့စိတ်က မှန်းဆရသိပ်ခက်လွန်းနေသည်။

ဇန် သူမကို အမှန်တကယ်ချစ်တယ်လား၊ မချစ်ဘူးလား။ သူမ မသိပါ။

ဇန်ရဲ့မျက်လုံးတွေက သိပ်နူးညံ့နေပါသော်လည်း ဒါဇန်က သူမကို ချစ်တယ်ဟု သူမ မယူဆရဲပါ။ သူမတွေ့ဖူးသမျှယောက်ျားလေးတွေဟာ သူတို့ချစ်တဲ့မိန်းကလေးတွေကို ယုယ

ကြင်နာစွာ ဆက်ဆံတတ်သည်။ ကမ္ဘာမှာအလှဆုံးရယ်လို့လည်း ထင်ထားတတ်ကြသည်။ သိပ်လှတာပဲ။ သိပ်ချစ်တယ်ဟုလည်း မနားတမ်းပြောတတ်ကြသည်။

ဒီလိုအပြုအမူတွေအားလုံးကို ခန့်မင်းထယ်ထံမှာ တွေ့ရသည်။

သို့သော် ဖန့်မှာ စိုးစဉ်းမျှမတွေ့ရ။

ဒါကြောင့် လူအများက သူမကို ဖန်ချစ်နေပါတယ်ဟု ပြောစေဦးတော့ သူမက မယုံရဲတာပါဘဲ။

ပြီးတော့ ဖန်က သူမကို ချစ်တယ်ဟုလည်း ယောင်၍ပင် မထွက်ခဲ့ဖူးပါ။

မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ ယောကျ်ားလေးဘက်မှ ချစ်သည်ပြောမှ ချစ်ခွင့်ရကြတာ မဟုတ်ပါလား။

သူမကိုယ်၌ကလည်း ဖန့်ကို ချစ်သည်၊ မချစ်ဘူးဆိုတာ ဝေခွဲရခက်လှပါသည်။

သူမရင်ထဲ ဖန့်ကို ချစ်နေပြီလားဟု သံသယဝင်လာမိတာနဲ့ ခန့်မင်းထယ်၏ သန့်ပြန့်ရည်မွန်သော ရုပ်သွင်က ပေါ်လာရလို့ပါ။

ဖန်နဲ့ပတ်သက်ပြီး သူမစိတ်မှာ ဒွိဟစိတ်တွေ ဖြစ်ပေါ်နေရပါသည်။

ဖန်က သူမကို ချစ်နေတယ်ဟု သတ်မှတ်ရလည်း ခက်သလို၊ မချစ်ဘူးလို့လည်း မဆိုနိုင်ပြန်ပါ။

ဖန်က သူ့ရဲ့ အမြတ်နိုးဆုံးသော အရာတစ်ခုကိုလည်း သူမကို လက်ဆောင်ပေးခဲ့ဖူးသလို၊ စူးရှရီဝေစွာ ကြည့်ခြင်းကိုလည်း ခံခဲ့ရဖူးပါသည်။

တစ်ကြိမ်တစ်ခါဆို တကယ့် တစ်ကြိမ်တစ်ခါတည်းရယ်ပါ။

ဖန်က သူမကို မခံချင်အောင်စမည်။ သည်းမခံနိုင်တဲ့ စကားလေးတွေပြောမည်။ ဂရုမစိုက်သလို နေမည်။ ဒါ ဖန်ရဲ့ အကျင့်ပါ။

ဒီလို မဆီမဆိုင်သလိုနေတတ်တဲ့ ယောကျ်ားတစ်ယောက်က ချစ်နေပါတယ်လို့ ပတ်ဝန်းကျင်က ထောက်ခံရုံမျှနဲ့ အချစ်စစ်ကို ရှာဖွေချင်သော မိန်းကလေးတစ်ယောက်က ယုံကြည်နိုင်မှာတဲ့လား။

ထိုအကြောင်းတွေ တွေးမိတိုင်း ခံစားချက်ကို မတင်မြ

တတ်တဲ့ ဇန့်ကို သူမ ဓေါသဖြစ်ရပါသည်။

ဇန့်ရဲ့မျက်ဝန်းထဲမှာ သူမက အမုန်တကယ်ပဲ လှမနေ တာလား။ ဒါမှမဟုတ် ဒါတွေက သူမကို ဇန် သက်သက်စတာ လား။

သူမ သိချင်လွန်းလှပါသည်။ သူမ ဘယ်လိုလုပ်မှ အမှန် တရားကို သိခွင့်ရမှာလဲ။ သူမ မတွေးနိုင်အောင်ပါဘဲ။ ဇန့်နှုတ် ဖျားကထွက်လာမယ့် နူးညံ့တဲ့စကားသံလေးတွေလည်း သူမ ကြားလိုလှပါသည်။

သူမကိုယ်၌ကလည်း ဘာမှန်းမသိသလို ဇန့်ဆီက လည်း ဘာမှန်းမသိရတဲ့ ဒီလိုဇာတ်မျောကြီးကို သူမ စိတ်ပျက်ပြီး ငွေ့နေမိသည်။ ခန့်မင်းထယ်ကလည်း ဇန်ပေးထားခဲ့တဲ့ ဆွဲကြိုးကို မကြာခဏကြည့်တတ်သလို၊ ဇန်ကလည်း သူမလက်သူကြွယ်မှ လက်စွပ်ကို အကြည့်စူးစူးနှင့် ဘုကြည့်ကြည့်တတ်ပါသည်။

သို့ပေမယ့် ထိုပစ္စည်းတွေနဲ့ပတ်သက်ပြီး သူတို့ဘက်မှ ရန်စကားက တိတ်ဆိတ်နေခဲ့ပါသည်။ ဒီလို တိတ်ဆိတ်နေ၍ လည်း သူမအတွက် ပို၍အနေကျဉ်းကျပ်စေခဲ့ပါသည်။

ဇန်ရဲ့မျက်နှာထားတင်းတင်းကိုလည်း ကြောက်ရသလို

ခန့်မင်းထယ်ရဲ့ ပြုံးမြဲမြဲမျက်နှာလေးကိုလည်း စိုးရွံ့ရပါသည်။

သူမအကြောက်ဆုံးကတော့ သူမကြောင့် ခန့်မင်းထယ် နဲ့ဇန် ထိပ်တွေ့ကြမှာကိုပဲဖြစ်သည်။ ဒါက ရှောင်လွှဲမရနိုင်ဆုံး သော အရာဖြစ်၍ တစ်နေ့တော့ သူမအကြောက်ဆုံး နေ့တစ်နေ့ ကို ရင်ဆိုင်ရပါတော့သည်။

x x x

ထိုနေ့က သူမနဲ့ခန့်မင်းထယ် Shopping ထွက်၍ ပြန်လာကြပါသည်။

ခန့်မင်းထယ်က ဟာသတွေကို မရိုးနိုင်အောင် ပြောနေသည်မို့ သူမက ပတ်ဝန်းကျင်ကိုပင် မေ့လျော့ကာ ရယ်နေမိပါသည်။

ခန့်မင်းထယ်က သူမကို လက်ထပ်ရန်ပြောပြီး မိဘတွေနှင့် တွေ့ပေးမည်ဆိုကာ သင့်တော်သော အဝတ်အစားများကို ဝယ်ပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။

ထိုအချိန်တွေကို သူမ သိပ်နှစ်သက်ရပါသည်။ ခန့်မင်း

ထယ်က သူမကို ကြင်နာဂရုစိုက်ပုံများ အနုစိပ်ဆန်လှပါသည်။ တကယ်ပင် သူမရဲ့စိတ်ကူးထဲက မင်းသားဟာ ခန့်မင်းထယ် အစစ်ပါပဲ။

သူမက ခန့်မင်းထယ်ရဲ့ခါးကို တင်းတင်းဖက်ကာ တစ်ယောက်နှင့်တစ်ယောက် စကားတွေအပြန်အလှန်ပြော၍ ရယ်နေကြသေးသည်။

ထိုမြင်ကွင်းကို ဇန် မကြည့်နိုင်တော့ပါ။ အားမင့်နဲ့ ခန့်မင်းထယ် ဘယ်လောက်ထိပျော်နေကြသလဲဆိုရင် သူ့ကိုပင် မမြင်နိုင်တော့လောက်အောင် မိုးမမြင် လေမမြင်ပင်။

သူကလည်း ဘာဖြစ်နေသည်မသိ။ ဝေခွဲမတတ်ဖြစ်ရရှာပင် နောက်မှ တကောက်ကောက် လိုက်ကြည့်ဖြစ်နေသည်။

အားမင့်နားမှာ သူမဟုတ်သော အခြားတစ်ယောက်ရှိနေသည်ကို သည်းမခံနိုင်ပါ။ သူ ချက်ချင်း ပြသနာလုပ်ပစ်ချင်မိသော်လည်း သိပ်ပျော်နေသော အားမင့်ကြောင့် သူ နောက်တွန့်နေရပါသည်။

အားမင့်ရဲ့အပျော်တွေ သူ့ကြောင့် ပျက်စီးမသွားစေချင်ပါ။

သို့သော် သူ အားမင့်ကိုချစ်သည်။

အားမင့် သူ့ကို ဘာကြောင့် ဒီလောက်ရက်စက်နိုင်ရတာလဲ။

သူ့ရင်ထဲ အမည်မသိတဲ့ဝေဒနာတို့နှင့် နာကျင်စွာ ခံစားနေရပါသည်။

ပင်ကိုရှိနှင့်နေပြီးသား တဖွတ်ထိုး ရှုံမိုက်တဲ့စိတ်ကလေးက အုံကြွလာကာ တရိပ်ရိပ်မောင်းနေသော ခန့်မင်းထယ်ရဲ့ ဆိုင်ကယ်ရှေ့မှ အမိုက်ခံကာ ကွေ့ဝိုက်ပြီး ပိတ်ရပ်လိုက်သည်။

ခန့်မင်းထယ်ရဲ့ ဆိုင်ကယ်ကလည်း တုံ့ခနဲရပ်သွားသည်။

အားမင့်မှာ ကြောက်ကြောက်နှင့် မျက်လုံးပိတ်၍ အော်လိုက်မိသည်ထိပင်။ တော်သေးသည်၊ ခန့်မင်းထယ်ကလည်း သတိရှိသူမို့။ ဒါမဟုတ်ရင် ပွဲက သိပ်လှသွားလိမ့်မည်။

သူမ မဖွင့်ရဲဖွင့်ရဲနှင့် မျက်လုံးကိုဖွင့်၍ ကြည့်လိုက်ရာ ဇန်ဖြစ်နေ၍ သူမ ဒေါသအနည်းငယ် ဖြစ်သွားရပါသည်။

ဇန် ဒါသက်သက်လုပ်တာပင်။ သူ့ရဲ့မိုက်ရူးရဲဆန်မှုက သူ့အပါအဝင် သူမတို့ပါ သေသွားနိုင်တယ်ဆိုတာ သူ မစဉ်းစားမိဘူး ထင်ပါရဲ့။

သူမ ဆိုင်ကယ်ပေါ်မှဆင်းကာ ခါးလေးထောက်လိုက်ပြီး ဇန့်ကို အော်ဆူလိုက်သည်။

"ဇန် နင်ဘာယ်လိုလုပ်လိုက်တာလဲ။ ဒါ ယာဉ်တိုက်မှုဖြစ်သွားနိုင်တယ်ဆိုတာ နင် မတွေးမိဘူးလား"

သူမသာ ခါးလေးထောက်လို့ ရန်တွေ့လိုက်ပေမယ့် ဇန်ကတော့ သက်သောင့်သက်သာပင် ကားပေါ်မှဆင်းပြီး သူမလက်တစ်ဖက်ကို ခပ်ဆတ်ဆတ်ဆွဲလိုက်သည်။

"ဟေ့ကောင် . . . မင်း ဒါဘာလုပ်တာလဲ"

ခန့်မင်းထယ်ပြောရင်း ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ပါသည်။ ခန့်မင်းထယ်ရဲ့ အဟန့်အတားကြောင့် ဇန့်ရဲ့ခြေလှမ်းက ခေတ္တမျှသာနားပြီး ပြန်ဆက်သွားမည်ပြုတော့ သူမလက်ကို ဆွဲထားသည့် ဇန်ရဲ့လက်တစ်ဖက်ကို ခန့်မင်းထယ်က လက်ဖျံနှင့် ရိုက်ချလိုက်သည်။

ဇန် အတော်နာကျင်သွားပုံရသည်။

မျက်နှာကြီးရဲတက်လာပြီး လက်သီးကိုဝဲကာ ခန့်မင်းထယ်ရဲ့မျက်နှာပေါ်သို့ အဆက်မပြတ် ထိုးကြိတ်တော့သည်။ ခန့်မင်းထယ်က ကတ္တရာလမ်းမပေါ်သို့ လိမ့်ကျသွားသည်။ ဇန်က

အနားမပေးဘဲ ထိုးကြိတ်ဆဲ။

သူမ ထိုမြင်ကွင်းကို မကြည့်နိုင်တော့ပါ။ ဖန်က အဆက်မပြတ် ထိုးကြိတ်နေ၍ ခန့်မင်းထယ်မှာ တစ်ချက်မျှ မရှောင်လိုက်နိုင်ပါ။

တစ်ဖက်သတ်ကြီးဖြစ်နေသော ဒီပွဲကို သူမ မကြည့်နိုင်တော့ပါ။ သိပ်ဒေါသဖြစ်နေသော ဖန့်ကို သူမက ဆွဲ၍တွန်းလိုက်ပါသည်။

ဖန်က လုံးဝထင်မထားခဲ့၍ ကတ္တရာလမ်းပေါ် ဖင်ထိုင်လျက်လဲကျသွားသည်။ ဖန် သိပ်အံ့ဩသွားရပါသည်။ ဒါ သူသိတဲ့ အားမင့်တဲ့လား။

သူ အံ့ဩစွာငေးကြည့်နေစဉ်မှာပင် အားမင့်က ပျော့အိစွာလဲကျနေသော ခန့်မင်းထယ်ကို ဆွဲထူနေသည်။ သူမ လုပ်လိုက်၍ လဲကျသွားသော သူ့ကိုမူ နည်းနည်းမှဂရုမစိုက်။ သူ့ရင်ထဲ နာကျင်သွားရပါသည်။

သို့ပေမယ့် သူက လွယ်လွယ်နဲ့အရှုံးမပေးတတ်တဲ့ ချစ်ကန်ကန်လူသားပီပီ လဲနေရာမှထကာ ခန့်မင်းထယ်ကို တွဲထူနေသော အားမင့်ရဲ့လက်ကို ဆွဲလိုက်သည်။

အားမင့်က ဆောင့်ရုန်းလွှတ်ချလိုက်သည်။ သို့ပေမယ့် သူက ထပ်ဆွဲလိုက်ပါသည်။ အားမင့် မရုန်းနိုင်အောင် ဆွဲထားလိုက်ပါသည်။

"ဖန် မင်း ဒီလောက်ဆိုရင် အားမင့်ရဲ့သဘောထားကို သိသင့်ပြီ"

သူက စစ်ရှုံးသူပီပီ လက်ကိုလေထဲဝဲလိုက်ရာ အားမင့်က သူ့လက်ကိုဖမ်းဆွဲပြီး သူ့ကို ဒုတိယအကြိမ် တွန်းလိုက်သည်။

"ဖန် ရှင်သိပ်ရှုံးပါလား။ ဒီအချိန်မှာ ရှင့်နောက်ကို ဘယ်လိုမှလိုက်မှာမဟုတ်ဘူးဆိုတာ ရှင် နားမလည်ဘူးလား။ ဘယ်မိန်းကလေးကမှ ချစ်သူကိုပစ်ပြီး တခြားသူနောက် လိုက်မသွားတတ်ကြဘူး။ ရှင် အခုထိုးကြိတ်လိုက်တာ ကျွန်မချစ်သူ၊ မကြာခင်လက်ထပ်တော့မယ့် ကျွန်မချစ်သူရှင့် နားလည်ပြီလား။ ကျွန်မနဲ့ရှင်နဲ့က ဘာတွေလဲ၊ ဘာလဲ။

သူငယ်ချင်းလား၊ ဆွေမျိုးလား၊ သမီးရည်းစားလား၊ ဘာလဲ ဘာတော်စပ်ကြသလဲ။ ဖြေလေ၊ ဖြေစမ်းပါ။ ရှင်မဖြေနိုင်ဘူး မဟုတ်လား။ ရှင် ဘယ်လိုဖြေနိုင်မလဲ၊ ရှင်နဲ့ကျွန်မနဲ့က ဘာမှမဟုတ်ကြတာကို။ သူက ခန့်မင်းထယ်၊ ကျွန်မကိုသိပ်ချစ်တဲ့

ကျွန်မချစ်သူ"

"မပြောနဲ့ အားမငဲ့၊ အဲလိုမပြောပါနဲ့၊ ကိုယ် မကြားနိုင်လို့ပါ၊ မင်း ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ပါနဲ့ကွာ၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ် မင်းမရှိရင် မနေတတ်တော့လို့ပါ၊ တကယ်ပါ၊ ကိုယ့်ကို ပစ်မသွားပါနဲ့"

"ရှင် ရှူးသွားပြီဇန်၊ မိန်းကလေးတစ်ယောက်က ကိုယ့်ကိုချစ်တဲ့လူကိုပဲ ချစ်သူတော်မှာပေါ့၊ ရှင်ရှူးနေပြီ"

"အားမငဲ့ ကိုယ်တို့သွားကြရအောင်၊ လူတွေကြည့်ကုန်ကြပြီ"

ဟု ခန့်မင်းထယ်က တီးတိုးပြောကာ အားမငဲ့လက်ကို ဆွဲခေါ်ခဲ့လိုက်သည်။

သူမ ခန့်မင်းထယ်ရဲ့ဆိုင်ကယ်နောက်မှာ တက်လိုက်ရပေမယ့် သူမရင်တွေ တစ်စစီ ကြေကွဲနာကျင်နေရပါ၏။

ဆိုင်ကယ်လေးမှာ နေရာမှ တရိပ်ရိပ်ထွက်ခွာသွားပေမယ့်လည်း နေရာမှာပင် ငူငူကြီးရပ်ကျန်နေသော ဇန်ကြောင့် သူမ ဆိုင်ကယ်ပေါ်မှ ပြေးဆင်းချင်သွားသည်။

သူမစကားတွေ သိပ်ပြင်းထန်သွားပြီလား၊ ပြောပြီးမှ

တော့ သူမ ဘာမှမတတ်နိုင်တော့ပါ။ သူမနဲ့ဇန်က ဘာအကန့်လဲဆိုတာကို သူမ ပြောချင်နေခဲ့တာ ကြာခဲ့ပါပြီ။

ဖြစ်ပျက်သွားသည့် ဇန့်ရဲ့မျက်နှာ အပြောင်းအလဲကြောင့် သူမရင်ထဲ မချိအောင် ခံစားရပါသည်။

သူမ မျက်စိတစ်ဆုံးပင် ငူငူကြီးရပ်ကျန်နေသော ဇန့်ကို ငေးနေလိုက်သည်။

အချိန်ဘယ်လောက်ကြာသွားသည်မသိ၊ ဇန် ငူငူကြီးရပ်နေမိဆဲပါ။

နားထဲတွင်လည်း ကျွန်မကိုသိပ်ချစ်တဲ့ ကျွန်မချစ်သူ ဆိုဘာကြီးပဲ အထပ်ထပ်ကြားနေမိသည်၊ ပဲ့တင်ထပ်နေတဲ့ ထိုအသံက သူ့နားထဲမှ မထွက်တော့။

သူ့ရင်ထဲ တရှိန်းရှိန်းနှင့် ဆားနှင့်မွှန်းသလို တစိမ့်စိမ့်နှင့် နာကျင်စွာ ခံစားရပါသည်။

သူ့နှလုံးသားကို အရှင်လတ်လတ် နှိုက်ထုတ်လိုက်သည့်အတိုင်း သွေးစိမ်းရှင်ရှင်တို့က အံထွက်နေရပါသည်။

သူ ဘာလုပ်ရမလဲ၊ ဒီလောက်ကျယ်တဲ့ ကမ္ဘာကြီးမှာ သူ့အတွက် နေစရာမရှိတော့ပြီ။

ဖုန်းထဲမှ အားမငှဲရဲ့ ရှိုက်ကြီးတငင်နှင့် ဆောက်တည်ရာမဲ့နေသော အသံကိုကြားရ၍ သူတို့လေးယောက် ဖန့်ကို တစ်မြို့လုံးအနှံ့ ရှာနေကြသည်မှာ တစ်မြို့လုံးလည်း နှံ့လုလုဖြစ်နေပါသည်။

မန္တလေးမြို့တွင်မက စစ်ကိုင်းကအုတ်ဂူပါ ရောက်ခဲ့ပြီးပါပြီ။ ဖန့်ရဲ့အရိပ်အယောင်ကိုပင် မတွေ့ရသေးပါ။

ညနေလည်း မှောင်ရီပျိုးနေပြီမို့ ကလပ်တွေထဲ လိုက်ရှာရန်ပင် ကျန်တော့သည်။

အသိတွေ့သမျှကိုလည်း ဖန့်ကိုမတွေ့ဘူးလားဟု မေးရ

ာ အာညောင်းလှပါပြီ။ သူတို့လေးယောက် ခြေကုန်လက်ပမ်းလည်း ကျနေကြပါသည်။

သူတို့ သဲမဲကာ ရှာနေကြသော ဖန်ကတော့ ကလပ်တစ်ခုမှာ မဒီပျိုလေးများဝိုင်းရံကာ တီးလုံးသံမြူးမြူးနှင့် စည်းချက်ညီညီ ကခုန်လို့ရယ်ပါ။

ဖန်သောက်ထားတာ အတော်များနေပြီဖြစ်၍ ဖန် မူးနေပြီ။ ကလိုက်၊ မောရင်သောက်လိုက်၊ သောက်ပြီးကလိုက်နှင့်လုံးချာလိုက်နေပါသည်။ ဖန့်ကို မကျေနပ်၊ အငြိုးထားသူများနှင့်သာ တွေ့ခဲ့ပါလျှင် ကိုယ့်ကိုယ်ကိုပင် အနိုင်ထိန်းနေရသော ဖန်ကရှုမလှစရာတော့မည်မှာ ကေန်ပင်။

မဒီမလေးများက သိပ်ချမ်းသာပြီး သိပ်ချောသော ဖန့်နားမှာ ရစ်ဝဲလို့ရယ်ပါ။ ကလပ်တက်ရင် ကလေ့မရှိသော ဖန်ကသိပ်မြူးကာ အပျော်ကြီးပျော်နေသဖြင့် ဒီနေ့မှ ကလပ်ဟာ ပိုစည်နေသလားဟုပင် ထင်ရပါသည်။

ဖန် ရေချိန်ကိုက်ပြီဆိုသော အချိန်ရောက်မှ ဖန့်ကို သိပ်ကြည့်ခဲ့သော မော်ကြီးက ဘယ်ကပေါ်လာမှန်းမသိ ပေါ်လာကာဖန့်ရဲ့အကျီ ကုပ်စကိုဆွဲပြီး အပြင်သို့ ခေါ်ထုတ်ခဲ့သည်။

"ခန့်မင်းထွယ် မင်း ငါ့ဆီကရချင်တာ အကုန်ယူပါ။ အားမငဲ့ကိုတော့ ချန်ထားပါ" ဟုပင် မူးမူးရူးရူးနှင့် ပြောနေသေးသည်။ မော်ကြီးက သိပ်မူးနေသော ဖန့်ကို အားနာနာနှင့် လက်သီးခပ်ပြင်းပြင်းတစ်ချက် ကျွေးလိုက်သည်။

သိပ်အမူးလွန်နေ၍ ဖန်မှာ လဲကျသွားရသည်။

"သြော် . . . မင်းက ဒီလိုလား ခန့်မင်းထယ်။ ထိုးကွာ ထိုး ကြိုက်သလောက်ထိုး။ အားမငဲ့ကို ခေါ်မသွားရင်ပြီ"

ဟု မူးမူးနှင့်ပြောကာ မျက်နှာထိုးပေးနေပြန်သည်။

မော်ကြီးက ဒါကို အကြိုက်တွေ့သွားကာ နောက်တစ်ကြိမ်ပြန်ထိုးမယ်ကြံတော့ အနောက်ဘက်မှ တစ်ယောက်ယောက်က မော်ကြီးကို ရိုက်ချလိုက်သည်။

မှန်သည်။ ဝဠာတို့ရယ်ပါ။

သူတို့ လဲကျသွားသော မော်ကြီးကို ဂရုမစိုက်ကြတော့ဘဲ အမူးလွန်နေသော ဖန့်ကိုသာ ပွေ့ထူကာ ခေါ်ခဲ့ကြသည်။

ဖန်က သိပ်မူးနေပေမယ့် ပါးစပ်မှလည်း အားမငဲ့နာမည်ကို တတွတ်တွတ်ရွတ်နေသေးသည်။

သူတို့ နားလည်သည်။ ဖန် သိပ်ခံစားနေရမယ်ဆိုတာ

ကိုပေါ့။ ဖန်နဲ့အားမငဲ့အဖြစ်ကို သူတို့လိုပွဲကြည့်ပရိသတ်များပင် နားမလည်နိုင်ကြတော့ပါ။

တစ်ယောက်ကလည်း ငိုယိုကာ ဖုန်းဆက်လာသလို တစ်ယောက်ကလည်း မသောက်စဖူး မူးပြဲအောင်သောက်ပြီး မလုပ်စဖူး မဒီပျိုတွေနှင့် တွဲကလို့တဲ့။ ဖန့်ရဲ့ ထူးခြားတဲ့အပြုအမူကြောင့် ဖန် သိပ်ခံစားနေရတာပဲဆိုတာ သူတို့တန်းသိပါသည်။

ဖန့်ကို အိမ်ပြန်မပို့ကြတော့ဘဲ ဝဠာရဲ့တိုက်ခန်းမှာသာ ခေါ်သိပ်ဖြစ်ကြသည်။ ညနစ်ချက်ထိုးတိတိမှာ ဖန်က အမူးပြေလာကာ ဝရန်တာဘက် ထွက်ရပ်နေသည်။ ဖန်ထသွားသည်ကို ဇာနည်က ချက်ချင်းသိလိုက်သည်။

လူငယ်နှင့်လူကျော်က အိမ်ပြန်အိပ်ကြ၍ သူတို့နှင့်ရှိမနေပါ။

သူတို့နှစ်ယောက်လည်း အိပ်ချင်စိတ်ပျောက်သွားရကာ ဖန်ရပ်နေသော ဝရန်တာဘက်သို့ ထွက်ရပ်လိုက်သည်။

ဖန်က တိတ်ဆိတ်လွန်းနေ၍ သူတို့ ဖန့်ကို ကြည့်မိလိုက်ရာ လရောင်ကြောင့် ဖန့်ရဲ့မျက်ဝန်းက မျက်ရည်စအချို့ကို တွေ့လိုက်ရသည်။

“လောကကြီးက တော်တော်မတရားတာဘဲနော်။ တစ်ယောက်ကိုကျတော့ အကုန်ပေးပြီး တစ်ယောက်ကိုကျတော့ ဘာမှ မပေးဘူး”

အက်ကွဲခြောက်သွေ့သော အသံက ညအမှောင်ထုနဲ့ လိုက်ဖက်ညီလှသည်။

ထပ်ထွက်လာမယ့် ဖန့်ရဲ့အသံကိုသာ နားစွင့်နေလိုက်သည်။

“ငါက လခြမ်းလေးနဲ့တူတယ်။ အလင်းရောင်တစ်ဝက်ပဲ ရှိတယ်။ ကျန်တဲ့တစ်ဝက်က အားမင့်လေ။ သူဖြည့်ပေးလိုက်ရင် လပြည့်ဝန်းကြီးဖြစ်လာမှာကို သူ ဘာကြောင့်မသိတာလဲ။ ကံကြမ္မာက ငါ့ကို လှည့်စားလွန်းတယ်။ မေမေ့ကိုလည်း ဆွဲခေါ်သွားသလို ဖေဖေ့ကိုလည်း ဆွဲလုသွားတယ်။ အခု အားမင့်။ ငါက ခန့်မင်းထယ်ဆီမှာပဲ ကျရှုံးဖို့လူဖြစ်လာတာထင်တယ်။ ငါ အားမင့်ကို သိပ်ချစ်တယ်။ အသည်းထဲက ချစ်တယ်။ သူ့အပြုံးကိုပဲ ငါ မြင်ချင်ခဲ့တာပါ။ သူက ငါ့ကို ရက်စက်တယ်ကွာ။ အခု လောကကြီးမှာ ငါတစ်ယောက်တည်းလိုပဲ အဖော်မရှိသလို ခံစားရတယ်။ အားမင့် ငါ့ကို ဘာကြောင့်မချစ်တာလဲ။ ငါကတော့ သိပ်ချစ်

တယ်။ သူ့ကိုယ်ခန္ဓာလေးကို ဖမ်းဆွဲလိုက်ကတည်းက ငါ ရင်ခုန်ခဲ့ရတာပါ။ သူနဲ့တွေ့လိုက်တိုင်းလည်း ငါပျော်တယ်။ ရင်ခုန်ရတယ်။ သူ့အပြုံးတွေက ငါ့ဘဝကို ချုပ်ကိုင်နိုင်တယ်။ သူ့အပြုံးတွေက သိပ်လှပါတယ်။ သူ ငါ့ကို ဘာကြောင့် အဲလိုမပြုံးပြရတာလဲ။ အချစ်ဆိုတာကို ငါသိပ်မသိပေမယ့် အားမင့်ကို ချစ်တယ်”

ဝဋ္ဋာနဲ့ဇာနည်မှာ ဘာလုပ်ပေးရမှန်းမသိအောင် ဖြစ်သွားရသည်။ ဒီအချိန်မှာ အားမင့်ကလွဲရင် ဖန့်ကို နှစ်သိမ့်နိုင်မယ့် အခြားသော သူ မရှိနိုင်။

“အားမင့် ငါ့ကို ဘာကြောင့်မချစ်ရတာလဲ”

“မင်းကရော အားမင့်ကို ချစ်ပါတယ်လို့ရော ဖွင့်ပြောပြီးပြီလား”

“ဒါပေမယ့် ငါ သူ့ကိုချစ်တယ်လေ။ သူသိနေတာပဲ။ ဒါက ပြောဖို့လိုလို့လား”

“မိန်းကလေးတစ်ယောက် အထူးသဖြင့် သိက္ခာရှိတဲ့ မြန်မာမိန်းကလေးတစ်ယောက်ကပေါ့ကွာ။ ဘယ်ယောကျ်ားလေးကိုမှ မျက်နှာပြောင်တိုက်ပြီး ရည်းစားစကား အရင်စပြောမှာ မဟုတ်ဘူး။ ဒါက မိန်းကလေးတစ်ယောက်ရဲ့စည်းပဲ”

"အခုချိန်မှာတော့ ပြောလည်းအပိုပဲ။ နောက်ကျသွားပြီ။ အားမငဲ့ ငါ့ကို မချစ်တာသေချာသွားပြီ"

"မင်းကို သူက မချစ်ဘူးလို့ ပြောလို့လား"

ဒီမေးခွန်းကိုတော့ သူ မဖြေနိုင်ပါ။

"မင်းကို သူ ချစ်နေပါတယ်"

ဗာနည်ရဲ့ဒီစွဲချက်မှာတော့ သူ ခေါင်းမော့လာရသည်။

"ဟုတ်တယ် . . . အားမငဲ့က မင်းရဲ့အချစ်ကိုလည်း မယုံကြည်ရဲနေသလို သူ့ကိုယ်သူလည်း မသိနေတာပါ"

"ဒါကို မင်း ဘယ်လိုသိလဲ"

"စိတ်ရဲ့တံခါးပေါက်ဟာ မျက်လုံးပဲလေ။ ဒီမျက်လုံးတွေကို ငါ ကောင်းကောင်းဖတ်တတ်နေတာပေါ့။ ငါတို့က ပွဲကြည့်ပရိသတ်ပါ။ ဇာတ်လမ်းရဲ့ဟာကွက်ကို ကောင်းကောင်းမြင်နေရတယ်"

"ငါ ဘာလုပ်ရမလဲ"

အမြဲတမ်း ဦးဆောင်မှုသာပြုခဲ့သော ဖန်က ကူကယ်ရာမဲ့ မေးလိုက်သည်။

ဩော် . . . အချစ်က လူတစ်ယောက်ကို ပြောင်းလဲစေပါ

လား။

"မင်း ဘာလုပ်သင့်သလဲဆိုတာတော့ ငါတို့ တိတိကျကျ မသိဘူး။ အားမငဲ့က မင်းအပေါ် သာမန်ထက်ပိုတဲ့ သံယောဇဉ်ရှိနေတာတော့ ငါတို့ တိတိကျကျသိတယ်။ ဒီတော့ မင်းစိတ်ချမ်းသာသလိုသာ ဆောင်ရွက်တော့။ လိုအပ်ရင် ငါတို့ကောင်တွေ မင်းဘေးမှာ အဆင်သင့်ရှိမယ်"

"အရင်တုန်းကစိတ်နဲ့သာဆို ခုအချိန်မှာ အားလုံးအကျိုးမဲ့သွားနိုင်တဲ့ ဆုံးဖြတ်မှုမျိုးကို ငါရွေးမိမှာပဲ။ အခု ငါ့စိတ်တွေ ဘာဖြစ်နေတာလဲ မသိဘူး။ နာကျင်ပြီး ဆောက်တည်ရာမဲ့နေတယ်။ တစ်ခုခုလုပ်မယ်လို့ ကြံလိုက်တိုင်း အားမငဲ့အတွက် သိပ်စဉ်းစားလွန်းတဲ့ကဏ္ဍက အကြီးကြီးပါနေတယ်။ ငါ့ကိုယ်ငါလည်း အားမရဘူး။ ဘာမှမဆုံးဖြတ်တတ်ဘဲ စိတ်တွေနောက်ကျိနေတယ်"

"အဲဒါ မင်း အသည်းကွဲနေတာ"

အသည်းကွဲတယ်ဆိုတဲ့ ဝေဒနာမျိုးက လူတွေပါးစပ်ဖျားမှာ လွယ်လွယ်လေးပြောနေသံ ကြားဖူးခဲ့ပေမယ့် ကိုယ်တိုင်ခံစားရတော့မှ အတော်ခံရဆိုးသော ဝေဒနာပင်။

ချစ်သူရဲ့မျက်နှာကိုလည်း မမြင်ချင်သလို၊ မုန်းသူတစ်

ယောက်ရဲ့ မျက်နှာကိုလည်း မမြင်ချင်ပါ။

မြင်မြင်သမျှနေရာတိုင်းမှာ ချစ်သူ့ရဲ့ပုံရိပ်တွေ ကြီးစိုးနေပေမယ့်လည်း ချစ်သူကို နာကြည်းမိသည်။

ဒီကမ္ဘာလောက အကျယ်ကြီးမှာ ချစ်သူ၏လွှမ်းမိုးမှုလွတ်ကင်းနိုင်အောင် ပြေးပုန်းစရာနေရာက ရှာမရပြီ။

ဒီလေးငါးရက်အတွင်း ဆောက်တည်ရာမဲ့ ဝေဒနာပေလေလွင့်နေမိပါသည်။

သူ့ အပြင်မှာ စိတ်ကြိုက်လေလွင့်ပြီး အိမ်ပြန်သွားသော နေ့ရယ်။

× × ×

ဒီနေ့တော့ သူမ အလှပဆုံးနဲ့ အယဉ်ကျေးဆုံး ဝတ်စားဆင်ယင်ကာ ခန့်မင်းထယ်အကြိုကို စောင့်နေမိပါသည်။

ခန့်မင်းထယ်က သူမကိုချိန်းထားခဲ့သော အချိန်မှာ တိတိကျကျလာကြိုသလို သိပ်လှတယ်ဟူ၍လည်း ရိုဝေရှွန်းစိုစွာ နှစ်ကိုယ်ကြားပြောပါသေးသည်။

ခန့်မင်းထယ် ဆိုင်ကယ်မောင်းဝင်လိုက်သော တိုက်အမြင့်ကြီးမှာ သူမစိတ်ကူးထဲက တိုက်တွေထက် ခန့်ညားလှပပေမယ့် သူမ စိတ်ကူးတွေထဲကလို မပျော်ရွှင်မိပါ။ တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသလိုနှင့် ကြောက်စိတ်တို့ ဝင်နေခဲ့ပါသည်။

ခန့်မင်းထယ်က သူမလက်ဖျားလေးကို ဖျစ်ညှစ်၍ အားပေးပေမယ့် သူမနှလုံးသားထဲသို့ အင်အားတွေ၊ အားကိုးလိုစိတ်တွေ စီးဝင်မသွားခဲ့ပါ။ သူမတို့ အပေါ်ထပ်သို့တက်ကာ မည့်ခန်းမကျယ်ကြီးရဲ့ ဆက်တီခပ်ကြီးကြီးတစ်ခုမှာ သူမက သိမ်ငယ်စွာ ထိုင်ချလိုက်မိပါသည်။

သူမတို့ထိုင်ပြီး သိပ်မကြာပါ။ သန့်သန့်ပြန့်ပြန့်နဲ့ သိပ်ခန့်ချောကြီးချောနေတဲ့ အသက် ၅၀ အရွယ် လူကြီးတစ်ယောက် ထွက်လာသည်။ ဇန်နှင့် ရုပ်အတော်ဆင်နေ၍ ဇန့်ရဲ့ဖေဖေပါလားဟူသော အသိစိတ်နှင့်အတူ မတွေ့တာကြာပြီဖြစ်တဲ့ ဇန့်ကို သတိရသွားသည်။

ဒါ ဇန့်ရဲ့အိမ်ပဲ။ ဇန် အပေါ်ထပ်မှာများ ရှိလေမလားဟူသော မျှော်လင့်ချက်လေး ဝင်သွားရပြန်သည်။

ထိုလူကြီးရဲ့နောက်မှာ ပါဝါတစ်မျိုးရှိပြီး မာနကြီးပုံရသော ခပ်ချောချောမိန်းမကြီးတစ်ယောက် ပါလာသည်။

သူမက အသိစိတ်အချို့နှင့် မတ်တတ်ရပ်ပြီး နှုတ်ဆက်လိုက်ပါသည်။

"ဒါ သားပြောတဲ့ သားရဲ့ချစ်သူ အားမငဲ့ပါ။ အားမငဲ့ ဒါ

ကိုယ့်ဖေဖေနဲ့ မေမေလေ"

"ဟုတ်ကဲ့ . . . သိရတာဝမ်းသာပါတယ်ရှင်"

လူကြီးကတော့ ပုံမှန်မျက်နှာမျိုးရှိပေမယ့် အမျိုးသမီးကြီးကတော့ သူမကို သိသိသာသာပင် စူးစူးရဲရဲ အကဲခတ်နေခဲ့ပါသည်။

သူမ ထိုအမျိုးသမီးကြီးရဲ့ အကြည့်စူးစူးကြောင့် နေမထိထိုင်မသာ ခံစားရပြီး အလိုလိုရှိနှင့်ပြီးတဲ့ အားငယ်စိတ်က ကြီးထွားရှင်သန်လာရသည်။

"နာမည်က အားမငဲ့"

"ဟုတ်ကဲ့"

"ဘယ်မှာနေသလဲ"

"မြို့သစ်ထဲမှာပါ"

"ဘာအလုပ်လုပ်သလဲ"

"ဘုရားကြီးမှာ ယွန်းထည်ပစ္စည်းရောင်းပါတယ်"

"မိဘတွေမရှိတော့ဘူးဆို"

"ဟုတ်ကဲ့။ သူငယ်ချင်းတစ်ယောက်နဲ့ အခု တူတူနေပါတယ်"

"အဲဒီသူငယ်ချင်းကလည်း မုဆိုးမလေးနော်"

သူမ အံ့ဩသွားရပါသည်။ ဒါဆို သူမအကြောင်း စုံစမ်းပြီးလောက်ရောပေါ့။ ထိုအမျိုးသမီးကြီးက မျက်နှာကိုရိ ကာ အထက်စီးနင်းလေသံနှင့် . . .

"ဘုရားကြီးမှာ ဈေးရောင်းတဲ့မင်းက ယောက်ျားလေး တစ်စုနဲ့ ရီးရှန်းရီးရှန်းဆိုပဲ။ အိမ်မှာလည်း ယောက်ျားလေးတွေ ဝင်မစဲ ထွက်မစဲတဲ့။ ဟုတ်ပါတယ်နော်။ အန်တီသိထားတာတော့ မင်းက ချမ်းသာတဲ့ယောက်ျားလေးတွေနဲ့ သိပ်အပေါင်းအသင်း လုပ်တယ်ဆိုပဲ။ မင်း အန်တီ့ဘက်ကနေ စဉ်းစားပေးလိုက်ဖို့ အဲဒီလိုမိန်းကလေးမျိုးနဲ့ ဘယ်သားရှင်က ကြည်ဖြူမှာတဲ့လဲ"

"မေမေ"

သူကတော့ သတိပေးသလို အသံပြုလိုက်ပေမယ့်

"သားကိုပဲ ကျိတ်ဆုံးမနေရင် ဒီပြဿနာက အခွန့်ရှည် နေဦးမယ်။ ဒီမှာ မိန်းကလေး။ အန်တီ မင်းအတွက်တော့ စိတ် မကောင်းပါဘူး။ အန်တီ့သားနဲ့ ဝေးဝေးနေပေးပါ။ အန်တီ့သားကို မင်းလိုမိန်းကလေးမျိုးနဲ့ သဘောမတူဘူး။ ခုဆိုရင် သားနဲ့လိုက် ဖက်မယ့် ဂုဏ်ရည်တူမိန်းမချောလေး ရှာတွေ့ထားပြီ။ မင်း နောက်

ဘ်လိုက်ပါ မိန်းကလေး။ အကယ်၍ မင်းနစ်နာသွားတယ်ဆိုရင် နာကြေးပေးဖို့ အဆင်သင့်ပါပဲ"

"မေမေ . . . သား"

"သားမသိတဲ့ အကြောင်းအရာတွေ လောကကြီးမှာ ရှိနေတယ်သား။ သား ဒီမိန်းကလေးနဲ့ မပတ်သက်တာ အကောင်း ဆုံးပဲ"

"မေမေ"

ဒါ သူမတို့ရဲ့ မိတ်ဆက်ပွဲတဲ့လား။ ဒါ သူမကို အိမ်တိုင် ရာရောက်ခေါ်ပြီး လူလုပအရှက်ခွဲလိုက်တာပဲ။ ဒါကို သူမရဲ့ ချစ်သူ၊ သူမကို ချစ်လှပါချည်ရဲ့ဆိုတဲ့ ခန့်မင်းထယ်ကလည်း သူမ ဘက်မှ ဘာမှကာကွယ်မပေးတော့ဘူးလား။ သူမ ဝမ်းနည်းကြေ ကွဲရတာနှင့် ရှက်တာနှင့်ရော၍ မျက်ရည်ပေါက်ပေါက်ကျလာခဲ့ ပါသည်။ မိန်းကလေးတစ်ယောက်ရဲ့ လက်နက်ဟာ မျက်ရည်ပဲ လေ။

"ကျွန်မက မိကောင်းဖခင်သားသမီးပါ အန်တီ။ အိမ် တိုင်ရာရောက်ကြီးခေါ်ပြီး အရှက်ခွဲဖို့ မသင့်ပါဘူး"

"မင်းလိုမိန်းကလေးမျိုးကို ဒီလို ပွင့်ပွင့်လင်းလင်းပြောမှ

ဖြစ်မှာလေ"

"မေမေ"

"သား အသာနေပါ။ ငါ့ကို ဒီလိုစံပြောရအောင် မင်း အဆင့်က ဘယ်လောက်ရှိနေလို့လဲ။ လူကြီးတွေကို ဒီလိုပဲစံပြော ရတယ်လို့ မင်းမိဘက ဆုံးမထားလို့လား။ ဒါကြောင့် အဆင့် အတန်းမရှိဘူးလို့ ပြောတာပေါ့"

"အန်တီ့သားနဲ့ကြိုက်မိတာ အားမငဲ့ပါ။ အန်တီပြောချင် ရင် အားမငဲ့ကို ကြိုက်သလိုပြောလို့ရတယ်။ လောကမှာ မရှိတော့ တဲ့ မိဘကိုတော့ အပြစ်မပြောပါနဲ့"

သူမ ဒေါသနှင့်မို့ တုန်ယင်စွာပြောလိုက်သည်။

"ကြည့်စမ်း။ အဆင့်အတန်းမရှိတဲ့ ရေးသည်မကများ ငါ့ကို စံပြောနေသေးတယ်။ ငါ့အရိပ်ကိုလည်း လာသေး၊ ငါ့ကို လည်း မထီမဲ့မြင်ပြောသေး။ ထွက်သွား . . . သွား။ မင်း ခုချက်ချင်း ထွက်သွားစမ်း။ ငါ့သားနဲ့လည်း ဘာမှပတ်သက်စရာ မလိုဘူး"

"စိတ်ချပါအန်တီ၊ သွားမှာပါ။ အားမငဲ့က ရေးသည်မဆို ပေမယ့် သိက္ခာတော့ရှိပါတယ်"

သူမ မျက်ရည်များကို ခပ်ကြမ်းကြမ်းသုတ်ကာ ထရပ်

လိုက်တော့ . . .

"အားမငဲ့ မင်းမသွားနဲ့၊ မေမေ သား အားမငဲ့ကို ချစ် တယ်၊ အားမငဲ့ကိုပဲ လက်ထပ်မယ်"

"တော်စမ်းသား။ မိခင်က အမြင့်ကိုတွန်းတင်နေတာ မင်း ခုန်မချချင်ပါနဲ့"

"ခုန်ချမယ့်လမ်းက သိပ်သာယာနေရင် ခုန်ချသင့်ရင် ခုန်ချရမှာပဲ မေမေ"

"ဖြန်း"

ပဲ့တင်သံတစ်ခုက ဧည့်ခန်းမထဲ ညံသွားသည်။

သူမကြောင့် ခန့်မင်းထယ်ရဲ့ပါးမှာ ချက်ချင်းနီသွား သည်။ ခန့်မင်းထယ်က အသားသာနာသွားပေမယ့် ဆုပ်ကိုင် ထားသော သူမရဲ့လက်ကို မလွှတ်သေးပါ။

"နောက်တစ်ချက်ရိုက်ဦးမလား မေမေ"

"သား မင်း သူ့လက်ကိုလွှတ်လိုက်ပါ"

သူ ငြိမ်သက်နေပါသည်။

"မင်း မေမေ့ထက် ဘာကြောင့်သူ့ကို ပိုချစ်သွားတာလဲ ဟင် သား၊ မင်းဆေးမိနေပြီ"

"လွှတ်ပါ ကိုခန့်။ အားမင့် သွားပါရစေ"

သူတို့သားအမိကြားမှာ သူမ နေရခက်နေပါသည်။

သူမပါးပြင်မှာလည်း မျက်ရည်စလက်ကျန်တို့နှင့် စိုရွှဲနေခဲ့ပါသည်။

သူမတို့တွေအားလုံး ဧည့်ခန်းမထဲမှာ ရှေ့တိုးနောက်ဆုတ်ဖြစ်နေကြစဉ် သူမ သိပ်ယဉ်ပါးနေခဲ့သော ကိုယ်သင်းရနံ့လေးက တိုးဝင်လာခဲ့သည်။

မှန်သည်။ သူမ သိပ်မျှော်လင့်နေမိသော ဇန်ပင်။

ဇန့်ကိုမြင်လိုက်ရတော့မှ သူမစွန်အားတို့ ပြည့်သွားသည့်နှယ် လန်းဆန်းသွားရသည်။

ဇန်က ဘာစကားတစ်ခွန်းမှ မပြောဘဲ သူမလက်ကို ခန့်မင်းထယ်လက်မှ ဆွဲယူကာ ခန့်မင်းထယ်ကို စပ်ပြင်းပြင်း တစ်ချက်ထိုးလိုက်သည်။ အဖြစ်အပျက်မှာ မြန်ဆန်လွန်း၍ အားလုံးအံ့ဩသွားရသည်။

ဘယ်အရေးကိစ္စမဆို ပါဝင်ပတ်သက်မှုမရှိဘဲ မဆိုင်သလိုနေတတ်သည့် ဇန်ကြောင့် တစ်ချိန်လုံး ဘာမှပါဝင်ပတ်သက်ခြင်းမပြုတဲ့ ဦးဇိုင်နောင်ပင် လှုပ်ခတ်သွားရသည်။

"ဇာတ်လမ်းတစ်ပုဒ်ကို မနိုင်ဘဲနဲ့ ကပြရော်မြေတဲ့အတွက် မင်းကို ငါထိုးတာ။ ဟော့ကောင် . . . ဒီမှာဒေါ်သက်ထားခင်များကရော ဘယ်အဆင့်ကတက်လာတာမို့ အားမင့်ကို ဒီလိုပြောရတာလဲ"

ဟု ခပ်စူးစူးကြည့်ကာ ပြောလိုက်သည်။

ပြီးနောက် အားမင့်လက်ကိုသာ ခပ်ကြမ်းကြမ်းဆွဲ၍ လှေကားအတိုင်း ဆင်းခဲ့ပါတော့သည်။

အားမင့် မျက်ရည်များကြားမှ ကြည်နူးပီတိ ဖြစ်ရပါသည်။

ဇန်က သူမကို သူ့ရဲ့ကားပေါ် တွန်းတင်လိုက်ပါသည်။ သူမမှာ ဇန်ရဲ့ဘေးမှာထိုင်ရင်း ကားမောင်းနေသော ဒေါသမျက်နှာလေးကိုသာ တစ်ချိန်လုံး ငေးစိုက်ကြည့်နေမိသည်။

ဇန်ရဲ့ပုံစံက လန်းဆန်းလတ်ဆတ်မနေဘဲ ညှည်းသိုးသိုးနှင့်ပါ။ ဒါပေမယ့် သူမမျက်ဝန်းထဲမှာတော့ သိပ်ဆွဲဆောင်မှုရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေပါသည်။ ဇန်က ကားကိုသာ အာရုံစိုက်ပြီး မောင်းနှင်နေပါသည်။

ခုတော့ ဇန့်ရဲ့ဘေးနားမှာ သူမ ကြည်နူးပြီး အလိုလိုမျော်

ရှင်နေတတ်ပါပြီ။

ဇန်ကမူ သူမကို ဘာစကားတစ်ခွန်းမှ မဆိုပါ။ သူမကို သူမအိမ်ရှေ့မှာသာ ချပေးပြီး ဘာစကားမှမဆိုဘဲ မောင်းထွက်သွားပြန်သည်။ ဇန် သူမကို စိတ်နာသွားပြီလားဟူသော အတွေးနဲ့ အတူ သူမ ဆွေးမြေ့နာကျင်ရပါ၏။ ပြောခဲ့မိသော သူမရဲ့ စကားလုံးကြမ်းများအတွက် သူမ ကောင်းစွာနောင်တရနေမိပါသည်။

ဇန် ခန့်မင်းထယ်ကို ဒေါသဖြစ်လွန်း၍ အားမင့်ကို ဘာစကားတစ်ခွန်းမှ မဆိုခြင်းဖြစ်သည်။

အားမင့်ဘဝကို လုံခြုံအောင် ကာကွယ်မပေးတဲ့အတွက် သူ ခန့်မင်းထယ်ကို လေးငါးချက်မျှ ဆွဲထိုးချင်မိသည်။

ဇန် အိမ်သို့ပြန်ရောက်သွားသည်ထိ ခန့်မင်းထယ်က ခေါင်းငိုက်စိုက်ကျ ထိုင်နေမိဆဲပါ။

ဆက်တီမှာ အသက်မဲ့သလို ထိုင်နေသော ခန့်မင်းထယ်ကိုကျော်ကာ အပေါ်ထပ်ကို ဆက်တက်မည်ပြုတုန်း ဘယ်လိုမှထိန်းမရတဲ့ စိတ်တစ်ခုကြောင့် နောက်ပြန်လှည့်ကာ ခန့်မင်းထယ်ကို နှစ်ချက်မျှ ဆွဲထိုးလိုက်ပါသည်။

"ထိုးစမ်း ဇန်။ ရင်ထဲမှာစုတ်ပြတ်နေပြီ။ အသားနာ

အောင် မင်း ကြိုက်သလောက်ထိုးစမ်း"

"ငါကလည်း မင်းကို စုတ်ပြတ်သွားအောင် ထိုးချင်နေတာ"

ဟု ညစ်ကျယ်ကျယ်ပြောကာ လက်ကိုမြှောက်ပြီး ထိုးမယ်ကြံတော့ သူလက်ကို သူပြန်ရုစ်သိမ်းလိုက်သည်။

"မထိုးဘူး။ နို့မဟုတ်ရင် ငါ အားမင့်ကို လုံးဝလက်လွှတ်ခံလိုက်သလို ဖြစ်သွားမယ်။ ငါ အားမင့်ရဲ့အချစ်ကို ရဖို့ကြိုးစားရတော့မယ်"

"ငါ မင်းကို မရှုံးချင်ဘူးနော်။ မင်း ဒီပွဲထဲ ထဝ်မဝင်ပါနဲ့တော့"

"မင်းက သိသိသာသာ နိုင်ခဲ့ပြီးသားပါ"

"မင်းထင်နေလား"

ခန့်မင်းထယ်ရဲ့ ခနဲ့တဲ့တဲ့အပြောက ဘာလဲ။ သူ စဉ်းစားမရပါ။

"အားမင့်ရင်ထဲမှာ ရှိနေတာ ငါလို့ မင်းထင်နေသလားဟမ်"

ဒီတစ်ခါ အော်လိုက်သူမှာ ခန့်မင်းထယ်ရယ်ပါ။

"မင်းဟာ အားမင့်ရဲ့ချစ်သူ မဖြစ်ထိုက်တဲ့လူပဲ။ မင်း အချစ်မှာ အရောင်တွေသိပ်များလွန်းတယ်။ အားမင့်ရဲ့အချစ်ကို လည်း သံသယရှိလွန်းတယ်"

"ဒီပြဿနာက မင်းဒီပွဲက နုတ်ထွက်သွားရင် ရှင်းပြီ"

"ဒါ ငါ့ကိစ္စပါ"

"ငါ မင်းကို တောင်းပန်ရင်ရောကွာ"

"မရတော့ဘူး။ ငါ ဆုံးဖြတ်ပြီးသွားပြီ။ နေပါဦး မင်းက အားမင့်ရဲ့ တရားဝင်ချစ်သူလေ။ ဘာကိုစိုးရိမ်နေတာလဲ"

"တောင်တစ်တောင်ကို ငါက မရှိမဲ့ရှိမဲ့အင်အားလေးနဲ့ ကုတ်တက်နေရတာပါ။ တောင်ထိပ်ရောက်ခါနီးမှ ရိုက်ချမခံချင် လို့ပါ"

ထိုစကားကို သူ သိပ်အထာမပေါက်ပါ။

သူ တုံ့ဏှိဘာဝေနှင့် စဉ်းစားလိုက်သည်။

သူတို့နှစ်ယောက်ရဲ့ အပြန်အလှန်ပြောဆိုသံကို တစ် ဖက်မှ ဦးဖိုင်နောင်က အတိုင်းသားကြားနေရပါ၏။

ဒေါ်သက်ထားကတော့ သူမအတွက်နဲ့သူမမို့ သွေးတက်၍ အနားယူနေလေရဲ့။

ဦးဖိုင်နောင် သက်ပြင်းမောကြီးကို ချလိုက်မိသည်။

တစ်ယောက်ကလည်း ရင်ကဖြစ်သော သားအရင်း။

နောက်တစ်ယောက်ကလည်း ရင်ကဖြစ်သော သား အရင်းအဟုတ်ပေမယ့် လိမ္မာသော၊ သူ့စကားကို နာယူလက်ခံ တတ်သော၊ သားအရင်းတမျှ အားကိုးတွယ်တာရသော သား။

လူငယ်တွေရဲ့ပြဿနာထဲ ဘာမှဝင်မပါချင်မိ၍ အေး အေးလူလူသာ စိတ်ကိုဖြေလျှော့ပြီး အနားယူနေလိုက်ပါသည်။

ဒီကိစ္စတွေကို အချိန်က ကုစားလိမ့်မည်ဟူသော တရား မျှတသည့် အတွေးတစ်မျိုးနှင့်သာ စိတ်ကို ဖြေလျှော့နေမိပါတော့ သည်။

× × ×

သူမလက်ထဲမှ ပါဆယ်ထုပ်တစ်ထုပ်ကို သူမ တုန်ယင်စွာ စိုက်ကြည့်နေခဲ့ပါသည်။

ဒါ ခန့်မင်းထယ်က ပို့နိုင်းလိုက်တာဆိုပြီး မန်နေဂျာစိုးအိက လာပို့သွားတာပါ။

သူမ ထိုအထုပ်ကလေးကို ဖွင့်ကြည့်လိုက်တော့ အဖြူရောင်ဇာဝမ်းဆက်က ဖြူဖွေးလှပစွာ သူမကို ပြုံးပြနေခဲ့ပါသည်။

ဇာဝမ်းဆက်ပေါ်မှာ စာခေါက်လေးကို တွေ့ရ၍ သူမ ဖွင့်ဖတ်လိုက်သည်။

"အားမငဲ့ . . .

ကိုယ် မင်းကို သိပ်ချစ်တယ်၊ ဘယ်သူတွေဘာပြောကြပါစေ၊ ကိုယ် မင်းကို မစွန့်လွှတ်နိုင်ဘူး။ မင်း ကိုယ့်ကို ချစ်တယ် မဟုတ်လား။ မင်း ကိုယ့်ကို ချစ်တယ်လို့ ဘယ်တော့မှပြောမှာလဲ၊ မင်းနှုတ်ဖျားက လှိုက်လှိုက်လှဲလှဲထွက်ကျလာမယ့် ချစ်တယ်ဆိုတဲ့စကားကို ကိုယ် မျှော်နေမယ်၊ ကိုယ်တို့လက်ထပ်ကြရအောင်လား။ ကိုယ် မင်းကို မခွဲနိုင်ဘူး။

မင်းဆီက ချစ်တယ်ဆိုတဲ့ စကားသံကို မကြားရလည်းဖြစ်တယ်၊

မနက်ဖြန် (   ) တရားရုံးမှာ ကိုယ်စောင့်နေမယ်၊

ကိုယ်တို့ လက်ထပ်ကြရအောင်နော်၊

ကိုယ့်ရဲ့ အလှပဆုံး သတို့သမီးလေးကို မျှော်နေမယ့်

ကိုခန့်"

သူမ စာခေါက်လေးကို ပြန်သိမ်းလိုက်သည်။

သူမချစ်သူက သူမဘက်မှာလေ။ ဒါကို သူမ ကျေနပ်ပျော်ရွှင်နေရမည်ပေါ့။ သူမ မပျော်ပါ။

ထိုစဉ် သူမအခန်းထဲ မေခဝင်လာခဲ့သည်။

"ဘာဖြစ်နေတာလဲ"

ဟု မေးလာ၍ သူမက အထုပ်ကို မေလက်ထဲထည့်လိုက်သည်။

မေက လှပသော ဇာဝတ်စုံအဖြူလေးကို ကြည့်ပြီး တခေါက်ကို ဖွင့်ဖတ်လိုက်သည်။

"နင် သွားမှာလား"

သူမ မဖြေပါ။

မေက သက်ပြင်းတစ်ချက်ရှိုက်ပြီး . . .

"နင့်နှလုံးသားကို နင် မလိမ်ညာပါနဲ့ အားမင့်။ နင် တစ်သက်လုံး နောင်တရနေလိမ့်မယ်။ ငါ နင့်နှလုံးသားကို မြင်နေရတယ်။ သေချာတယ်။ နင့်ရင်ထဲမှာရှိနေတာ ခန့်မင်းထယ်မဟုတ်ဘူး"

"ဟုတ်တယ် မေ။ ငါဝန်ခံတယ်။ ငါ့ရင်ထဲမှာ ကိုခန့်မရှိပါဘူး။ ဒါပေမယ့် ငါ့ရင်ထဲမှာ ရှိနေတဲ့သူကရော၊ သူ့ရင်ထဲမှာ ငါရှိရဲ့လား"

"နင် သူ့ရင်ထဲကို မမြင်ရဘူးလား"

"ဒါပေမယ့် ငါက မိန်းကလေးပါ။ သူ ငါ့ကို ချစ်တယ်လို့ ဘာကြောင့်မပြောရတာလဲဟင်"

ဟု မေကို အားကိုးတကြီးပြောကာ ငိုချပစ်မိပါသည်။

မေ အားမင့်အပေါ် နားလည်သွားမိပါသည်။

"သူက ငါ့ကို ရုပ်ဆိုးတယ်၊ အသံက ညိုစိစိ၊ အရပ်ကပုသေးလို့ချည်း ရွတ်ချနေတာ။ အဲလိုလူက ငါ့ကိုချစ်ပါတယ်ဆိုတာ ငါက တစ်ဖက်သတ်ယုံကြည်နေရမှာလား။ သူက ငါ့ကို ချစ်တယ်လို့ပြောရမှာ အဲလောက်ကြီးဝန်လေးရသလား အီး . . ဟီးဟီး"

အခုမှ ပွင့်အံထွက်လာတဲ့ အားမင့်ရဲ့စကားတွေအတွက် မေမှာ ကျေနပ်သွားရပါသည်။

အားမင့်ကတော့ ရှိုက်ကြီးတငင် ငိုရှိုက်နေဆဲ။

မေ အထုပ်တစ်ထုပ်ကို အားမင့်ရှေ့ကို ချပေးလိုက်သည်။

ထိုအထုပ်ကြောင့် အားမင့်မှာ ငိုသံရပ်သွားရသည်။

"ဘာလဲ"

ငိုသံပါကြီးနှင့် မေကို လှမ်းမေးသည်။

"ဖွင့်ကြည့်လိုက်လေ"

ပြုံးပြုံးလေးပြောနေသော မေရဲ့ ပဟေဠိဆန်တဲ့ အပြုံ

အမှုကြောင့် သူမမှာ တုံကျိဘာဝေနှင့် ငိုရှိုက်ရင်းဖြင့်ပင် အထုပ်ကို ဆွဲဖွင့်လိုက်သည်။

သိပ်လှတဲ့ ပန်းနုရောင်ဂါဝန်လေးတစ်ထည်နှင့် အဝါရောင်ဂါဝန်လေးတစ်ထည် ထွက်လာသည်။

"သူ့မျာ ခက်ခက်ခဲခဲ ရှက်ကိုးရှက်ကန်းနဲ့ ရှာဝယ်ထားရရှာတာ"

"ဘယ်သူလဲ"

"နင့်ရင်ထဲကလူလေ"

"ဟာမ်"

သူမ ကြည်နူးပျှိုင်းလေးနှင့် မှင်တက်သွားရစဉ် . . .

"ရော့"

ဟုဆိုကာ မေခက ကြွေရောင်ထနေသော စာအိတ်တစ်အိတ်ပေးလာ၍ သူမက ပဒေဟဋ္ဌိများစွာဖြင့် ဖွင့်လိုက်သည်။

ဖောင်းကြွနုရွနေသော လက်ရေးတစ်ခုကြောင့် သူမရင်ဖို့သွားရသည်။

သူမရင်ထဲ မရဲတရဲလေး ဆုတောင်းလိုက်သည်။

ဒါ ဖန့်ရဲ့စာဖြစ်ပါစေဟု။

"အားမငဲ့

သိပ်ချစ်တယ်။ မင်းကို ချစ်ပါတယ်လို့ မပြောရက်လောက်အောင် ချစ်တယ်။ မင်းဟာ ကိုယ့်နှလုံးသားကို စေလိုရာစေညွှန်ပြနိုင်တဲ့ အလှနတ်သမီးလေး တစ်ပါးပါပဲ။

နေ့မှာပွင့်တာက ပိတောက်၊ ဆောင်းမှာပွင့်တာက သဇင်၊ မိုးမှာပွင့်တာက မြလေးပန်း။ ကိုယ့်ရင်ထဲမှာပွင့်တာက အားမငဲ့ဆိုတဲ့ အချစ်ပန်းလေးတစ်ပွင့်ပါ။ မစူးရက်မချွေရက်မို့ တစ်ပါးသူခွေတ်ခူးသွားမှာ စိုးလှပါတယ်။

အချစ်ပန်းလေး ကိုယ့်ထံကြွေဆင်းလှည့်ပါလား။

ညမွှေးပန်းလို မြူစင်ရိုးရှင်းတဲ့ မင်းမျက်နှာလေးကို တွေ့ခါစကပဲ ကိုယ့်နှလုံးသားက တံဆိပ်တစ်ခုရှိခဲ့ပြီမို့ မင်းကလွဲရင် တခြားတစ်ယောက်ကို ချစ်လို့မရတော့လို့ပါ။

သိပ်ချစ်တယ် အားမငဲ့။

ကိုယ့်ဘဝစာမျက်နှာကို မင်းအချစ်နဲ့ မွမ်းမံပေးလှည့်ပါလို့ တောင်းဆိုပါရစေ။

မင်းသာ ကိုယ့်နားမှာ ထာဝရရှိနေနိုင်မယ်ဆိုရင် သိပ်ချစ်တယ်၊ လှတယ်လို့ တစ်သက်တာ မမောနိုင်ပြောသွားမယ်။

ကိုယ်သာ မင်းအချစ်ကို ရနိုင်မယ်ဆိုရင် တစ်နှစ်လား။
ဆယ်နှစ်လား။ စောင့်နေမယ်၊ သိပ်ချစ်တယ်၊

အားမငဲ့ကို သိပ်ချစ်တယ်၊

ကိုယ့်ရဲ့ ပန်းနုရောင်နတ်သမီးလေးကို

မျှော်နေမယ့်

ဖန်"

စာလေးဆုံးသွားသည်နှင့် သူမက ကလေးတစ်ယောက်လို ပြုံးလိုက်မိသည်။ အခုတော့မှ သူမမျက်နှာလေးက ကြည်စင်ဝင်းပသွားတော့သည်။

"ဪ . . . အချစ် . . . အချစ်။ အင်အားသိပ်ကြီးပါလားနော်"

မေခက ရွှဲစောင်းစောင်းလေး စလာပါသည်၊ ဒီတစ်ခါတော့ သူမ ရှက်အားမပိုမိတော့ပါ။

"အချစ်ဆိုတာ လက်သီးပုန်းတစ်လုံးနဲ့တူတယ်ဆိုတာ ငါ လက်ခံသွားပြီ။ ကိုယ်ကိုယ်တိုင်တောင် ဘာမှန်းမသိသေးခင်မှာ အလဲထိုးခံရတာမျိုးဟ"

"မိန်းမ ရုပ်ကိုက ပြည်တည်တည်နဲ့"

"ဖန်က ငါ့ကိုချစ်တယ်တဲ့။ ဒါ ဖန် ငါ့ကို ရည်းစားစာပေးတာပေါ့နော်"

"ကျားကိုက်ပါတယ်ဆို အပေါက်ကြီးနဲ့လား ဆိုတာလိုဖြစ်နေပြီ။ မသိရင်မှတ်ထား။ ဟိုးအရင်ခေတ်တုန်းကတော့ ဒီလိုတမျိုးကို ချစ်သဝဏ်လွှာတဲ့။ အဘိုးတို့ခေတ်တုန်းကတော့ ဒါကို ပေဖူးလွှာတဲ့၊ အခုခေတ်အရဆိုရင်တော့ ရည်းစားစာပေါ့ဟာ"

"နှုတ်တစ်ရာ စာတစ်လုံးဆိုတော့ ဖန်က ငါ့ကို သိပ်ချစ်လို့ပေါ့နော်။ ငါ့ချစ်သူရဲ့ ပေဖူးလွှာကို ငါ့နှလုံးသားထဲမှာကို သိမ်းဆည်းထားမယ်"

"အံမယ် စုမှဖြစ်နေလိုက်တာ။ မှိုရတဲ့ယာသမားရုပ်နဲ့"

"ဟဲ့ . . . ဟဲ့ ငါ ဖန့်ကို တွေ့ချင်လိုက်တာ"

"အံမယ် အချိန်ကိုလည်းကြည့်ဦး။ မနက်ရောက်မှတွေ့။ ပိုကိုပိုလွန်းတယ်။ ဟိုက ချစ်တယ်လို့မပြောသေးလို့သာ ဟန်လုပ်နေရတာ။ စိတ်ထဲမှာတော့ အချစ်ပိုးတစ်ရာက စုန်ကြွနေပြီ"

"မေခ ဒီအကျီနှစ်ထည်က ဘာစိတ်ကူးနဲ့ပေးတာလဲဟင်"

"တုံးလိုက်တာ။ ပန်းနုရောင်ဆိုတာ အချစ်ရဲ့သင်္ကေတဟဲ့၊ အဝါရောင်ဆိုတာ သစ္စာရဲ့သင်္ကေတ၊ သိပြီလား။ ပန်းနုရောင်

နတ်သမီးလေးဆိုတာ မသိဘူးလား"

"ဇန်က အဲလိုမျိုးလည်း ကဗျာဆန်တတ်တယ်နော်"

"အချစ်နဲ့တွေ့ရင် လူတွေက အလိုလိုနေရင်း ကဗျာဆရာတွေဖြစ်သွားတတ်တယ်"

"မနက်ဖြန် ဇန့်ကို ငါ ဘယ်မှာတွေ့နိုင်မလဲ"

"ဘာမှမပူနဲ့ မနက်ကို ဝဋ္ဌာတို့လာလိမ့်မယ်။ ဒီအထုပ်ကိုလည်း ဝဋ္ဌာတို့ပဲ လာပေးသွားတာ။ ဒါနဲ့ ခန့်မင်းထယ်"

သူမ ထိုတော့မှ သတိရကာ စာရွက်နှင့်ဘောပင်ကို နှိုက်ထုတ်လိုက်သည်။

"ကိုခန့်

အားမငဲ့ကို ခွင့်လွှတ်ပါ။ ကိုခန့်ကို အားမငဲ့ လှည့်စားခဲ့တာ မဟုတ်ပါဘူး။ အားမငဲ့ ကိုယ့်ကိုယ်ကို မသိခဲ့တာပါ။

အခု အားမငဲ့ အချစ်စစ်ကို တွေ့ရှိသွားပြီ၊ အားမငဲ့ လူတစ်ယောက်ကို သိပ်ချစ်သွားပြီ၊ အားမငဲ့ကို ချစ်သူရင်ခွင်မှာသာ တစ်သက်တာနားခိုခွင့်ပြုပါ။

အားမငဲ့"

ထိုမှ တိုတိတိစာကို သတို့သမီးဝတ်စုံနှင့်အတူ လက်သွ

ကြွယ်မှာ ဝတ်ဆင်ထားတဲ့ လက်စွပ်ဖြူဖြူလေးပါ ချွတ်ထည့်ပြီး ထုပ်ပိုးလိုက်သည်။

"မေခ မနက်ဖြန် ကိုခန့်ဆီပို့လိုက်ပါ"

မေခ စိတ်မကောင်းဖြစ်ရပေမယ့် ဝိဝိပြင်ပြင်ကြီး ပြုံးမိလိုက်ပါတော့သည်။

× × ×

ပွဲပွ့လိုက်

မောင်းဝင်လာသော ဂျစ်ကားအနီလေးကြောင့် ဂစ်တာ တီးနေသော သူက ခေါင်းမတ်လာရသည်။

ကားလေးက သူနှင့်မလှမ်းမကမ်းမှာ ရပ်သွားပြီး မောင်း ထွက်သွားပြန်သည်။

ဝဋ္ဋာပဲဆိုတာ သိပေမယ့် ဝဋ္ဋာ ဘာဖြစ်လို့ သူ့ဆီမလာခဲ့ တာလဲဟု ပဟေဠိဖြစ်သွားသည်။

ပ၂မ၂ယက်စ်ာနက် ကားလေးထွက်ခွာသွားပြီးမှ ပေါ်လာတဲ့ ပန်းန

ကြောင့် သူ့ရင်ထဲ ကုလားဘုရားပွဲလှည့်သလို ဆူ

ထိုမှ ဝ်၄ ဂစ်တာကိုလွှတ်ချကာ ထိုင်နေရာမှ ထရပ်

လိုက်မိသည်။

မှန်ပါသည်။ အားမငှဲရယ်ပါ။

ပန်းနုရောင်ဝတ်စုံလေးနှင့် နှင်းဆီပန်းအဝါတစ်ပွင့်ကိုင် ကာ သူ့ကို ပြုံးပြနေ၍ပါ။

သူ သိပ်အံ့ဩသွားမိပါသည်။

ဒီနေ့ ခန့်မင်းထယ်နှင့် လက်ထပ်ဖြစ်မည် မဟုတ်ဘူး လား။ သူဟာ ကျန်ရစ်သူဟု ထင်နေခဲ့တာ။

သို့သော် သူ့အရှေ့မှာရပ်နေတာ အားမငှဲအစစ်ပါပဲ။ သိပ်လှနေတဲ့ အားမငှဲပါဘဲ။

ထိုစဉ် ဘောင်းဘီအိတ်ထဲမှ ဖုန်းမြည်လာသည်။

ဟိုကောင်တွေဆီကပဲဖြစ်သည်။

"ဇန် မင်းသဘောကျရဲ့လား။ အဲဒါ ငါတို့ရဲ့လက်ဆောင် လေ"

သူ နက်နက်နဲနဲကြီး ပြုံးလိုက်ပါသည်။

"ကျေးဇူးကမ္ဘာပါပဲ"

သူ လှိုက်လှိုက်လှဲလှဲကြီး ပြောဂ

ပန်းနုရောင်ပုံရိပ်လေးက သူ့ရှေ့ ဆွဲပွေ့လိုက်

လာနေပါပြီ။

သူ့ရင်အစုံတို့က ဖြေမဆည်နိုင်လောက်အောင် လှုပ်ရှားနေရပါသည်။

သူမက သူ့ကို အဝါရောင်ပန်းပွင့်လေး လှမ်းပေးလိုက်သည်။

သူက သူမပေးသော ပန်းပွင့်လေးကို လှမ်းယူ၍ ရှိုက်နမ်းလိုက်သည်။

"အဲဒါ ကျွန်မရဲ့သစ္စာပဲ ဖန်"

"အားမင့် ဒီနေ့ သိပ်လှတယ်"

"ရှင်ဒီလိုပြောလာမယ့် နေ့လေးကို မျှော်လင့်နေရတာပါ"

"ကိုယ် အစောကြီးက ပြောချင်ခဲ့တာပါ။ ကိုယ် မင်းကို မင်းကို . . . ဟို . . . သိပ်ချစ်တယ်"

"သွား . . . ခုမှ"

"တကယ်ပါ။ ခုတင်လှေကားထဲကထွက်လာတဲ့ အချိုး မ၂မသကဲစာနာ

ဒိ ကိုယ်ရင်ခုန်ခဲ့ရဖူးတာပါ။ မင်းရဲ့ပင့်သက်

ငြ-

:က ကိုယ်ကြားနေရတယ်။ မင်းကို ချစ်

ထိုမျှ ဝဲ့

ယ် အားမင့်။ တကယ်ပါ"

"ဟွန့် . . . ခုမှ"

"မင်းကို ကိုယ့်ဘဝနဲ့ထပ်တူ ချစ်ရတာပါ။ မင်း ကိုယ့်ကို

ချစ်ပါလား"

"သွား . . . ဘာကြီးမှန်းမသိဘူး။ ဒီကဖြင့် အဖြေတောင်

ပြီးနေပြီ"

"ဘယ်မှာလဲ ကိုယ်မကြားလိုက်ဘူး"

"ဖန်နော်"

"ကိုယ် မျက်စိမှိတ်ထားမယ်။ ကိုယ့်ကို တိုးတိုးလေးပြော

က်ပါလား။ ကိုယ် ကြားချင်လို့ပါ"

ဟုဆိုကာ သူ မျက်စိမှိတ်ထားလိုက်သည်။

ဒီတော့မှ အားမင့်က မရဲတရဲလေးနှင့် ခြေဖျားလေး

ကော်ကာ သူ့နားနားကပ်ပြီး . . .

"သိပ်ချစ်တယ်"

ထိုအသံလေးက သိပ်တိုးပေမယ့် သူ့နှလုံးသားထဲ ထိုး

ကော်ဝင်ရောက်သွားရပါသည်။

သူနှင့် သိပ်နီးကပ်နေသော အားမင့်ကို သူ ဆွဲပွေ့လိုက်

သည်။

သူ မလွှတ်ချင်တော့ပါ။ အားမငှဲက ပြုံးတုံးေ

တောင်လေးနှင့် သူ့ကို ကြည့်နေပေမယ့် သူ့မျက်လုံးလေး

ကျေနပ်စွာ ပြုံးလို့ရယ်ပါ။

"ကိုယ့်ကို အဲလိုမျက်လုံးပြုံးလေးနဲ့ကြည့်ရင် ကိုယ်

သိပ်အသည်းယားတာနော်"

"ဇန်နော် ဘာကြီးမှန်းမသိဘူး"

သူမရဲ့ ဟန့်တားသောစကားက သိပ်နောက်ကျသွား

ပါသည်။

ဇန်ရဲ့ ခန့်ချောချောမျက်နှာကြီးက ပြည့်ဝင်းဖွံ့ကြွနေ

သူမရဲ့ မျက်နှာလှလှလေးနား နီးကပ်၍လာခဲ့ချေပြီ။

ဝတ်မှုန်လေးတွေက ရှက်လို့တဲ့။ ပွင့်ဖတ်ကလေး

ဖြင့် ကာကွယ်ထားကြတော့သည်။

ရသတို့နှင့် ပြည့်စုံပါစေ။

မယ်မို